မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃) အမှတ် (၄၈)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ တနင်္ဂနွေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ယနေ့ မာတိကာ

၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ စာ - ၇

လူ့အခွင့်အရေးအား လေးစားလိုက်နာရန်နှင့် အခြေခံလွတ်လပ်ခွင့်များအား ရရှိစေရန် ဆောင်ရွက်မည့် မြန်မာအစိုးရ၏ ကြေညာချက်များနှင့် အာမခံပြောကြားချက်များအား ကိုယ်စားလှယ်အဖွဲ့က ကြိုဆို စာ - ၈

မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ တူရကီစစ်သင်္ချိုင်းအား ပြန်လည်ထိန်းသိမ်းခြင်း လုပ်ငန်းများ စတင်ဆောင်ရွက် စာ - ၉

ကျေးလက်မီးလင်းရေးနှင့် လျှပ်စစ်ကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ တိုနီဘလဲနှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူများ၏ လူမှုစီးပွားဘဝ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်မီးလင်းရေးနှင့် လျှပ်စစ်ကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ တိုနီဘလဲအား နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆု ဆရာမကြီးဒေါ်ခင်ဆွေဦး၊ ဆရာကြီးဦးအောင်သင်းနှင့် ဆရာကြီး သိပ္ပံမျိုးတင်တို့ရရှိ

စာမျက်နှာ ➤ ၇

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၌ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပ

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဗုဒ္ဓဘာသာဝင်ပြည်သူများနှင့် သူတော်စင်အပေါင်းတို့က ရိုးရာယဉ်ကျေးမှုကို အလေးအနက်တန်ဖိုးထားကာ နှစ်စဉ်ကျင်းပပူဇော်လျက်ရှိသည့် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကြီးကို ယနေ့ ညနေ ၄ နာရီတွင် စေတီတော်ကြီး၏ ရင်ပြင်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယခုကျင်းပသည့် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကြီးမှာ (၂၉)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ရက်ကန်းစင်ပေါင်း ကိုးစင် ဝင်ရောက်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သည့်စင်တော်များမှာ (၁)စေတနာရှင်ဆွမ်းတော်ကပ်အသင်းမှ စေတနာရှင်စင်တော်အဖွဲ့၊ (၂)ရှင်အဇ္ဇဂေါဏသာသနာပြုအသင်းမှ ရှင်အဇ္ဇဂေါဏ

စာမျက်နှာ ၃ ကော်လံ ၁ ▲

ရွှေတိဂုံစေတီတော် (၂၉)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကြီးမှ ပြိုင်ပွဲဝင်ရက်ကန်းစင်တစ်ခုကို တွေ့ရစဉ်။

မုန်တိုင်းငယ် အိန္ဒိယနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီးဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၆

ယနေ့ ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ တမီးနာဒူးကမ်းခြေမြောက်ပိုင်းကို နာဂါပတ္တနမ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကြော်ငြာ အချပ်ပို ပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကိုယ်ကျန်းမာ စိတ်ချမ်းသာ

ကိစ္စမြားမြောင်လူတို့ဘောင်ဆိုသော ဆိုရိုးစကားအတိုင်း လူတိုင်း လူတိုင်းသည် နေ့စဉ်နှင့်အမျှ ရှန်းကန်လှုပ်ရှားနေကြရခြင်းကြောင့် စိတ်ချမ်းချမ်းသာသာအေးအေးချမ်းချမ်းနေရသည့် အချိန်ကား လွန်စွာနည်းပါးလှပေသည်။ လူတိုင်းသည် ယေဘုယျအားဖြင့် လုပ်ငန်းစီးပွားအဆင်ပြေညီညွတ်လျှင်သော် လည်းကောင်း အခြားသောအကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း စိတ်ချမ်းသာခြင်းကို ရတတ်ပါသည်။ သို့သော် မည်မျှပင်အဆင်ပြေညီညွတ်စေကာမူ အခြေခံအားဖြင့် ကိုယ်ကျန်းမာမှုမရှိလျှင် စိတ်ချမ်းသာမှုမဖြစ်နိုင်ပါ။ မည်မျှပင်စည်းစိမ်ဥစ္စာပြည့်စုံစေကာမူ ကိုယ်ကျန်းမာမှုမရှိလျှင် အချည်းနှီးသာဖြစ်ပါသည်။

လူအများစုသည် စီးပွားဥစ္စာနောက်သို့လည်းကောင်း၊ ရာထူးဂုဏ်ဒြပ်များ နောက်သို့လည်းကောင်း၊ အပျော်အပါးများနောက်သို့လည်းကောင်း တကောက်ကောက်လိုက်နေကြခြင်းကြောင့် မိမိကျန်းမာရေးကိစ္စကို သတိမေ့လျော့နေတတ်ကြပါသည်။ ကျန်းမာခြင်း၏တန်ဖိုးကို မကျန်းမာသောအခါမှ သိတတ်ကြပါသည်။ ကျန်းမာရေးကောင်းနေစဉ် ကျန်းမာခြင်းကို တန်ဖိုးထားတတ်ကြဖို့ လိုပါသည်။ ကျန်းမာရေးဆိုသည်မှာလည်း အမြဲကောင်းမနေတတ်ပါ။ သင်္ခါရသဘောအရ ဖောက်ပြန်ပျက်စီးတတ်သည့် သဘောရှိပါသည်။ လူ့ခန္ဓာကိုယ်သည် ဇီဝစက်ကြီး ဖြစ်ရာ သက်မဲ့စက်ကိရိယာတိုင်းသည် ပြုပြင်မှု၊ ထိန်းသိမ်းမှု၊ ဖြည့်ဆည်းမှုတို့ကို အမြဲမပြတ်ဆောင်ရွက်ပေးနိုင်ပါမှ ပုံမှန်လည်ပတ်နိုင်ပါသည်။

ထို့အတူ လူ့ခန္ဓာကိုယ်သည်လည်း ပြုပြင်မှု၊ ထိန်းသိမ်းမှုနှင့် ဖြည့်ဆည်းမှုများလိုအပ်ပါသည်။ နေ့စဉ်နှင့်အမျှ ခန္ဓာကိုယ်အတွက် လိုအပ်သောအစာအာဟာရတို့ကို မျှတမှန်ကန်စွာစားသုံးပေးခြင်းသည် ဖြည့်ဆည်းမှုတစ်ခုဖြစ်ပါသည်။ မိမိနှစ်သက်ရာလေ့ကျင့်ခန်းတစ်ခုခုပြုလုပ်ပေးခြင်းသည် ပြုပြင်မှုဖြစ်ပါသည်။ အသွားအလာ၊ အနေအထိုင်၊ အစားအသောက်တို့ကို အသိတရားဖြင့် ဆင်ခြင်သုံးသပ်လုပ်ကိုင်ခြင်းသည် ထိန်းသိမ်းမှုပင်ဖြစ်ပါသည်။

ရွှေဟင်္သာဆရာတော်ကြီးကလည်း လူတို့အသက်ရှည်ခြင်းအကြောင်းတရားလေးပါးကို ဤသို့လမ်းညွှန်ဟောကြားခဲ့ပါသေးသည်။

မတည့်တာမစားနဲ့....။

တည့်တာလည်းသင့်တော်ရုံပဲစား....။

ဒေါသမကြီးနဲ့.....။

မေတ္တာများများပွား....ဟူ၍ ဖြစ်ပါသည်။

လူတို့ရောဂါရခြင်း၊ သေဆုံးရခြင်းတို့မှာ အဓိကအားဖြင့် အစားအသောက်ကြောင့်ဟု ပြောဆိုနိုင်ပါသည်။ အစားမှား၍သော်လည်းကောင်း၊ အစားများ၍သော်လည်းကောင်း လူကိုဘေးဥပဒ်ဖြစ်စေနိုင်ပါသည်။ အစားအသောက်တစ်ခုသည် စားတိုင်းလည်းမကောင်းပါ။ သင့်တင့်မျှတစွာစားသုံးခြင်းသာ အကောင်းဆုံးဖြစ်ပါသည်။ ငွေကြေးတတ်နိုင်သော်လည်း အစားကောင်းအသောက်ကောင်းတွေချည်း အလွန်အကျွံစားသုံးရန်မသင့်ပါ။ အန္တရာယ်ရှိပါသည်။ ကျန်းမာရေးသည် ဝယ်ယူ၍ရသည့် ပစ္စည်းမဟုတ်ပါ။ ကိုယ်ကိုယ်တိုင်လေ့ကျင့်ယူရသည့်အရာဖြစ်ပါသည်။ လူတိုင်းလူတိုင်းကိုယ်ကျန်းမာမှ စိတ်လည်းချမ်းသာမည်ဖြစ်ပါကြောင်း။ ။

[illegible]

ပျောက်ဆုံး

၁။ ဇော်နောင်ထွေး(ဘ) ဦးအောင်သန်း ၁၂/ကမန(နိုင်)၁၀၃၈၇၇ MA -151315

၂။ ကျော်မြင့်(ဘ)ဦးသိန်းအောင် ၉/တကန(နိုင်)၁၀၉၃၀၀ MA-129819

၃။ ကိုဖြိုး(ဘ)ဦးလှဝင်း ၁၂/တကန(နိုင်)၁၅၄၂၈၅ MA-012766၊

၄။ သန်းသန်းစိုး(ဘ)ဦးရွှေကို ၉/တကန(နိုင်)၁၇၉၉၈၄ MA-364241

တို့၏ နိုင်ငံကူးလက်မှတ်(စာအုပ်)များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၄၇၉၆၃

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် နိုဝင်ဘာ ၁၆

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောဟူသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက် ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၆၇-၄၁၄၇၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘုရားအလောင်းတော် ဖွားမြင်တော်မူရာဌာနတွင် မယ်တော်မာယာဖွားတော်မူဟန်နှင့် ဘုရားအလောင်းတော် ခြေခုနစ်လှမ်းကြွ၍ ကြွေးကြော်တော်မူဟန် ရုပ်တုတော်၊ မြတ်စွာဘုရားပရိနိဗ္ဗာန် စံဝင်တော်မူရာဌာနတွင် ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့ကို စကျင်ကျောက်ဖြင့် ထုဆစ်လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ စေတနာရှင်ပြည်သူများမှ အထက်ဖော်ပြပါအလှူခံဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

လုပ်သားအင်အားစာရင်းကောက်ယူရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် နိုဝင်ဘာ ၁၆

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လုပ်သားအင်အား စစ်တမ်းကောက်ယူရန်အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)တို့အကြား နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက နေပြည်တော် အမရာဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်အားပေးသည်။ အခမ်းအနားတွင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)မှ အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိ Mr.Steve Marshall တို့က နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

လေ့လာ

ယခုနားလည်မှု စာချွန်လွှာပါ လုပ်ငန်းစဉ်များမှာ အလုပ်ဌာန စစ်တမ်းများ (Establishment Surveys)၊ အလုပ်အကိုင် အခကြေးငွေဆိုင်ရာစစ်တမ်းများ (Occupational Wages Surveys)၊ ပုံမှန်သတ်မှတ်ထားခြင်းမရှိသော လုပ်ငန်းကဏ္ဍများဆိုင်ရာစစ်တမ်းများ (Informal Sector Surveys)၊ ကလေးလုပ်သားစစ်တမ်းများ(Child Labour Surveys)နှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်းများ (School-to-Work Transition Surveys) ကောက်ယူခြင်းများဖြစ်ပြီး အလုပ်သမားနှင့် အလုပ်အကိုင်ဆိုင်ရာ မူဝါဒများ၊ ဥပဒေများ၊ မြန်မာနိုင်ငံ၏ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ရရှိရေး အစီအစဉ်အရ ဆောင်ရွက်နေမှုများအပေါ် လေ့လာဆန်းစစ်ချက်များ၊ သုတေသနလုပ်ငန်းများနှင့် အလုပ်အကိုင်ဆိုင်ရာ အညွှန်းကိန်းများ ရရှိရေးအတွက် စိစစ်လေ့လာရေးလုပ်ငန်းများလည်း ပါဝင်မှာဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရောဝတီတံတား(ပခုက္ကူ)ပေါ်မှာလည်း ဆိုင်ကယ်စီးဦးထုပ်ဆောင်းစေချင်သည်

ထင်သာမြင်သာပြုပြင်စရာ

ပခုက္ကူမြို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသကဲ့သို့ နိုင်ငံခြားခရီးသွား ဧည့်သည်အများအပြား ဝင်ထွက်သွားလာနေရသည့် ခရီးသွားမြို့တစ်မြို့လည်းဖြစ်သည့်အပြင် ခရီးသည် ပို့ဆောင်ရေး လေယာဉ်ကွင်းတည်ရှိရာ မြို့လည်းဖြစ်သည်။ ထို့ကြောင့် ပခုက္ကူမြို့သည် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်ယာဉ်၊ ဆိုက်ကားယာဉ် စသည်ဖြင့် ယာဉ်မျိုးစုံထူထပ်များပြားစွာ မောင်းနှင်စီးနင်းရာ မြို့လည်းဖြစ်သည်။ ထိုသို့ ယာဉ်မျိုးစုံမောင်းနှင်သွားလာရာ မြို့ဖြစ်သော်လည်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းနေသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် မြို့၏ဂုဏ်ယူဖွယ်ရာ ရောဝတီတံတား(ပခုက္ကူ) ပေါ်တွင် ဆိုင်ကယ်မောင်းနှင်စီးနင်းသူ တချို့သည် ဆိုင်ကယ်စီးဦးထုပ် မဆောင်းဘဲ မောင်းနှင်နေသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)** မြစ်ကူးတံတားဖြစ်သည့်အလျောက် တံတားပေါ်တွင် ဖြတ်သန်းမောင်းနှင်သည့် ယာဉ်မျိုးစုံ

သည် တစ်စုံတစ်ခုသော အရှိန်နှုန်းဖြင့် မောင်းနှင်နေကြသည်ဖြစ်ရာ ဆိုင်ကယ်စီးဦးထုပ် မဆောင်းဘဲ ဆိုင်ကယ်စီးနင်း မောင်းနှင်သူများအတွက် ယာဉ်အန္တရာယ်ကြုံတွေ့ခဲ့ပါက အသက်အန္တရာယ်နှင့် နီးလှသည်။ ထို့ကြောင့် ရောဝတီတံတား (ပခုက္ကူ) ပေါ်တွင် ဆိုင်ကယ်စီးဦးထုပ် ဆောင်းစေချင်သည်။ ဆိုင်ကယ်မောင်းနှင်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသည့်အတွက် အသက်ဘေးအန္တရာယ်ကင်းဝေးစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း ရေးသားလိုက်ရပါသည်။

ချမ်းသာ(မိတ္ထီလာ)

ရုရှား – မြန်မာသံတမန်ဆက်ဆံမှု (၆၅) နှစ်မြောက် အထိမ်းအမှတ် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၆

ရုရှား-မြန်မာသံတမန် အဆက်အသွယ်ထူထောင်သည့် (၆၅)နှစ်မြောက် အထိမ်းအမှတ် ညနေခင်းတေးဂီတဖျော်ဖြေပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် ညနေ ၆ နာရီခွဲက ဒဂုံမြို့နယ် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Vasily Borisovich Pospelovက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရုရှားအနုပညာရှင်များနှင့် ရုရှားရေတပ်မှစစ်ရေယာဉ် ASW Ship Admiral Vinogradov မှ ဖျော်ဖြေရေးအဖွဲ့များက ရုရှားရိုးရာ တေးဂီတများဖြင့် တီးခတ်သီဆိုတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှု အပြီးတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရုရှားသံအမတ်ကြီး၏ဇနီး Md. Irina Pospelovနှင့် တာဝန်ရှိသူတို့က အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့ကြသည်။

(သတင်းစဉ်)

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ တိုနီဘလဲဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ(IRI) ၏ ညွှန်ကြားရေးမှူးများ ဘုတ်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ သံအမတ်ကြီး Mr.Richard Williamson အား တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား

IRI ၏ ညွှန်ကြားရေးမှူးများဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား International Republican Institute (IRI) ၏ ညွှန်ကြားရေးမှူးများဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ သံအမတ်ကြီး Mr. Richard Williamson သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ကော်မတီဆောင်အမှတ် (၁)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ လွှတ်တော်၏ ဦးစားပေးလုပ်ငန်းစဉ်များ၊ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် ဖြစ်ပေါ်လာနိုင်သည့် အခွင့်အရေးများ၊ စိန်ခေါ်မှုများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကြည်ထွဋ်ဝင်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အစွန်းရောက်ခြင်းကို ဆန့်ကျင်ခြင်းနှင့်ဘာသာကွဲများအကြား နားလည်မှုတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ တိုနီဘလဲ ပြောကြား

ရန်ကုန် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေးကာလတွင် အဓိက ရင်ဆိုင်နေကြရသည့် စိန်ခေါ်မှုဖြစ်သည့် ဘာသာကွဲများအကြား ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် "ဘယ်လောက်ပဲ ခက်ခဲပါစေ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး" ဟု ဗြိတိန်ဝန်ကြီးချုပ်ဟောင်းက ပြောကြားသည်။

အစွန်းရောက်ခြင်းကို ဆန့်ကျင်ခြင်းနှင့် ဘာသာကွဲများအကြား နားလည်မှု တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ နိုဝင်ဘာ ၁၅ ရက်တွင် နိုင်ငံရေးပါတီများ၊ ဘာသာရေးအသင်းအဖွဲ့များအား ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ တွေ့ဆုံပွဲတွင် ဗြိတိန်ဝန်ကြီးချုပ်ဟောင်းတိုနီဘလဲက ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"မတူညီတာတွေ စုပေါင်းထားတာကို ဒီမိုကရေစီလို့ခေါ်ပါတယ်။ မတူညီတဲ့ လူမျိုးယဉ်ကျေးမှုတွေအကြား ကောင်းမွန်တဲ့ ဆက်ဆံရေးဖြစ်အောင် တည်ဆောက်သင့်ပါတယ်။ ၂၀ ရာစုရဲ့ ကြီးမားတဲ့ စိန်ခေါ်မှုတွေကို မတူညီတဲ့လူတွေ ပူးပေါင်းလုပ်ဆောင်ရင်းဖြင့် တစ်ဦးပေါ်တစ်ဦး အမြင်ချင်းဖလှယ် လေ့လာသင်ယူကြရပါမယ်။ ရှေ့ဆက်ခရီးကို အတူတကွ သင့်သင့်မြတ်မြတ်နဲ့ ရှေ့ဆက်နိုင်အောင် စဉ်းစားရပါမယ်။ တစ်ဦးနဲ့တစ်ဦး ခွင့်လွှတ်ဖို့ တစ်ဦးရဲ့ခံစားချက်ကို တစ်ဦးက နားထောင်နိုင်ဖို့လိုပါတယ်။ ငြိမ်းချမ်းရေး တည်ဆောက်တယ်ဆိုတာ အချိန်ပေးရတဲ့ လုပ်ငန်းဖြစ်ပေမယ့် မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး" ဟု ၎င်းကဆက်လက်အကြံပြုသည်။

လူမျိုးယဉ်ကျေးမှု မတူညီသည့် ဘာသာကွဲများအကြား ကောင်းမွန်သည့် ဆက်ဆံရေး၊ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် မြောက်အိုင်ယာလန်၊ ပါလက်စတိုင်း၊ အစ္စရေးနိုင်ငံတို့နှင့် ဥပမာများပေးကာ ဆွေးနွေးသွားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာနမှ ဒေါက်တာကျော်ရင်လှိုင်က မေးခွန်းများကို မေးမြန်းရာ ဗြိတိန်ဝန်ကြီးချုပ်ဟောင်းက ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

ဥရောပသမဂ္ဂ(အီးယူ) ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်မြို့နှင့်နေပြည်တော်တို့၌ ကျင်းပသည့် မြန်မာ-အီးယူလုပ်ငန်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သော ဥရောပသမဂ္ဂ(အီးယူ) ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ **(ယာပုံ)** မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ သံအမတ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများ မြန်ဆန်သွက်လက်အောင် ဆောင်ရွက်ပေးမည်

ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ရသဖြင့် အချိန်ကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ဤသို့ ကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကို အချိန်လျှော့ချဆောင်ရွက်နိုင်ရေးအတွက် ၁၈-၅-၂၀၁၃ ရက်နေ့မှစတင်ကာ တစ်နေရာတည်းတွင် လုပ်ငန်းပြီးပြတ်သည့်စနစ်ကို ကျင့်သုံး၍ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(ယာယီ)ကို နေ့ချင်းပြီး ထုတ်ပေးကာ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို ဆောင်ရွက်ပြီးချိန်တွင် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မူရင်းကို အစားထိုးလဲလှယ်ထုတ်ပေးခဲ့ပါသည်။ ဤသို့ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏စီးပွားရေးလုပ်ငန်းများ စတင်နိုင်ရန်အတွက် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(ယာယီ)ကို အသုံးပြု၍ ဆောင်ရွက်နိုင်သော်လည်း မှတ်ပုံတင်ကတ်မူရင်းရရှိရေးအတွက် အချိန်နှစ်လခန့် စောင့်ဆိုင်းခဲ့ရပါသည်။

ပုဂ္ဂလိကကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများအား ယခင်နှစ်လခန့် အချိန်ယူဆောင်ရွက်ခဲ့ရာမှ ၂၅-၁၁-၂၀၁၃ ရက်နေ့မှစတင်ကာ သုံးရက်အတွင်း အပြီးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ကုမ္ပဏီမှတ်ပုံတင်ရာတွင် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(ယာယီ)ထုတ်ပေးတော့မည်မဟုတ်ဘဲ မူရင်းမှတ်ပုံတင်ကတ်ပြားကို ကုမ္ပဏီမှတ်ပုံတင်စတင်လျှောက်ထားသည့်နေ့မှစ၍ သုံးရက်အတွင်း စိစစ်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့(၂၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ (၂၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် ဦးထောင်ဘိုလမ်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ဘုရားကန်တော့ဖွင့်လှစ်ပြီးနောက် ပုဇွန်တောင်မြို့နယ် ဓမ္မိကာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ၎င်းနောက် ဆရာတော်များက ဧည့်ပရိသတ်တို့အား ပရိတ်တရားတော်များ ချီးမြှင့်တော်မူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်နှင့်ဇနီး၊ အငြိမ်းစားရဲအရာရှိကြီးများ၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် ဇနီးများက ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆရာတော်များထံဆက်ကပ်လှူဒါန်းသည်။ ၎င်းနောက်ဆရာတော် ဘဒ္ဒန္တနန္ဒသာရက ကထိန်အလှူ အနုမောဒနာတရားကို ချီးမြှင့်ကာ ဧည့်ပရိသတ်တို့ကလှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ထို့နောက် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ (၂၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားတွင် ပဒေသာပင် ၄၄ပင်ဖြစ်ကြောင်း သိရသည်။ **ဝင်းအောင်**

▲ *ရှေ့ဖုံးမှ*

စင်တော်အဖွဲ့၊ (၃) ဗုဒ္ဓသာသနာ့ဟိတ အသင်းမှ ဗုဒ္ဓသာသနာ့ဟိတ စင်တော်အဖွဲ့၊ (၄) တနင်္ဂနွေ(ညနေ) သန့်ရှင်းရေးအသင်းမှ တနင်္ဂနွေ (ညနေ) စင်တော်အဖွဲ့၊ (၅) ရေကြည်တော်ဝတ်အသင်းမှ ရေကြည်တော် စင်တော်အဖွဲ့၊ (၆) အင်္ဂါသမာဓိ စင်တော်မှ အင်္ဂါသမာဓိစင်တော်အဖွဲ့၊ (၇)ဗုဒ္ဓဟူး(ညနေ)သန့်ရှင်းရေးအသင်းမှ ဗုဒ္ဓဟူး(ညနေ) စင်တော်အဖွဲ့၊ (၈)ဗောဓိမဏ္ဍိုင်သန့်ရှင်းရေးနှင့်ဆွမ်းတော်ကပ်အသင်းမှ ဗောဓိမဏ္ဍိုင်စင်တော်အဖွဲ့နှင့် (၉) ခမ္မဂုဏ်ရောင်ဝတ်အသင်းမှ ခမ္မဂုဏ်ရောင်စင်တော်အဖွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

"ပြိုင်ပွဲယှဉ်ပြိုင်ရက်လုပ်ရာမှာ အဖွဲ့တစ်ဖွဲ့ စင်တော်တစ်စင်တွင် အုပ်ချုပ်သူ၊ ကြီးကြပ်သူ၊ ရက်ကန်းဆရာတစ်ဦးစီတို့နှင့် ပြိုင်ပွဲဝင်ရက်လုပ်မည့်သူသုံးဦးအပါအဝင် စုစုပေါင်း ခြောက်ဦးသာဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုတာပါ။ ပြိုင်ပွဲကို ညနေ ၄ နာရီတိတိမှာ စတင်ပြီး ည ၈ နာရီတိတိမှာ ပြိုင်ပွဲကို ရပ်ပြီး ဒိုင်အဖွဲ့က လိုက်လံစစ်ဆေးအမှတ်ပေးတာဖြစ်ပါတယ်။ စတင်ယှဉ်ပြိုင်တဲ့ အခါမှာလည်း စမှတ်နဲ့ ဆုံးမှတ်ဆိုပြီး သတ်မှတ်ပေးထားပါတယ်။ အဲဒီထဲမှာ အခြားပြိုင်ဘက်တွေထက်ပိုပြီးတော့ပြီးမယ်၊ သပ်သပ်ရပ်ရပ်လည်းဖြစ်မယ်ဆိုတဲ့ အသင်းတွေကို အဆင့်လိုက် အခုလို ရွေးချယ်ဆုချီးမြှင့်တာ ဖြစ်ပါတယ်" ဟု ပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဒေါ်တင်တင်အေးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဂုဏ်ပြုမှတ်တမ်း

ယခုကျင်းပသည့် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကြီးတွင် ပထမဆုကို ဗုဒ္ဓဟူး(ညနေ) စင်တော်အဖွဲ့၊ ဒုတိယဆုကို တနင်္ဂနွေ (ညနေ)စင်တော်အဖွဲ့နှင့် တတိယဆုကို (ခမ္မဂုဏ်ရောင်)စင်တော်အဖွဲ့တို့က ဆုများ ရရှိခဲ့သည်။ ပထမဆုကို ဆုငွေကျပ်သုံးသိန်းနှင့်အတူ ဖလားတစ်လုံး၊ ဂုဏ်ပြုမှတ်တမ်းလွှာတစ်ခု၊ ဒုတိယဆုကို ဆုငွေကျပ် နှစ်သိန်းခွဲနှင့်အတူ ဖလားတစ်လုံး၊ ဂုဏ်ပြုမှတ်တမ်းလွှာတစ်ခု၊ တတိယဆုကို ဆုငွေကျပ် နှစ်သိန်းနှင့်အတူ ဖလားတစ်လုံး၊ ဂုဏ်ပြုမှတ်တမ်းလွှာတစ်ခုစီတို့ သတ်မှတ်ဆုချီးမြှင့်ခဲ့ပြီး ကျန် ဝင်ရောက်ယှဉ်ပြိုင်သည့် စင်တော်အဖွဲ့များကို နှစ်သိမ့်ဆုအဖြစ် ဆုငွေကျပ် တစ်သိန်းခွဲစီ၊ ဖလားတစ်လုံးစီနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ အသီးသီးဖြင့် ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

အောင်ဗောဓိဆုတောင်းပြည့်စေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များတင်လှူ

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ကျက်သရေဆောင်အောင်ဗောဓိဆုတောင်းပြည့်စေတီတော် ရွှေစင်ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းတော်ကပ်လှူပူဇော်ခြင်းနှင့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား စေတီတော်၏အထွတ်သို့ ပြန်လည်တင်လှူပူဇော်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါစေတီတော်လိုဏ်အတွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများထွန်းညှိပူဇော်ပြီး တာဝန်ရှိသူများနှင့်အတူ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ခေါင်းလောင်းပဒေသာတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား သြဝါဒါစရိယဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ခေါင်းလောင်းပဒေသာတော်တို့အား ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဦးဆောင်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ခေါင်းလောင်းပဒေသာတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်ကြီး၏အထွတ်သို့တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစု အငှမအကြိမ် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်နှင့် ဇနီးတို့အားအမှူးထား၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများ၏ အငှမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ နိုဝင်ဘာ ၁၆ ရက် (စနေနေ့)တွင် နေပြည်တော်တပ်ကုန်းရှိ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေအင်းရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တနေမိန္ဒနှင့် တက်ရောက်လာကြသော ဝန်ထမ်းမိသားစုများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ ပဓာနနာယက ဆရာတော်က ဝန်ထမ်းမိသားစုများကို ငါးပါးသီလချီးမြှင့်ပြီးနောက် ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။ ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့်ဇနီး **(ဝဲပုံ)**၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသူများက ဆရာတော်သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်က ကထိန်သင်္ကန်း လှူဒါန်းရခြင်းအကျိုးတရားများကို ဟောကြားချီးမြှင့်၍ ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်မှ သံဃာတော်အပါး ၁၂၀ ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းမိသားစုများက ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များဆက်ကပ်လှူဒါန်းပြီး ဌာနအလိုက်လှူဒါန်းကြသော ပဒေသာပင်များကို ဦးဆောင်ညွှန်ကြားရေးမှူးက လိုက်လံ ကြည့်ရှုပြီးနောက် ဝန်ထမ်းမိသားစုများနှင့်အတူ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးခဲ့ကြသည်။

သိမ့်သိမ့်မိုး၊ ဖြိုးဖြိုးခိုင်(မြန်မာ့အလင်း)

❒ *ကျောဖုံးမှ*

အင်းလေးဒေသတွင် နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားများသည် အင်းလေးကန်နှင့်ခွဲခြား၍မရဘဲ အပြန်အလှန်အမှီသဟဲပြုနေရသည်ကို ဒေသခံပြည်သူများ သိရှိနားလည်ရန် အထူးလိုအပ်ပါကြောင်း။

သို့ဖြစ်၍ အင်းလေးကန်သာယာလှပရေးနှင့်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နည်းလမ်းများကို ဝိုင်းဝန်းရှာဖွေဆောင်ရွက်ကြရန် အထူးပင်လိုအပ်လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူအားလုံးမပါဝင်လျှင်လည်း အောင်မြင်နိုင်မည်မဟုတ်ပါကြောင်း၊ အားလုံးပူးပေါင်းပါဝင်မှ နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေပေးနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ဒေသခံပြည်သူများနှင့် ပါဝင်ထိုက်သူများပါဝင်သောအဖွဲ့များ ဖွဲ့စည်းပြီး အင်းလေးကန်သာယာလှပရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ကန်ရေပြင်သန့်ရှင်းရေး၊ ဂေဟစနစ်များ မပျက်စီးရေး၊ ရိုးရာဓလေ့များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ဆက်လက်မှာကြားခဲ့သည်။

အင်းလေးကန်သည်ထူးခြားသည့် ဘူမိသွင်ပြင်အနေအထားရှိပြီး လှပသည့် ပတ်ဝန်းကျင်ကိုလည်း ပိုင်ဆိုင်ထားသည့် နေရာတစ်ခုဖြစ်သည်။ ထို့ပြင် အာဆီယံအမွေအနှစ်ဥယျာဉ်တစ်ခုလည်းဖြစ်သည်။ အင်းလေးဒေသသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမှာ ၂၀၁၁ ခုနှစ်က ၂၉၈၇၂ ဦးရှိခဲ့ရာမှ ယခုနှစ် အောက်တိုဘာလအထိ ၆၆၉၁၉ ဦးအထိ ပိုမိုတိုးတက်လာခဲ့သည်ကို တွေ့ရသည်။

ယခုအခါ လူဦးရေတိုးတက်လာခြင်း၊ မြေအသုံးချမှုများပြားလာခြင်း၊ ရေဝေရေလဲသစ်တောဖုံးလွှမ်းမှုဧရိယာလျော့ကျလာခြင်း၊ ရေတိုက်စားကာ အပေါ်ယံမြေဆီလွှာဆုံးရှုံးပြီး သဲနုန်းပို့ခြင်းတို့ကြောင့် အင်းလေးကန်ရေပြင်သည် တဖြည်းဖြည်းကျဉ်းမြောင်းလာသည်ကို တွေ့ရသည်။

အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်းတွင်းရေချိုကန်ကြီးဖြစ်သည်။ ရေပြင်ဧရိယာအနေဖြင့် မူလက ၁၀၄ စတုရန်းမိုင်၊ ယခု ၂၄ စတုရန်းမိုင်၊ တောင်-မြောက် အလျားအနေဖြင့် မူလက ၃၆ မိုင်၊ ယခု ၁၁ မိုင်၊ အရှေ့-အနောက်အနံအနေဖြင့် မူလက ရှစ်မိုင်၊ ယခု လေးမိုင်၊ ရေအနက်ပေအနေဖြင့် မူလက ရေအနက်ဆုံးပေ ၂၀၊ ယခု ၁၂ပေ၊ မူလက ရေအတိမ်ဆုံး ၁၂ပေ၊ ယခုခြောက်ပေသာရှိတော့သည့်အတွက် အင်းလေးကန်တည်တံ့ရေးသည် အရေးကြီးဆုံးကိစ္စတစ်ရပ်ဖြစ်လျက်ရှိသည်။

အင်းလေးကန်သည် ယဉ်ကျေးမှုအလေ့အထ ထူးခြားသောဒေသဖြစ်ခြင်း၊ ရေအားလျှပ်စစ်ရရှိစေသည့်ရေကန်ကြီးဖြစ်ခြင်း၊ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားပြီး အာဆီယံ၏ အမွေအနှစ်ဖြစ်ခြင်း၊ ဒေသနေတိုင်းရင်းသားများ၏ စားဝတ်နေရေးကို ထောက်ပံ့ပေးနေသည့် နေရာဖြစ်ခြင်း၊ ခရီးသွားလုပ်ငန်းအတွက် ထူးခြားသည့်နေရာဖြစ်ခြင်း စသည့် အင်းလေးကန်၏အရေးပါမှုများကြောင့် အင်းလေးကန်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် အင်းလေးကန်အာဏာပိုင်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရေး အကြံပြုချက်များရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ရွာမဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည့် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ရွှေဘုံသာပရိယတ္တိစာသင်တိုက်ဆရာတော်ထံ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အင်းလေးဒေသကျေးရွာများ၏ လူနေမှုစနစ်နှင့်ရိုးရာလက်မှုလုပ်ငန်းများကို စက်လှေဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် အင်းလေးဟိုတယ်ဇုန်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးပြီး ညောင်ရွှေမြို့ ဟိုတယ်ဇုန်တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၌ ဟိုတယ်ဇုန်ဖော်ထုတ်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးများက တင်ပြကြသည်။

အဆိုပါ ဟိုတယ်ဇုန်စီမံကိန်းသည် ညောင်ရွှေမြို့၏တောင်ဘက် ၁၅ မိုင်ခန့်အကွာ အင်းလေးကန်၏ အရှေ့ဘက်ရှိ ညောင်ရွှေ-နမ့်ပန်- လွိုင်ကော်ကားလမ်း၏ အရှေ့ဘက်ခြမ်းတွင်တည်ရှိပြီး ကန်ဘဲ့ရွာအနီးမှစတင်ကာ ချောင်းပါးရွာအထိ မြောက်မှတောင်သို့ အလျားနှစ်မိုင်ခန့်၊ အရှေ့မှအနောက်သို့ လေးဖာလုံခန့်ရှိကာ စုစုပေါင်းအကျယ်အဝန်း ဧက ၆၂၀ခန့်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ညောင်ရွှေမြို့သာစည်ရပ်ကွက်ရှိ ယဉ်ကျေးမှုပြတိုက်(ညောင်ရွှေ)၌ ရှမ်းစော်ဘွားကြီးများနှင့် ပတ်သက်၍ မှတ်တမ်းထားရှိမှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။

ညပိုင်းတွင် တောင်ကြီးမြို့ စူဠာမုနိဘုရား၌ပြုလုပ်သည့် မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲဖွင့်ပွဲသို့ တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ *ကျောဖုံးမှ*

လူငယ်တွေအတွက် ဦးတည်ပြီး ရေးသားခဲ့တာပါ။ လူငယ်တွေကို လမ်းမှန်ရောက်စေချင်တယ်။ တိုးတက်စေချင်တယ်။ ဒါကြောင့် မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ဆိုတဲ့ စာအုပ်မျိုးကို ရေးခဲ့တာပါ။ အခုလည်း လူငယ်တွေကို ဦးတည်ပြီး လုံးချင်းရေးနေတယ်။ လူငယ်တွေဆိုတာ အသက် ၁၂ နှစ်မှ ၂၀ အရွယ်အထိပေါ့။ မျိုးဆက်သစ်တွေ အသိပညာရှိဖို့ အရေးကြီးတယ်”ဟု ဆရာဦးအောင်သင်းက ပြောပြသည်။

ဆရာဦးအောင်သင်းသည် တောင်တွင်းကြီးမြို့၌ ၁၉၂၇ ခုနှစ် ဧပြီလတွင် မွေးဖွားခဲ့ရာ အသက် ၈၈ နှစ်ပြည့်တော့မည်ဖြစ်သည်။ ၁၉၄၉-၁၉၅၀ ပြည့်နှစ်ခန့်က ကိုယ်တွေ့ကြုံခဲ့သော ဖြစ်ရပ်ကို “သရက်ထောင်ဖောက်ခဲ့စဉ်က”အမည်ဖြင့် ဝတ္ထုရေးသားကာ မြဝတီမဂ္ဂဇင်းတွင် ၁၉၅၉ ခုနှစ်က

စာရေးဆရာကြီး ဆရာဦးအောင်သင်း။

ဖော်ပြခဲ့ရာမှ စာပေရေးသားခြင်းကို စတင်ခဲ့ခြင်း ဖြစ်သည်။ ယင်းဝတ္ထုမှာ ကိုယ်တိုင်ဖြစ်ရပ်မှန် ကိုယ်တွေ့ဇာတ်လမ်း ဖြစ်သည်။

“ရသစာပေ၊ လူငယ်နဲ့ပတ်သက်တဲ့စာတွေအများကြီး ရေးခဲ့ပေမယ့် လူငယ်တွေအတွက် ထပ်ပြီးရေးဦးမှာဖြစ်ပါတယ်။ ဒီအစိုးရကို သဘောကျတာရှိတယ်။ အဲဒါပညာရေးနဲ့ ကျန်းမာရေးကို ပြုပြင်ပြောင်းလဲမှုပြုလုပ်တာကို ပြောတာ၊ တိုင်းပြည်ကိုချစ်ရင် မျိုးဆက်သစ်တွေကို ချစ်ရမှာဖြစ်တယ်”ဟု ဆရာဦးအောင်သင်းက ပြောပြသည်။

ဆရာ ဦးအောင်သင်းသည် ယခုအချိန်အထိ လုံးချင်းစာအုပ် ၆၀ ကျော်ထွက်ရှိခဲ့ပြီး ဆောင်းပါးပေါင်းများစွာလည်း ရေးသားခဲ့သည်။ ထို့အပြင် ဟောပြောပွဲပေါင်း များစွာကိုလည်း လိုက်လံဟောပြောခဲ့ရာ လူငယ်များအတွက် အသိပညာတိုးပွားပြီး လမ်းကြောင်းမှန်ပေါ် ရောက်အောင် စွမ်းဆောင်မှု ပြုခဲ့သူဖြစ်သည်။

စာရေးဆရာမ ခင်မြဇင်။

ဆက်လက်ပြီး ဝတ္ထုတိုပေါင်းချုပ်ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့သည့် စာရေးဆရာမ ခင်မြဇင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ “ဒီဝတ္ထုတိုပေါင်းချုပ်စာအုပ်မှာ ဝတ္ထုတို စုစုပေါင်း ၃၇ ပုဒ်ပါတယ်။ ဘဝနဲ့ပတ်သက်တဲ့၊ လူမှုဘဝဝန်းကျင်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ရေးဖွဲ့ထားတဲ့စာအုပ် ဖြစ်ပါတယ်။ ဘဝနဲ့ပတ်သက်ပြီး ဖြတ်သန်းရမှု၊ လောဘ၊ ဒေါသတွေစတဲ့ အကြောင်းအရာတွေပါ။ အခုလို အမျိုးသားစာပေဆုရရှိတဲ့အတွက် အံ့သြဝမ်းသာရပါတယ်။ အကျိုးပြုစာပေတွေ ဆက်ရေးသွားမှာပါ” ဟု စာရေးဆရာမကြီး ဒေါ်ခင်မြဇင်က ပြောသည်။

စာရေးဆရာမကြီး ဒေါ်ခင်မြဇင်ကို ဆင်ဖြူကျွန်း၌ ၁၉၅၆ ခုနှစ် မေ ၂ ရက်က မွေးဖွားခဲ့ပြီး ၁၉၇၅-၁၉၇၆ ခုနှစ်က ထုတ်ဝေခဲ့သော စီးပွားရေးတက္ကသိုလ်နှစ်ပတ်လည် မဂ္ဂဇင်း၌ စတင်ရေးသားခဲ့ခြင်းဖြစ်သည်။ ယခုအခါ စာပေရေးသက်တမ်းနှစ် ၄၀ခန့်ရှိပြီး လုံးချင်းလေးအုပ်၊ ဝတ္ထုတိုပေါင်းချုပ်လေးအုပ် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ယခုဆုရရှိသည့် “ကောင်းကင်မိုးတိမ်” စာအုပ်ကို ၂၀၁၂ ခုနှစ်က ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ယခုစာအုပ်ဖြင့် “တော်ဘုရားလေးစာပေဆု”ကို ၂၀၁၃ ခုနှစ် နှစ်ဆန်းက ရရှိခဲ့သည်။ ယခု စာအုပ်တွင် ၁၉၇၉ ခုနှစ် မိုးဝေမဂ္ဂဇင်း “အမေဆရာမ” ဝတ္ထုတိုမှ ၂၀၀၅ ခုနှစ်က ရေးသားခဲ့သော “ဘီယာတစ်ဂျား” ဝတ္ထုတိုအထိ ဝတ္ထုတိုပေါင်း ၃၇ ပုဒ်ဖြင့် စုစည်းထုတ်ဝေထားခြင်း ဖြစ်သည်။

(မြန်မာ့အလင်း)

၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ စိစစ်ရွေးချယ်ထားမှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၆

၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုများ စိစစ်ရွေးချယ်ထားမှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

သတင်းစာရှင်းလင်းပွဲသို့ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူး ဦးဝင်းကြည်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ(စီမံ) ဦးမောင်ဝင်းနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ပြည်တွင်းမီဒီယာများတက်ရောက်ကြသည်။

ရှေးဦးစွာ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်ညွှန်ကြားရေးမှူး ဦးဝင်းကြည်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယအထွေထွေမန်နေဂျာ(စီမံ) ဦးမောင်ဝင်းက ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုများ စိစစ်ရွေးချယ်ပြီးစီးမှုအခြေအနေ၊ ဆုချီးမြှင့်ပွဲကျင်းပမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ပြည်တွင်းမီဒီယာများက သိရှိလိုသည်များကိုမေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ပြည်တွင်းသတင်း

၂၀၁၂ ခုနှစ် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိရေး လောကမှ လုပ်ငန်းရှင် စုစုပေါင်း ၉၅ ဦးဖြင့် ဖွဲ့စည်းပြီး ထိုအဖွဲ့က ပွင့်လင်းမြင်သာစွာ စိစစ်၍ အမျိုးသားစာပေဆုများကို ရွေးချယ်ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ စာပေဗိမာန်စာမူဆုများကို စာပေပညာရှင် ၃၆ ဦးဖြင့် စိစစ်ရွေးချယ်ခဲ့ကြောင်း။

၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုအဖြစ် စာပေပညာရှင် သုံးဦးအား ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး ဆရာမကြီး ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး)၊ ဆရာကြီး ဦးအောင်သင်း(အောင်သင်း)နှင့် ဆရာကြီး ဦးတင်မောင်(သိပ္ပံမျိုးတင်)တို့အား ရွေးချယ်ထားကြောင်း၊ အမျိုးသားစာပေဆုချီးမြှင့်မည့် ဘာသာရပ် ၁၃ ခုအတွက် စာရေးသူ ၁၃ ဦးအား ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပြီး စာပေဗိမာန်စာမူဆု ၁၃ ဆုအတွက် စာရေးသူ ၂၆ ဦးအား ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

ဆုချီးမြှင့်ငွေများအနေဖြင့်လည်း အမျိုးသားစာပေတစ်သက်တာဆုအတွက် ယခင်က ငွေကျပ် ၁၀ သိန်း ချီးမြှင့်ခဲ့ရာမှ ယခုနှစ်တွင် ငွေကျပ် ၁၅ သိန်းသို့လည်းကောင်း၊ အမျိုးသားစာပေဆုအတွက် ယခင်က ငွေကျပ် ငါးသိန်းမှ ယခုနှစ်တွင် ငွေကျပ် ၁၀ သိန်းသို့လည်းကောင်း၊ စာပေဗိမာန်စာမူဆုအတွက် ယခင်က ပထမဆုငွေကျပ် နှစ်သိန်းမှ ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်းခွဲမှ ငွေကျပ် သုံးသိန်းနှင့် တတိယဆုငွေကျပ်တစ်သိန်းမှ ငွေကျပ် နှစ်သိန်းသို့ လည်းကောင်း အသီးသီးတိုးမြှင့် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ နိုင်ငံတော်အဆင့်အခမ်းအနားကျင်းပပြီး ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ရွေးချယ်ပြီးစီးမှုတွေ့ဆုံမေးမြန်း

နေပြည်တော် နိုဝင်ဘာ ၁၆

အမေး၊ အရေး- ဇင်ဦး၊ ဇူလိုင်မိုး

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ဦးစီး၍ ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးကော်မတီ၏ ဆုများ ရွေးချယ်ပြီးစီးမှုနှင့် ဆုနှင်းသဘင်ကျင်းပနိုင်ရေး သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေး ခန်းမ၌ ကျင်းပသည်။

ဆုများစိစစ်ရွေးချယ်မှုနှင့် ဆုပေးပွဲအခမ်းအနားကျင်းပရေးနှင့်ပတ်သက်ပြီး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမျိုးမြင့်မောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင်-

မေး ॥ ॥ ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရာမှာ ကော်မတီဝင်တွေ ဖွဲ့စည်းမှုနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါ။

ဖြေ ॥ ॥ ၂၀၁၂ခုနှစ် အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်တဲ့နေရာမှာ အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီကို အဖွဲ့ဝင် စာပေပညာရှင်၊ အတတ်ပညာရှင် ၉၅ ဦး၊ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးကော်မတီကို အဖွဲ့ဝင်စာပေပညာရှင် အတတ် ပညာရှင် ၃၆ ဦး စုစုပေါင်း စာပေပညာရှင် ၁၃၁ ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ စာပေဗိမာန် စာတည်းမှူးချုပ်အနေနဲ့ကတော စာပေပညာရှင်ကြီးများရဲ့ ဆုရွေး ချယ်မှုအပိုင်းမှာ

ဦးမျိုးမြင့်မောင်

လုံးဝပါဝင်ခြင်းမပြုဘဲ အုပ်ချုပ်ရေးနဲ့ ထောက်ပံ့မှုကိစ္စရပ်တွေကိုပဲ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။

မေး ॥ ॥ ဆုတွေရွေးချယ်တဲ့နေရာမှာ ယခင်နဲ့ယခု ဘယ်လိုပြောင်းလဲမှုတွေ ရှိလာပါသလဲ။

ဖြေ ॥ ॥ ဆုရွေးချယ်တဲ့နေရာမှာတော့ ယခင်ကနဲ့မတူဘဲ ပြောင်းလဲလာတဲ့ ပုံစံတွေရှိပါတယ်။ ဒါကတော့ အဓိကအားဖြင့် အမျိုးသားစာပေဆုတွေ၊ စာပေဗိမာန်စာမူဆုတွေရွေးချယ်တဲ့နေရာမှာ ပေးသင့်ပေးထိုက်တဲ့သူတွေ မကျန်ခဲ့ဖို့၊ အမှန်တကယ် ဆုရသင့်ရထိုက်တဲ့သူတွေကို ရွေးချယ်နိုင်ဖို့ စာပေပညာရှင်တွေ၊ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ နောက်စာနယ်ဇင်းလောကက အတွေ့အကြုံရှိတဲ့ ပုံနှိပ်ထုတ်ဝေသူတွေ ပါနိုင်သမျှပါအောင် ဖွဲ့စည်းပြီးတော့ ဆောင်ရွက်ခဲ့မှုက ဒါအပြောင်းအလဲတစ်ခုဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ရွေးချယ်မှုပုံစံမှာလည်း ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဆိုပြီးတော့ အဆင့်လိုက်ရွေးချယ်မှုပုံစံနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ နောက် ယခုနှစ် ဆုရွေးချယ်ရေးအဖွဲ့မှာ ဝန်ထမ်းများလုံးဝပါဝင်ခြင်းမရှိဘဲ စာပေပညာရှင်ဆရာကြီးတွေပါဝင်တဲ့ ဆုရွေးချယ်ရေးအဖွဲ့ရဲ့ အစီအစဉ်နဲ့ပဲ ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ စောစောက ကျွန်တော်တင်ပြခဲ့သလို စာတည်းမှူးချုပ်နဲ့ စာပေဗိမာန်အဖွဲ့ကတော့ လိုအပ်တဲ့ အုပ်ချုပ်မှုအပိုင်းပဲ တာဝန်ယူဆောင်ရွက်ပေးခဲ့ပါတယ်။

မေး ॥ ॥ အခု ၂၀၁၂ ခုနှစ်မှာ ဘာသာရပ်အမျိုးအစား ဘယ်နှခုနဲ့ ရွေးချယ်သွားမလဲဆိုတာရှင်းပြပေးစေလိုပါတယ်။

ဖြေ ॥ ॥ တကယ်တော့ ၂၀၁၁ ခုနှစ်ကစပြီးတော့ အမျိုးသားစာပေဆုကို ဘာသာရပ် ၁၆ မျိုးသတ်မှတ်ခဲ့ပါတယ်။ ဒီဘာသာရပ်ကတော့ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနဲ့ အနုပညာဆိုင်ရာ၊ ကလေးစာပေ၊ ဘာသာပြန်(သုတ)၊ ဘာသာပြန်(ရသ)၊ သုတပဒေသာ(ဝိဇ္ဇာ)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)၊ သုတပဒေသာ (အသုံးချသိပ္ပံ)၊ နိုင်ငံရေး၊ အင်္ဂလိပ်ဘာသာ(သုတ) လူငယ်စာပေဆု၊ ပြဇာတ်စာပေဆု၊ အင်္ဂလိပ်ဘာသာ(ရသ)ဆုတို့ဖြစ်ပါတယ်။ ဒီနှစ်မှာတော့ ၁၆ ဆုအနက် ၁၃ ဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ရွေးချယ်ချီးမြှင့်နိုင်ခြင်းမပြုနိုင်ခဲ့တဲ့ စာပေတွေကတော့ လူငယ်စာပေဆု၊ ပြဇာတ်စာပေဆု၊ အင်္ဂလိပ်ဘာသာ(ရသ) စာအုပ်တွေပဲဖြစ်ပါတယ်။

မေး ॥ ॥ ဒီနှစ်အတွက်ဆုရွေးချယ်ရေးကို ဝင်ရောက်ယှဉ်ပြိုင်တဲ့ စာအုပ်နဲ့ စာမူအရေအတွက်ကိုလည်း သိချင်ပါတယ်။

ဖြေ ॥ ॥ ပြက္ခဒိန်တစ်နှစ်အတွင်းမှာ အမျိုးသားစာပေဆုအတွက် ထုတ်ဝေခဲ့တဲ့ စာအုပ်ပေါင်း ၂၃၂၉ အုပ်နှင့် စာပေဗိမာန်စာမူဆုအတွက် စုစုပေါင်း ၁၆၅ အုပ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

မေး ॥ ॥ အခုစာပေစိစစ်ရေးစနစ်မရှိတော့တဲ့နောက် စာအုပ်တွေ အများအပြား ထွက်လာပါတယ်။ ဒီလိုအရေအတွက်များသလောက် အရည်အသွေးပိုင်းမှာရော ဘယ်လိုရှိပါသလဲ၊ ရွေးချယ်လိုက်တဲ့ စာအုပ်တွေ အပေါ်မှာရော ဘယ်လိုသုံးသပ်လိုပါသလဲ။

ဖြေ ॥ ॥ စာပေစိစစ်ရေးစနစ်ဖျက်သိမ်းပြီးတဲ့နောက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်စွာရေးသားထုတ်ဝေခွင့်ရှိလာပါတယ်။ အဲဒီလိုရှိလာတဲ့ အပေါ်မှာ စာအုပ်တွေအများအပြားထွက်လာတာကို ကျွန်တော်တို့ ကြိုဆိုရမှာဖြစ်ပါတယ်။ ဒီအရေအတွက်တွေထဲမှာ အမျိုးသားစာပေဆုအတွက် ရွေးချယ်ရာမှာတော့ အမျိုးသားစာပေဆုဆိုင်ရာ မူရှစ်ချက်ရှိပါတယ်။ အဲဒီရှစ်ချက်အပေါ်မှာ ရွေးချယ်ရေးအဖွဲ့မှာပါဝင်တဲ့ စာပေပညာရှင်များရဲ့ ဂုဏ်သိက္ခာနဲ့ သူတို့ရဲ့ အတွေ့အကြုံတွေနဲ့ ပြီးတော့ ဆုရွေးချယ်ရေးဆိုင်ရာ စံနှုန်းတွေနဲ့ ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့အနေနဲ့ကတော့ ယခုနှစ်အတွက် ထုတ်ပြန်ခဲ့တဲ့ အမျိုးသားစာပေဆုများဟာ ထိုက်ထိုက်တန်တန်ဆုရရှိသူများဖြစ်တယ်လို့ ထင်မြင်ယူဆပါတယ်။ ယုံလည်း ယုံကြည်ပါတယ်။ တစ်ဆက်တည်းပြောရရင် ယခင်တုန်းက အမျိုးသားစာပေဆုနဲ့ စာပေဗိမာန်စာမူဆုတွေ ထုတ်ပြန်တယ်ဆိုတာ ကျွန်တော်တို့ထုတ်ပြန်တဲ့အခါမှာ မြန်မာ့အသံနဲ့ရုပ်မြင်သံကြားက ညပိုင်းမှာ ထုတ်ပြန်တယ်။ နောက်တစ်နေ့ နံနက်မှာတော့ နိုင်ငံပိုင်သတင်းစာတွေထဲမှာပါပြီးမှ ကျန်တဲ့မီဒီယာတွေက သိရှိပြီးတော့ လိုက်လံပြီး ရေးသားခြင်းမျိုးဖြစ်ပါတယ်။ အဲဒီအပြင် အမျိုးသားစာပေဆုနဲ့တစ်သက်တာစာပေဆုဆိုရင် ပထမတစ်ရက်မှာ ထုတ်ပြန်တယ်။ စာပေဗိမာန်စာမူဆုဆိုရင် နောက်တစ်ရက်မှာ ထုတ်ပြန်တယ်။ ဒီနှစ်ကျတော့ ဘာခြားနားလဲဆိုတော့ နိုင်ငံပိုင်သတင်းစာတွေ၊ နိုင်ငံပိုင် ရုပ်မြင်သံကြားမှ မထုတ်ပြန်သေးခင်မှာပင် ပုဂ္ဂလိကမီဒီယာတွေကို သတင်းစာ ရှင်းလင်းပွဲလုပ်ပြီးတော့ ယခုလိုဆောင်ရွက်ခြင်းဟာ အင်မတန်ကောင်းမွန်တယ်လို့ ယူဆပါတယ်။ နိုင်ငံတော်က မထုတ်ပြန်ခင်မှာကို ပုဂ္ဂလိကမီဒီယာတွေက သိရှိနေပြီဖြစ်ပါတယ်။ အရင်တုန်းက အမျိုးသားစာပေဆုနဲ့ အမျိုးသား စာပေတစ်သက်တာဆုကတစ်ရက်၊ စာပေဗိမာန်စာမူဆုက တစ်ရက်ထုတ်ပြန်မယ့် အစား အခုလိုမျိုးကြိုပြီးတော့ အကုန်လုံး အသိပေးပြီး ထုတ်ပြန်တာ ထူးခြားမှု တစ်ခုဖြစ်ပါတယ်။ ယခုလို သတင်းအချက်အလက်မှန်မှန်ကန်ကန်တွေကို အချိန်နဲ့တစ်ပြေးညီ သိရှိအောင် ဆောင်ရွက်ပေးနေတဲ့ အခြေအနေမျိုးမှာ သတင်းစာရှင်းလင်းပွဲတွေ ပြုလုပ်ပြီးတော့ မိဘပြည်သူတွေ သိသင့်သိထိုက်တဲ့ အချက်တွေကို အချိန်နှင့်တစ်ပြေးညီပြုလုပ်နိုင်ခြင်းဟာ အားသာချက်တစ်ခု ဖြစ်ပါတယ်။ စာပေလောကသားတွေအတွက်လည်း ယခုလိုမျိုး အချိန်နှင့် တစ်ပြေးညီသိရှိခွင့်ရတဲ့အတွက် သတင်းကောင်းတစ်ရပ်၊ အစဉ်အလာကောင်းတစ်ရပ်လို့ ထင်မြင်ယူဆမိပါတယ်။

မေး ॥ ॥ ဆုရွေးချယ်ပြီးလို့ ရသွားပြီဆိုရင်ရော ဆုကြေးငွေတိုးမြှင့်ပြီးတော့ ချီးမြှင့်ဖို့ရှိလား။ နောက်ရှေ့ဆက်ပြီး ဘယ်လိုအစီအစဉ်တွေနဲ့ဆောင်ရွက်သွားမယ်ဆိုတာ ပြောပြပေးပါဦး။

ဖြေ။ ဆုကြေးငွေတိုးမြှင့်မှုအပိုင်းမှာတော့ သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့ပြီးဖြစ်ပါတယ်။ ဒီခေတ်ကာလနဲ့လိုက်လျောညီထွေမှုရှိအောင် တိုးမြှင့်မှုတွေကို ဆက်တိုက်ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားစာပေတစ်သက်တာပထမဆုအတွက် ယခင်ကချီးမြှင့်ငွေကျပ် ၁၀ သိန်း၊ ယခုနှစ်မှာ ၁၅ သိန်းတိုးပြီးချီးမြှင့်ခဲ့ပါတယ်။ အလားတူပဲ အမျိုးသားစာပေ ပထမဆုအတွက် ယခင်ကချီးမြှင့်ငွေကျပ် ငါးသိန်း၊ ယခု ၁၀ သိန်း၊ စာပေဗိမာန် စာမူ ပထမဆုကို ယခင်က ချီးမြှင့်ငွေကျပ် နှစ်သိန်း၊ ယခု ငါးသိန်း၊ ဒုတိယဆုကို ယခင်က ချီးမြှင့်ငွေကျပ် တစ်သိန်းခွဲ ယခု သုံးသိန်း၊ တတိယဆုချီးမြှင့်ငွေကို ယခင်က တစ်သိန်း၊ ယခုနှစ်သိန်းအဆင့်ဆင့်တိုးပြီးတော့ ချီးမြှင့်ခဲ့ပါတယ်။ တစ်သက်တာစာပေဆုဆိုရင် ၂၀၀၁ ခုနှစ်ကစပြီး ဆရာကြီးတွေကို တစ်နှစ်ကို တစ်ဦးချီးမြှင့်ခဲ့ရာကနေ ယခု ၂၀၁၂ခုနှစ်မှာတော့ သုံးဦးအထိ တိုးမြှင့်ရွေးချယ်နိုင်ခဲ့ပါတယ်။ ထိုနည်းတူစွာပဲ ဆုတံဆိပ်များကအစ ယခင်နှစ်များနဲ့ မတူဘဲ ပိုပြီးတော့ ကောင်းမွန်တဲ့ အစီအမံများနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပိုလ်တထောင်စေတီတော် မသိုးသင်္ကန်းရက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၆

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၃၁)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် စေတီတော်ရင်ပြင် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ အလှည့်ကျဂေါပက ဦးအောင်ဆုနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက (၃၁)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲ စတင်ယှဉ်ပြိုင် ရက်ခတ်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(ယာပုံ)** **(သတင်းစဉ်)**

နှစ်ကျိပ်ရှစ်ဆူဘုရား မြိတ်မြို့တွင်း လှည့်လည်ပူဇော်

မြိတ် နိုဝင်ဘာ ၁၆

မြိတ်မြို့၌ (၈၆)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ပွဲကို ကန်ဖျားရပ်ကွက် ဘုရားငါးဆူကွင်း အထက(၁) ကျောင်းရှေ့ သာသနနယ်မြေ၌ နိုဝင်ဘာ ၇ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၄ ရက် ည ၈ နာရီမှစ၍ ဗုဒ္ဓရုပ်ပွားတော်များ ယာယီကိန်းဝပ်စံပယ်ရာမဏ္ဍပ်များမှ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များကို အလှပန်းရထားများဖြင့် ပင့်ဆောင်ကာ မြို့ပေါ်ရပ်ကွက်များသို့ ညလုံးပေါက်လှည့်လည်ပူဇော်ခံခဲ့ရာ မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများက ကြိုဆိုကာ ပန်း၊ဆီမီး၊ အမွှေးနံ့သာများဖြင့် ပူဇော်ကြသဖြင့် ယခင်နှစ်ကထက် ယခုနှစ်မှာ ပိုမိုစည်ကားကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

ဆောင်းပါးနှင့် ပြည်တွင်းသတင်း

ဒါပေမယ့်၊ ဒါပေမဲ့

မောင်ခင်မင် (ဓနုဖြူ)

"ကဲ . . ငါ့တူလေး။ ဒီ တစ်ခေါက် ဘာမေးဖို့ စိတ်ကူးထားသလဲ"

နယ်မှရောက်လာသော တူတော်မောင်ကို ကျွန်တော်က စကားလမ်းကြောင်းပေးလိုက်သည်။

"ကျွန်တော် ဒီကိုမလာခင် သူငယ်ချင်းတစ်ယောက်နဲ့ ငြင်းခုံခဲ့ရသေးတယ် ဦးရဲ့။ ကျွန်တော်က ဒါပေမဲ့၊ သို့ပေမဲ့ ဆိုတဲ့စကားတွေမှာ 'မဲ့'ကို မ-နောက်ပစ်နဲ့ရေးရတယ်လို့ ပြောတာ သူကလက်မခံဘူး။ ဒါပေမယ့်၊ သို့ပေမယ့်ဆိုပြီး 'မယသတ်' နဲ့ ရေးရမယ်တဲ့။ ဒါနဲ့ပဲ သူမှန်တယ် ကိုယ်မှန်တယ်ဆိုပြီး ငြင်းကြတာပဲ ဦးရယ်"

"အေးကွဲ့၊ ဒီပြဿနာက တော်တော်ကလေး သိမ်မွေ့တယ်။ အရင်းခံကျကျပြောမယ်ဆိုရင် 'သည်' နဲ့ 'မည်'ဆိုတဲ့ စကားနှစ်လုံးက စပြောရလိမ့်မယ်"

"ပြောပြပါ ဦးရယ်၊ ကျွန်တော် မှတ်သားချင်ပါတယ်"

"ကဲ . . . ဦးမေးမယ်။ 'သည်' နဲ့ 'မည်'က ကြိယာနောက်က ဆက်ရတဲ့ နောက်ဆက်တွဲတွေပေါ့။ ဝိဘတ်လို့လည်း ခေါ်တယ်။ အဲဒီနောက်ဆက်နှစ်ခုက ဘယ်လိုကွာခြားသလဲကွယ်"

"ကျွန်တော်မှတ်မိပါတယ် ဦး။ 'သည်'က ကြိယာရဲ့ ဖြစ်ခဲ့တဲ့ အတိတ်ကာလနဲ့ ဖြစ်ဆဲ ပစ္စုပ္ပန်ကာလကိုပြတဲ့ နောက်ဆက်ပါ။ 'သူ မနေ့က မန္တလေးသို့သွားသည်'၊ 'ကျွန်တော် ယနေ့ ဆေးသောက်သည်'ဆိုတာမျိုးပါ။ 'မည်' ကတော့ ကြိယာရဲ့ နောင်ဖြစ်မဲ့ အနာဂတ်ကာလကို ပြပါတယ်။ 'အဖေ မော်လမြိုင်သို့ သွားမည်' ဆိုတာမျိုးပါ"

"အေး . . ဟုတ်ပြီ။ ခု မင်းပြောတာတွေက စာသုံးစကားတွေပေါ့" နှုတ်ပြောစကားမှာ အဲဒီစကားတွေက ဘယ်လိုပြောင်းသွားတယ်ဆိုတာကော သိတယ် မဟုတ်လား"

"သိပါတယ် ဦး။ 'သည်'က 'တယ်' ဖြစ်သွားပါတယ်။ 'မည်'က 'မယ်' ဖြစ်သွားပါတယ်။ 'သူလာတယ်၊ ငါသွားမယ်' ဆိုတာမျိုး သုံးပါတယ်"

"ဟုတ်တယ်၊ စာသုံးစကားအနေနဲ့သုံးရင် 'သွားသည်၊ လာသည်၊ စားမည်၊ သောက်မည်' ဆိုတာမျိုးသုံးပြီး နှုတ်ပြောစကားအနေနဲ့ သုံးရင်တော့ 'သွားတယ်၊ လာတယ်၊ စားမယ်၊ သောက်မယ်' လို့ သုံးရတယ်ဆိုတာ မင်းအသိနော်"

"သိပါတယ် ဦး"

"ကဲ . . . နောက်တစ်ဆင့်ကြည့်ရအောင်။ စာသုံးစကားမှာ 'ကားစီးသည်' ဆိုတဲ့စကားနဲ့ 'စီးသည့်ကား'ဆိုတဲ့စကားကို ယှဉ်ပြီးကြည့် ရင် 'သည်'က 'သည့်'ဆိုပြီး အောက်မြစ်သံပြောင်းသွားတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဦး"

"အဲဒီလိုပဲ၊ 'ကားစီးမည်'ဆိုတဲ့စကားနဲ့ 'စီးမည့်ကား'ဆိုတဲ့ စကားကို ယှဉ်ပြီးကြည့်ရင် 'မည်'ကလည်း 'မည့်' ဆိုပြီး အောက်မြစ်သံ ပြောင်းသွားတယ်နော်"

"ဟုတ်ပါတယ် ဦး"

"ဒီလိုဆိုရင် 'သည်'ကနေ 'သည့်'ကိုပြောင်းသလို 'မည်'ကနေ 'မည့်' ကို ပြောင်းတယ်လို့ ဆိုရမှာပေါ့"

"မှန်ပါတယ် ဦး"

"နှုတ်ပြောစကားမှာလည်း အဲဒီစနစ်အတိုင်းပဲပြောင်းတာမို့ 'ကားစီးတယ်'ဆိုတဲ့စကားကို အဲဒီပုံစံအတိုင်း ပြောင်းရင် 'တယ်'ကို ဘယ်လိုပြောင်းရမယ်ထင်သလဲ"

" 'သည်'ကို 'သည့်'လို့ပြောင်းသလို 'တယ်'ကိုလည်း 'တယ့်'လို့ ပြောင်းရမယ်ထင်ပါတယ် ဦး"

" 'ကားစီးမယ်' ဆိုတဲ့စကားကို ပြောင်းရင်ကော 'မယ်'ကို ဘယ်လိုပြောင်းရမယ်ထင်သလဲ"

" 'မည်'ကို 'မည့်'လို့ပြောင်းသလို 'မယ်'ကိုလည်း 'မယ့်'လို့ပြောင်းရမှာပေါ့"

"အဲ . . . ဟုတ်ပြီ" သူ့စနစ်အတိုင်းဆိုရင် 'ကားစီးတယ်-စီးတယ့်ကား'၊ 'ကားစီးမယ်-စီးမယ့်ကား'လို့ ရေးရမှာပေါ့"

"ဟုတ်ပါတယ်ဦး။ အဲဒီလိုရေးမှ စနစ်ကျမှာပေါ့"

"ဒါပေမဲ့ စာလုံးပေါင်းသတ်ပုံအနေနဲ့ 'တယ့်'လို့ ယသတ်နဲ့ မရေးဘဲ 'တဲ့' လို့ နောက်ပစ်နဲ့ ရေးလာတာ ရှေးကတည်းက ရေးခဲ့တာလေ။ 'စားတဲ့ထမင်း၊ ပြောတဲ့စကား၊ စီးတဲ့ကား' စသည်ဖြင့် 'တဲ့' လို့ နောက်ပစ်နဲ့ရေးခဲ့ကြတာ အစဉ်အလာဖြစ်နေပြီ။ တကယ်တော့ နောက်ပစ်ဟာ ယသတ်နဲ့ အသံအတူတူပဲလေ။ နောက်ပစ်နဲ့ ယသတ်ကို အသံတူအမှတ်အသားလို့ သတ်မှတ်ကြတယ်။ ပုဂံခေတ်က ကျောက်စာတွေမှာ 'လယ်'ကို 'လဲ'၊ 'ပယ်' ကို 'ပဲ' လို့ ရေးကြတယ်"

"ဟုတ်လား ဦးရဲ့။ ကျွန်တော်ခုမှ သိပါတယ်။ မှတ်ထားပါ့မယ်"

"ဒီတော့ 'တယ်' က ပြောင်းလာတဲ့ 'တယ့်'ကို ယသတ်နဲ့မရေးဘဲ 'တဲ့' ဆိုပြီး နောက်ပစ်နဲ့ရေးခဲ့ကြတာ အခုအသုံးတွင်နေပြီ။ အဲဒါကို 'တယ့်'လို့ ပြန်ပြောင်းရေးရင် မှားတယ်ဆိုပြီး လက်ခံကြမယ်မထင်ဘူးလေ"

"ဒါဆိုရင် 'မယ့်' နဲ့ 'မဲ့' လည်း အဲဒီသဘောအတိုင်းပဲ ခေါ်မှာပေါ့နော် ဦး"

"အေး . . . ခုမှ ပြဿနာရဲ့အဖြေဆီရောက်တော့တယ်၊ ရှေ့မှာပြောခဲ့တဲ့အတိုင်း ' ကားစီးမယ်- စီးမယ့်ကား ' ဆိုပြီး ယသတ်နဲ့ ရေးတာက အရင်းခံကျတာအမှန်ပါပဲ။ 'ဒါပေမယ့်' ဆိုတာမှာလည်း 'မယ့်' က 'ဒါပေမည့်၊ သို့ပေမည့်' ဆိုတဲ့ 'မည့်' က ပြောင်းလာတာမို့ 'မယ့်' က အရင်းခံကျပါတယ်။ သို့သော် . . . . "

"အမယ် . . . ၊ ဦးက စာသံပေသံနဲ့ 'သို့သော်' ဆိုပါလား"

"အေး- ပိုလေးနက်အောင်ပြောတာပါ။ သို့သော် 'တယ်' ကပြောင်းတဲ့ 'တယ့်' နဲ့ 'မယ်' က ပြောင်းတဲ့ 'မယ့်'ဟာ ပြောင်းပုံစနစ်ချင်း အတူတူမို့ စာလုံး ပေါင်းပုံချင်းလည်း တူသင့်တာပေါ့။ သို့သော်လည်း 'တယ့်' ကနေ 'တဲ့' ကို ပြောင်းပြီးရေးတဲ့ စာလုံးပေါင်းက ခိုင်မာနေပြီလေ။ ဒီတော့ သဘောချင်းတူတဲ့ 'မယ့်' ကိုလည်း 'မဲ့' လို့ ပြောင်းရေးမှ ရှေ့နောက်ညီညွတ်မှာမို့ 'စားမဲ့ ထမင်း' တို့ 'ဒါပေမဲ့' တို့ကို 'မ' နောက်ပစ်နဲ့ ရေးသင့်ကြောင်း ပညာရှင်တွေက သတ်မှတ်ကြတာပေါ့ကွယ်"

" ဒါဆိုရင် ကျွန်တော် သူငယ်ချင်းနဲ့ ငြင်းတုန်းက 'ဒါပေမဲ့' လို့ ရေးတာ မှန်တယ်လို့ပြောခဲ့တာ ဦးလက်ခံတယ်ပေါ့နော်"

" လက်ခံရမှာပေါ့ကွယ်"

" အဲဒီတုန်းက သူငယ်ချင်းကပြောတယ်။ ဒါပေမဲ့ လို့ရေးရင် 'မဲ့' ဆိုတာ 'မရှိ' ဆိုတဲ့ အဓိပ္ပာယ် ဖြစ်သွားမှာပေါ့. . . တဲ့"

"ဒါကတော့ စကားလုံးတွေမှာ အဓိပ္ပာယ် တစ်ခုမက ရှိတယ်ဆိုတဲ့ ဘာသာစကားရဲ့ သဘာဝကို မင်းသူငယ်ချင်းမသိလို့ ပြောတာပါကွယ်။ 'ဆေး' ဆိုတဲ့စကားလုံး တစ်လုံးကိုပဲ ကြည့်လေ။ နေမကောင်းလို့ သောက်တဲ့ဆေး၊ ထိုးတဲ့ဆေး၊ ပန်းချီဆွဲရတဲ့ဆေး၊ ဆေးလိပ်လိပ်တဲ့ဆေး၊ မူးယစ်ဆေး ဆိုတဲ့ အဓိပ္ပာယ်တွေအပြင် ရေဆေးတယ်ဆိုတဲ့ အဓိပ္ပာယ်လည်း ရှိတာပဲလေ။ အဲဒီလိုပဲ 'မဲ့' ဆိုတာ 'မရှိ' ဆိုတဲ့အဓိပ္ပာယ်ရသလို 'ဒါပေမဲ့၊ လာမဲ့သူ' ဆိုတဲ့စကားတွေထဲက 'မဲ့' ကို 'မည့်' က ဆင်းသက်တဲ့ စကားအဖြစ်လည်း အဓိပ္ပာယ်ရတာပဲလေ။ ဘယ်အဓိပ္ပာယ်နဲ့ သုံးထားတယ်ဆိုတာ အဓိကပါပဲကွယ်"

" နားလည်ပါပြီ ဦး"

"ကဲ-ဒီတော့ လိုရင်းကိုပြောရရင် 'လာမယ့်သူ၊ ဒါပေမယ့်၊ ပြောပေမယ့်' ဆိုပြီး မကို ယသတ်နဲ့ရေးတာဟာ အရင်းခံကျပါတယ်။ တစ်ဖက်က ကြည့်ရင် ယသတ်နဲ့ နောက်ပစ်ကို ရှေးက အလဲအလှယ်ရေးခဲ့တာမို့ 'လာမဲ့သူ၊ ဒါပေမဲ့၊ ပြောပေမဲ့' ဆိုပြီး နောက်ပစ်နဲ့ ရေးတာဟာလည်း မမှားပါဘူး။ အသံချင်းလည်း တူပါတယ်။ ပြီးတော့ 'လာတဲ့သူ' ဆိုတာမျိုး နောက်ပစ်နဲ့ရေးတဲ့ စာလုံးပေါင်းဟာ တွင်ကျယ်ခိုင်မာနေပြီမို့ 'မဲ့' ကို နောက်ပစ်နဲ့ ရေးရင် 'တဲ့' နဲ့ ရေးပုံချင်း ညီညွတ်တဲ့အတွက် ဦးကတော့ နောက်ပစ်နဲ့ ရေးတာ ပိုသင့်လျော်တယ်လို့ သဘောရပါတယ်ကွယ်"

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် (မြို့မဈေး)မှ ဆဋ္ဌမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲ (ပဒေသာပင်) ယာဉ်တန်းများ ပျဉ်းမနား-တောင်ညို လမ်းမတစ်လျှောက် လှည့်လည်နေမှုကို နိုဝင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

တောင်ငူအကျဉ်းထောင် ကြည့်ရှုစစ်ဆေး

ပဲခူး နိုဝင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် အကျဉ်းထောင်များ စစ်ဆေးခြင်းစီမံချက်အရ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးဌေးဝင်း လိုက်ပါလျက် နိုဝင်ဘာ ၇ ရက် နံနက် ၁၁ နာရီခွဲက တောင်ငူအကျဉ်းထောင်အတွင်းရှိ အကျဉ်းသားများ၏ စားသောက်ရေးနှင့်နေထိုင်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

သန့်ဇင်

ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် မြစ်ကြီးနား အကျဉ်းထောင်စစ်ဆေး

မြစ်ကြီးနား နိုဝင်ဘာ ၁၆

ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာသည် ရုံးအဖွဲ့မှူးနှင့် မြစ်ကြီးနားခရိုင် တရားသူကြီး ဦးမြင့်ဆန်းတို့ လိုက်ပါလျက် နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီက မြစ်ကြီးနား အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အကျဉ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်သန်းနှင့် ထောင်မှူး ဦးတင်မောင်ချိုတို့က အကျဉ်းသူ အကျဉ်းသားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဥပဒေပါအခွင့်အရေးများရရှိမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်တရားသူကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

နိုဝင်ဘာ ၁၃ ရက်တွင် ပြည်နယ်တရားသူကြီးချုပ်နှင့် မြစ်ကြီးနားခရိုင် တရားသူကြီး ဦးမြင့်ဆန်းတို့သည် မြစ်ကြီးနား မြို့မရဲတပ်ဖွဲ့ အချုပ်စခန်း၊ နယ်မြေရဲတပ်ဖွဲ့စခန်းနှင့် ဝိုင်းမော်မြို့ရဲတပ်ဖွဲ့အချုပ်စခန်းတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မိုဃ်းကျ (မြစ်ကြီးနား)

ရန်ကုန်မြို့လယ် လူစည်ကားရာတွင် ဆီးဂိမ်းပိုစတာများ စိုက်ထူထား

ရန်ကုန် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့လယ်အတွင်း လူစည်ကားရာနေရာနှင့် နိုင်ငံခြားသားခရီးသွား ဧည့်သည်များ အများဆုံးတည်းခိုနေထိုင်ကြသည့် Traders Hotel အနီးရှိ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းမဆုံရာနေရာတွင် ဆီးဂိမ်းပိုစတာများ စိုက်ထူထားရှိသည်ကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက တွေ့မြင်ခဲ့ရသည်။ **စိုးဝင်း (SP)**

သတိပေးနှိုးဆော်ချက်

နေပြည်တော်ကော်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက် စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာတပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပြည်တွင်းသတင်း

၂၀၁၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆု ဆရာမကြီးဒေါ်ခင်ဆွေဦး၊ ဆရာကြီးဦးအောင်သင်းနှင့် ဆရာကြီးသိပ္ပံမျိုးတင်တို့ရရှိ

ရန်ကုန် နိုဝင်ဘာ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ဆရာမကြီး ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး)၊ ဆရာကြီးဦးအောင်သင်း (အောင်သင်း)နှင့် ဆရာကြီး ဦးတင်မောင်(သိပ္ပံမျိုးတင်)တို့အား ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ် ချီးမြှင့်လိုက်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် ၉၅ ဦးမှ အဆိုပြုအမည်စာရင်းပေးပို့တင်သွင်းလာမှုများအပေါ်မူတည်၍ အမျိုးသားစာပေဆု(အတည်ပြုအဆင့်)တွင် ပါဝင်သည့် စာပေပညာရှင်များ ရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာ ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်ကပင် စတင်ချီးမြှင့်ခဲ့ပြီး ဆုရရှိပြီးသော စာပေပညာရှင်ကြီးများမှာ စည်သူ ဦးလှကြိုင်(ပါရဂူ)(ကွယ်လွန်)၊ စည်သူ ဦးထင်ဖတ်(မောင်ထင်)(ကွယ်လွန်)၊ စည်သူ ဦးငွေးမောင်(ငွေးမောင်)၊ စည်သူ ဦးလေးမြိုင်(လေးမြိုင်)၊ စည်သူ ဒေါ်ရင်ရင်(စောမုံညင်း)(ကွယ်လွန်)၊ စည်သူ ဒေါ်ကြန်(မကြန်)၊ စည်သူ ဦးကြည်အေး(ဆင်ဖြူကျွန်းအောင်သိန်း)၊ စည်သူဒေါက်တာကျော်စိန်(ကွယ်လွန်)၊ စည်သူ ဒေါက်တာခင်မောင်ညွန့်၊ စည်သူ ဒေါက်တာသော်ကောင်းနှင့် ဦးဝင်းမောင်(မင်းယုဝေ)တို့ဖြစ်ကြသည်။ ယခုနှစ်တွင်မူ စာပေပညာရှင်ကြီးများ၏ ဘဝတာတစ်လျှောက်လုံး စာပေပညာဖြင့် ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုဂုဏ်ယူသည့်အနေဖြင့် စာပေပညာရှင်ကြီး သုံးဦးအထိ ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆုများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်(အင်္ဂါနေ့)၊ ၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ ဆုချီးမြှင့်ပွဲကို နတ်တော်လဆန်း ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၁၂ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆု ချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်စာပေဆုတွင် ထက်နိုင်(တလုပ်မြို့)ရေးသားသည့် မပြောဖြစ်ခဲ့တဲ့စကား၊ ဝတ္ထုတိုပေါင်းချုပ်စာပေဆုတွင် ခင်မြဇင်ရေးသားသည့် ကောင်းကင်မိုးတိမ် ဝတ္ထုတိုများ၊ ကဗျာပေါင်းချုပ်စာပေဆုတွင် ကို(တက္ကသိုလ်)ရေးသားသည့် မြကန်သာကဗျာပေါင်းချုပ်၊ စာပဒေသာစာပေဆုတွင် ဒေါက်တာခင်လကျော် ရေးသားသည့် ဖေဖေဗိုလ်လကျော်၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုတွင် စတီဖဲန်နီကိယို ရေးသားသည့် ချင်းယဉ်ကျေးမှု ခလှေ့ထုံးတမ်း၊ ကလေးစာပေဆုတွင် ရွှေမြိုင်ပြုံးလဲ့မော်ရေးသားသည့် အရုဏ်ဦးမှာ ဖူးတဲ့ပန်းကလေးကဗျာများ၊ ဘာသာပြန် (သုတ)စာပေဆုတွင် မောင်မြင့်ကြွယ်ရေးသားသည့် မြန်မာပြည်မှ နေ့ရက်များ၊ ဘာသာပြန်(ရသ) စာပေဆုတွင် တင်မောင်မြင့်ရေးသားသည့် ပြစ်မှုနှင့်ပြစ်ဒဏ်၊ သုတပဒေသာ(ဝိဇ္ဇာ) စာပေဆုတွင် မောင်ဟုန်ဝမ်(ကထိက) ရေးသားသည့် မင်းသုဝဏ်နှင့်ကဗျာ (ကဗျာ လေ့လာချက်)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ) စာပေဆုတွင် ကျော်ဦး ရေးသားသည့် ရေကြည်တစ်ပေါက်၊ သုတပဒေသာ (အသုံးချသိပ္ပံ) စာပေဆုတွင် ဒေါက်တာခင်စန်းမော် ရေးသားသည့် တိရစ္ဆာန်များမှ လူကိုကူးစက်တတ်သည့် ရောဂါများ၊ နိုင်ငံရေးစာပေဆုတွင် ကျော်ဝင်းရေးသားသည့် မြန်မာ့နိုင်ငံရေး လေ့လာဆန်းစစ်ချက် (၁၉၄၈ -၁၉၈၈)၊ အင်္ဂလိပ်ဘာသာ (သုတ) စာပေဆုတွင် မြင့်အောင်ရေးသားသည့် Revealing Myanmar's Past: An Anthology of Archaeological Articles စာအုပ်တို့ကို ဆုရွေးချယ်ချီးမြှင့်ခဲ့ကြောင်း ကြေညာသည်။

အမျိုးသားစာပေဆု ဘာသာရပ်များကို ချီးမြှင့်ခဲ့ရာတွင် ၂၀၁၀ ခုနှစ်မှစတင်၍ အင်္ဂလိပ်ဘာသာ စာအုပ်ဆုကို တိုးမြှင့်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင်မူ အဆိုပါအင်္ဂလိပ်ဘာသာ စာအုပ်ဆုကို သုတနှင့် ရသဟူ၍ ခွဲခြားချီးမြှင့်ခဲ့သည့်အတွက် စုစုပေါင်း ဘာသာရပ် ၁၆ မျိုးဖြစ်လာခဲ့ရာ ယင်းတို့အနက် ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် လူငယ်စာပေဆု၊ ပြဇာတ်စာပေဆုနှင့် အင်္ဂလိပ် ဘာသာစာအုပ် (ရသ) စာပေဆုတို့အတွက် ဆုများ ရွေးချယ်ချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူ စသည့်ပုဂ္ဂိုလ် ၉၅ ဦးပါဝင်သောအဖွဲ့ဖြင့် မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနမှ ပေးပို့လာသော ၂၀၁၂ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၂၃၂၉ အုပ်မှ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်စသည့် အဆင့်သုံးဆင့်ဖြင့် ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဆုများချီးမြှင့်ရေးအတွက် အုပ်ချုပ်ထောက်ပံ့မှုကော်မတီ တယ်လီဖုန်းအမှတ် ၀၁-၃၇၆၅၆၉၊ စီမံရေးရာဌာနဖုန်းအမှတ် ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှင့်(၅×၇)လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ်ဓာတ်ပုံနှစ်ပုံ စီကိုကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့် တကွ (တစ်ပတ်အတွင်း)ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

ဆုရစာအုပ်များကို ထုတ်ဝေသည့် စာပေတိုက်များကိုလည်း ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃ ရက် (အင်္ဂါနေ့)၊ ၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေဆုများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ
၁။	ဝတ္ထုရှည်	မပြောဖြစ်ခဲ့တဲ့စကား	ထက်နိုင်(တလုပ်မြို့)	ပန်းဝေဝေစာပေ
၂။	ဝတ္ထုတိုပေါင်းချုပ်	ကောင်းကင်မိုးတိမ်ဝတ္ထုတိုများ	ခင်မြဇင်	ရာပြည့်စာပေ
၃။	ကဗျာပေါင်းချုပ်	မြကန်သာကဗျာပေါင်းချုပ်	ကို(တက္ကသိုလ်)	မြဝတီစာပေတိုက်
၄။	စာပဒေသာ	ဖေဖေဗိုလ်လကျော်	ဒေါက်တာခင်လကျော်	ဇွန်ပွင့်စာအုပ်တိုက်
၅။	မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ	ချင်းယဉ်ကျေးမှုခလှေ့ထုံးတမ်း	စတီဖဲန်နီကိယို	ဇင်ရတနာစာပေတိုက်
၆။	ကလေးစာပေ	အရုဏ်ဦးမှာဖူးတဲ့ပန်းကလေးကဗျာများ	ရွှေမြိုင်ပြုံးလဲ့မော်	နိုင်ငံ့ဂုဏ်ရည်
၇။	ဘာသာပြန်(သုတ)	မြန်မာပြည်မှနေ့ရက်များ	မောင်မြင့်ကြွယ်	လောကသစ်စာပေ
၈။	ဘာသာပြန်(ရသ)	ပြစ်မှုနှင့်ပြစ်ဒဏ်	တင်မောင်မြင့်	ရာပြည့်စာပေ
၉။	သုတပဒေသာ (ဝိဇ္ဇာ)	မင်းသုဝဏ်နှင့်ကဗျာ (ကဗျာလေ့လာချက်)	မောင်ဟုန်ဝမ်(ကထိက)	ဓူဝံစာပေ
၁၀။	သုတပဒေသာ (ရိုးရိုးသိပ္ပံ)	ရေကြည်တစ်ပေါက်	ကျော်ဦး	ပါရမီစာပေ
၁၁။	သုတပဒေသာ (အသုံးချသိပ္ပံ)	တိရစ္ဆာန်များမှလူကိုကူးစက်တတ်သည့်ရောဂါများ	ဒေါက်တာခင်စန်းမော်	Wisdom House
၁၂။	နိုင်ငံရေး	မြန်မာ့နိုင်ငံရေးလေ့လာဆန်းစစ်ချက်(၁၉၄၈-၁၉၈၈)	ကျော်ဝင်း	ကံ့ကော်မြိုင်စာပေ
၁၃။	အင်္ဂလိပ်ဘာသာ (သုတ)	Revealing Myanmar's Past:An Anthology of Archaeological Articles	မြင့်အောင်	ထွန်းဖောင်ဒေးရှင်း

၂၀၁၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် နိုဝင်ဘာ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို စိုးမြင့်မောင် (သာရဝေါ)၏ မတို့ရဲ့ဈေးလေးမှာက လည်းကောင်း၊ ဒုတိယဆုကို သွဲ့ထားညို(သက္ကလ)၏ မခန်းသော စမ်း၊ မနွမ်းသောပန်း၊ မပြယ်သောရနံ့က လည်းကောင်း၊ တတိယဆုကို သုသိဏ်၏ ကမ္ဘာကုန်ကျယ်သရွေ့ ငယ်မှာဘယ်မေ့လိမ့်လဲက လည်းကောင်း ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို မောင်နေခြည်(ပြည်)၏ မပြောင်းလဲသောမေတ္တာတရားနှင့် အခြားဝတ္ထုတိုများကလည်းကောင်း၊ ဒုတိယဆုကို သောင်းမြင့်ဦး(ကွမ်းခြံကုန်း) ၏ ရေညာရပ်ဝန်းနှင့် အခြားဝတ္ထုတိုများကလည်းကောင်း၊ တတိယဆုကို ဗိုလ်လွင်ဘိုဘိုအောင်၏ စမ်းရေပမာ ဆရာ့မေတ္တာနှင့် အခြားဝတ္ထုတိုများကလည်းကောင်း ရရှိကြသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ခင်ဖုန်းကြည်(မိုင်းပွန်)၏ မင်္ဂလာစုံစွာ ဂုဏ်မဟာကဗျာများကလည်းကောင်း၊ ဒုတိယဆုကို ကောင်းညွန့်ဝေ(ရေစကြို)၏ လောကကြေးမုံဘဝပုံရိပ်ကဗျာများကလည်းကောင်း၊ တတိယဆုကို မြတ်ဘုန်း(တပ်ကုန်း)၏ အမျိုးသားဂုဏ်ရည်ဒို့မြှင့်မည်နှင့် အခြားကဗျာများကလည်းကောင်း ရရှိကြသည်။

သုတပဒေသာ(ဝိဇ္ဇာပညာရပ်)ဆုတွင် ပထမဆုကို ဦးထွဏ်းလွင်(မိတ္ထီလာ)၏ မိတ္ထီလာမြို့နယ်ဖြစ်စဉ်သမိုင်းမှတ်တမ်း(ပုဂံခေတ်မှ ကိုလိုနီခေတ်) ကလည်းကောင်း၊ ဒုတိယဆုကို မောင်နွယ်သန်း၏ ဘက်စုံအသုံးဝင်သည့် မြန်မာ့ကြိမ်ပင်ကလည်းကောင်း ရရှိကြသည်။

သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)ဆုတွင် ဒုတိယဆုကို အမျိုးသားစာပေဆုရအောင်စိုး(စိုက်ပျိုး-၁၀၇)၏ သက်ရှည်ကျန်းမာချမ်းသာရေးအတွက် လူတိုင်းနေ့စဉ်စားသုံးရမည့်သီးနှံသုံးမျိုး(ဖရဲသီး၊ သခွားမွှေးသီးနှင့်နဂါးမောက်သီး)ကလည်းကောင်း တတိယဆုကို သောင်းညွန့်သစ်၏ စီးပွားဖြစ် ***စာမျက်နှာ ၈ ကော်လံ ၁ သို့***

၂၀၁၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရသူများစာရင်း

စဉ်	ဘာသာရပ်	ဆုအမည်	စာအုပ်အမည်	စာရေးသူ
၁။	ဝတ္ထုရှည်	ပထမ	မတို့ရဲ့ဈေးလေးမှာ	စိုးမြင့်မောင်(သာရဝေါ)
		ဒုတိယ	မခန်းသောစမ်း မနွမ်းသောပန်းမပြယ်သောရနံ့	သွဲ့ထားညို(သက္ကလ)
		တတိယ	ကမ္ဘာကုန်ကျယ်သရွေ့ငယ်မှာဘယ်မေ့လိမ့်လဲ	သုသိဏ်
၂။	ဝတ္ထုတို	ပထမ	မပြောင်းလဲသောမေတ္တာတရားနှင့်အခြားဝတ္ထုတိုများ	မောင်နေခြည်(ပြည်)
		ဒုတိယ	ရေညာရပ်ဝန်းနှင့်အခြားဝတ္ထုတိုများ	သောင်းမြင့်ဦး(ကွမ်းခြံကုန်း)
		တတိယ	စမ်းရေပမာ ဆရာမေ့တ္တာနှင့် အခြားဝတ္ထုတိုများ	ဗိုလ်လွင်ဘိုဘိုအောင်
၃။	ကဗျာပေါင်းချုပ်	ပထမ	မင်္ဂလာစုံစွာ ဂုဏ်မဟာ ကဗျာများ	ခင်ဖုန်းကြည်(မိုင်းပွန်)
		ဒုတိယ	လောကကြေးမုံဘဝပုံရိပ်ကဗျာများ	ကောင်းညွန့်ဝေ(ရေစကြို)
		တတိယ	အမျိုးသားဂုဏ်ရည် ဒို့မြှင့်မည်နှင့် အခြားကဗျာများ	မြတ်ဘုန်း(တပ်ကုန်း)
၄။	သုတပဒေသာ (ဝိဇ္ဇာ)	ပထမ	မိတ္ထီလာမြို့နယ်ဖြစ်စဉ်သမိုင်းမှတ်တမ်း (ပုဂံခေတ်မှ ကိုလိုနီခေတ်)	ဦးထွဏ်းလွင်(မိတ္ထီလာ)
		ဒုတိယ	ဘက်စုံအသုံးဝင်သည့် မြန်မာ့ကြိမ်ပင်	မောင်နွယ်သန်း
၅။	သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ)	ဒုတိယ	သက်ရှည်ကျန်းမာချမ်းသာရေးအတွက် လူတိုင်း နေ့စဉ်စားသုံးရမည့် သီးနှံသုံးမျိုး (ဖရဲသီး၊သခွားမွှေးသီးနှင့်နဂါးမောက်သီး)	အမျိုးသားစာပေဆုရ အောင်စိုး(စိုက်ပျိုး-၁၀၇)
		တတိယ	စီးပွားဖြစ် သစ်တောစိုက်ခင်း တည်ထောင်နည်း	သောင်းညွန့်သစ်
၆။	စာပဒေသာ	ပထမ	အမှတ်တရ တစ်သက်တာဘဝ	ဆရာဝန်မောင်မောင်
		ဒုတိယ	ရာမဦးအုန်းမောင်	မင်းသျှင်အောင်(တွံတေး)
		တတိယ	ပဲခူးမြို့ဝန်းကျင် သမိုင်းဝင်နေရာများ	မောင်ယဉ်လှိုင်း(ပျဉ်းမငြိုင်)
၇။	မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ	ပထမ	မနောမြေက လာချိဒ် တိုင်းရင်းသား	မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)
		ဒုတိယ	ပလ္လင်တံကဲ	လှိုင်ဝင်းဆွေ
		တတိယ	မြန်မာ့ရိုးရာ သဘင်အနုပညာရပ်များ	ဦးရဲဒွေး(အမြင့်သဘင်)
၈။	ကလေးစာပေ	ပထမ	ပန်စုံရွှေပြည်ကလေးကဗျာများ	ဇော်မျိုးဟန်(ငါးသိုင်းချောင်း)
		ဒုတိယ	ရင်သွေးရတနာနှင့် ရိုးရာပွဲတော်များ	ရွှေရင်နှစ်
		တတိယ	လေပြည်ချိုသွေးရနံ့မွှေး ကလေးကဗျာများ	ကန့်ဘလူခင်မောင်ဆွေ
၉။	လူငယ်စာပေ	ဒုတိယ	ဘဝကျောင်းက ခေါင်းလောင်းသံနှင့် အခြားလူငယ်ဝတ္ထုတိုများ	ကျွန်းစဉ်မြေစောခက်
၁၀။	ပြဇာတ်စာပေ	ဒုတိယ	တီးလိုက်ပါတဲ့ ဗုံကြီးသံ	ဇင်မင်း(သမိန်ထော)
		တတိယ	တစ်ဝက်မက အားလုံးပြီးမြောက်သည်	မောင်စိုးထိုက်(သုံးဆယ်)
၁၁။	ဘာသာပြန်စာပေ	ပထမ	အုပ်ချုပ်မှုစနစ်ကို အနက်ဖွင့်ဆိုခြင်း	တင်အောင်ချစ်

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးများနှင့် နိုင်ငံခြားသံတမန်များ မောင်တောနှင့်မြေပုံမြို့၌ နှစ်ဖက်အဖွဲ့ အစည်းရပ်မိရပ်ဖများအားတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၆

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီတို့သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး Mr. Derek Mitchell၊ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr.Christoph Burgener၊ ဗြိတိန်နှင့်ဩစတြေးလျနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များနှင့်အတူ နိုဝင်ဘာ ၁၂ ရက်တွင် စစ်တွေမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာရာ မောင်တောမြို့သို့ ရောက်ရှိပြီး မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မောင်တောမြို့နယ်အတွင်းရှိ နှစ်ဖက်အဖွဲ့အစည်းမှ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် သံအမတ်ကြီးများ၊ ကိုယ်စားလှယ်များသည် မောင်တောမြို့အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ တည်ငြိမ်အေးချမ်းစွာ ရောင်းဝယ်ဖောက်ကားသွားလာနေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ မောင်တောမြို့မှ ရဟတ်ယာဉ်ဖြင့်ထွက်ခွာရာ မြေပုံမြို့သို့ရောက်ရှိပြီး မြေပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ အမေရိကန်နှင့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးများက ဒေသခံပြည်သူများအပေါ် ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို လူသားချင်းစာနာ၍ အကူအညီပေးနိုင်ရေးအတွက် တွေ့ဆုံခြင်းဖြစ်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးရေးအတွက် ထပ်မံလိုအပ်ချက်များကို အသီးသီးရှင်းလင်းဆွေးနွေးတင်ပြကြပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေမှု၊ ထပ်မံဖြည့်ဆည်းပေးရန်လိုအပ်ချက်များအပေါ် စီစဉ်ဆောင်ရွက်ပေးမည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မေးမြန်းဆွေးနွေး

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများ၊ သံအမတ်ကြီးများနှင့်အဖွဲ့သည် မြေပုံမြို့ရှိ ကံသာထွက်ဝကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ကယ်ဆယ်ရေးစခန်းတွင် နေထိုင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ထပ်မံဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များသည် မြေပုံမြို့ရှိ တောင်ပေါ်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ စခန်းအတွင်း နေထိုင်သူများအား တွေ့ဆုံ၍ ကျန်းမာရေး၊ ပညာရေး၊ နေထိုင်စားသောက်ရေး၊ သောက်သုံးရေရရှိရေးကိစ္စများအပေါ် ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးကြပြီး စခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူ့အခွင့်အရေးအား လေးစားလိုက်နာရန်နှင့် အခြေခံလွတ်လပ်ခွင့်များအား ရရှိစေရန်ဆောင်ရွက်မည့် မြန်မာအစိုးရ၏ကြေညာချက်များနှင့် အာမခံပြောကြားချက်များအား ကိုယ်စားလှယ်အဖွဲ့က ကြိုဆို

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ပူးတွဲကြေညာချက်

(၁၇-၁၁-၂၀၁၃)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ဖိတ်ကြားချက်အရ အိုအိုင်စီအတွင်းရေးမှူးချုပ် ဂျီဘူဘီနှင့် တူရကီနိုင်ငံခြားရေးဝန်ကြီးများ၊ ဘင်္ဂလားဒေ့ရှ်၊ အီဂျစ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဆော်ဒီအာရေဘီးယားနိုင်ငံခြားရေးဝန်ကြီးဌာနများမှ အဆင့်မြင့်ကိုယ်စားလှယ်များ ပါဝင်သောကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄-၁၆ ရက်နေ့အထိ လာရောက်ခဲ့ပါသည်။

၂။ အဆိုပါလေ့လာရေးခရီးစဉ်ကြောင့် အိုအိုင်စီကိုယ်စားလှယ်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွင်း ပြည်သူများ၏ မျှော်လင့်ချက်ဆန္ဒများနှင့်အညီ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကိုရရှိရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဦးဆောင်မှုဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးပြောင်းလဲမှုများကို ဆောင်ရွက်နေခြင်းအား လက်တွေ့ကျကျ သိမြင်လေ့လာနိုင်သည့်အခွင့်အရေး ရရှိခဲ့ပါသည်။

၃။ လူ့အသိုက်အဝန်းများအကြား ပြန်လည်သင့်မြတ်ရေး၊ နားလည်သည်းခံရေးနှင့် လူ့အဖွဲ့အစည်း၏ ကဏ္ဍအသီးသီးများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့ ဖြစ်ထွန်းလာစေရန် စသည့် အစိုးရ၏ ဆောင်ရွက်ချက်များကို ဘာသာများအကြားနှင့် လူ့အသိုက်အဝန်းများအကြား တွေ့ဆုံဆွေးနွေးမှုနှင့် နားလည်မှုကိုအားပေးခြင်း၊ လူ့အသိုက်အဝန်းခေါင်းဆောင်များအား ထောက်ခံအားပေးခြင်းစသည့် နည်းလမ်းများဖြင့် အားပေးသွားမည်ဖြစ်သည်။

၄။ ရခိုင်ပြည်နယ်အပါအဝင် အကြမ်းဖက်မှုများ ပပျောက်ရေးဆောင်ရွက်ရန်၊ ပြည်သူများအား အကြမ်းဖက်မှုများမှကာကွယ်ရန်၊ လူ့အခွင့်အရေးအား လေးစားလိုက်နာရန်နှင့် အခြေခံလွတ်လပ်ခွင့်များအား ရရှိစေရန်ဆောင်ရွက်မည့် မြန်မာအစိုးရ၏ကြေညာချက်များနှင့် အာမခံပြောကြားချက်များအား ကိုယ်စားလှယ်အဖွဲ့က ကြိုဆိုပါသည်။

၅။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းများအား မှတ်သားပြီး အထူးအရေးကြီးကြောင်းလည်း တွေ့ရှိရပါသည်။ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းတွင် အကြမ်းဖက်မှုကျူးလွန်သူများအား တရားဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အာမခံချက်လည်း အပါအဝင်ဖြစ်သည်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီတည်ထောင်ခဲ့ခြင်းကို လည်းကောင်း၊ ဘာသာကြီးငါးခုမှ ဘာသာရေးခေါင်းဆောင်များ တွေ့ဆုံနှီးနှောဖလှယ်ပွဲသို့ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ပေးပို့ခဲ့သည့်သဝဏ်လွှာကိုလည်းကောင်း ကိုယ်စားလှယ်အဖွဲ့က မှတ်သားထားပါသည်။

၆။ အိုအိုင်စီကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံအစိုးရမှ ဖိတ်ကြားခဲ့ခြင်းနှင့် မြန်မာအစိုးရ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့်အညီ အိုအိုင်စီအဖွဲ့နှင့်လည်းကောင်း၊ ၎င်း၏အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း ထိတွေ့ဆောင်ရွက်ရန် အသင့်ရှိခြင်းကို ကိုယ်စားလှယ်အဖွဲ့မှ အထူးတန်ဖိုးထားပါသည်။ ခရီးစဉ်အတွင်း ရခိုင်ပြည်နယ် လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရန် တာဝန်ပေးထားသောလုပ်ငန်းကော်မတီများအား ကြီးကြပ်ကွပ်ကဲသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော ဗဟိုကော်မတီနှင့်ထိတွေ့ဆွေးနွေးရန်အတွက် လည်းကောင်း စီစဉ်ဆောင်ရွက်ပေးမှုများအတွက် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကျေးဇူးတင်ပါသည်။

၇။ အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများအား ပြန်လည်သုံးသပ်ခြင်းကို နိုင်ငံတကာစံနှုန်းများနှင့်ဒီမိုကရေစီမှုများအရ ကိုက်ညီစွာဖြင့် ဆောင်ရွက်နေမှုများကို ကိုယ်စားလှယ်အဖွဲ့အနေဖြင့် အလေးအနက်ထားပါသည်။ မြန်မာအစိုးရမှ ဆောင်ရွက်နေသလို အခြေခံလွတ်လပ်ခွင့်များကိုကန့်သတ်ရာရောက်သည့် ဥပဒေများအား ပြင်ဆင်ခြင်းအပါအဝင် ဥပဒေပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းပါသည်။

၈။ ရခိုင်ပြည်နယ်အခြေအနေအပါအဝင် လူမျိုးနွယ်နှင့်ဘာသာရေးဆိုင်ရာ လူနည်းစုများအပေါ် သက်ရောက်မှုရှိသည့် လူ့အခွင့်အရေး၊ နိုင်ငံသားဖြစ်မှု၊ စီးပွားရေးအခွင့်အလမ်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကိုဖြေရှင်းရန် စိတ်ပိုင်းဖြတ်ထားမှုနှင့် ဆောင်ရွက်ချက်များကို မြန်မာအစိုးရမှ ရှင်းလင်းပြောကြားချက်များအား မှတ်သားထားပါသည်။

၉။ အရပ်ဘက်လူ့အဖွဲ့အစည်းများ အပါအဝင် အိုအိုင်စီအဖွဲ့ဝင်နိုင်ငံများနှင့်အဖွဲ့အစည်းများက အစိုးရနှင့်အပြည့်အဝ ပေါင်းစပ်ညှိနှိုင်း၍ လူသားချင်းစာနာထောက်ထားမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လက်ရှိအထောက်အပံ့များပေးအပ်နေမှုများကို အိုအိုင်စီအဖွဲ့ဝင်နိုင်ငံများမှ ဆက်လက်ပံ့ပိုးဆောင်ရွက်သွားရန် အသင့်ရှိနေကြောင်း ကိုယ်စားလှယ်အဖွဲ့က ဖော်ပြအပ်ပါသည်။အိုအိုင်စီအဖွဲ့နှင့်၎င်း၏အဖွဲ့ဝင်နိုင်ငံများသည် လူမျိုး၊ တိုင်းရင်းသားမျိုးနွယ်နှင့်ဘာသာရေးတို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှုမပြုသည့် အခြေခံမူအပေါ် ရပ်တည်ချက်ကို အိုအိုင်စီကိုယ်စားလှယ်အဖွဲ့က အာမခံကြောင်း မြန်မာအစိုးရကို ပြောကြားခဲ့ပါသည်။ ဤအခြေခံအမူအပေါ် ရပ်တည်ချက်အရ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှတစ်ဆင့် ခွဲခြားမှုမရှိဘဲ ပေးအပ်ရေးကို သေချာစွာဆောင်ရွက်ရန် နှစ်ဖက်သဘောတူကြသည်။

၁၀။ ကုလသမဂ္ဂအထွေထွေညီလာခံ၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်က "အစိုးရအနေနှင့် အိုအိုင်စီအဖွဲ့ဝင်နိုင်ငံများအပါအဝင် မည်ကဲ့သို့သောအဖွဲ့မှဖြစ်စေ ရရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများနှင့်စပ်လျဉ်း၍ ထောက်ပံ့မှုသည် ခွဲခြားဆက်ဆံမှုမရှိဘဲ ထိခိုက်ခံရသော လူ့အသိုက်အဝန်းနှစ်ရပ်လုံးအတွက် ရည်ရွယ်ခြင်းဖြစ်ပါက ထိုသို့ထောက်ပံ့ခြင်းကို အစိုးရမှလည်း ကူညီဆောင်ရွက်ပေးသွားရန်အသင့်ရှိကြောင်း" ပြောကြားခဲ့သည်ကို ကျေနပ်အားရပါသည်။ မြန်မာအစိုးရနှင့် အိုအိုင်စီအဖွဲ့သည် ကဏ္ဍအသီးသီး၌ ဆက်လက်ထိတွေ့ဆောင်ရွက်သွားရန် ဆန္ဒရှိကြပါသည်။ မြန်မာအစိုးရက စိန်ခေါ်မှုများအားလုံးကို ရင်ဆိုင်ဖြေရှင်းရာ၌ အိုအိုင်စီအဖွဲ့အနေဖြင့် သက်ဆိုင်၍ လိုအပ်သော အကူအညီပေးနိုင်ရန် သတင်းအချက်အလက်များ ကဏ္ဍပေါင်းစုံ၌ ဖလှယ်သွားရန် ဆန္ဒရှိကြပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် လူသားပဓာနဆိုင်ရာ တူညီသောသဘောထား၊ မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့်အချုပ်အခြာအာဏာ၊ တစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ကြဉ်သည့်အခြေခံမူတို့ကို အပြည့်အဝ လေးစား၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

၁၁။ အိုအိုင်စီကိုယ်စားလှယ်အဖွဲ့နှင့်အိုအိုင်စီအဖွဲ့ဝင်နိုင်ငံများအား မြန်မာနိုင်ငံအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီ အပြည့်အဝရရှိရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဆိုင်ရာ ကောင်းကျိုးများ ဆက်လက်ဖြစ်ပေါ်တိုးတက်ရေးတို့တွင် ကူညီဆောင်ရွက်ရန် စိတ်ပါဝင်စားမှုရှိသည်ကို မြန်မာနိုင်ငံအစိုးရက အသိအမှတ်ပြုကြောင်း ဖော်ပြအပ်ပါသည်။

စာမျက်နှာ ၇ မှ

သစ်တောစိုက်ခင်းတည်ထောင်နည်းက လည်းကောင်း ရရှိကြသည်။

စာပဒေသာဆုတွင် ပထမဆုကို ဆရာဝန်မောင်မောင်၏ အမှတ်တရတစ်သက်တာဘဝကလည်းကောင်း၊ ဒုတိယဆုကို မင်းသျှင်အောင် (တံ့တေး) ၏ ရာမဦးအုန်းမောင်ကလည်းကောင်း၊ တတိယဆုကို မောင်ယဉ်လှိုင်(ပျဉ်းမမြိုင်)၏ ပဲခူးမြို့ဝန်းကျင် သမိုင်းဝင်နေရာများကလည်းကောင်း ရရှိကြသည်။

မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေတွင် ပထမဆုကို မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)၏မနောမြေကလာချိဒ် တိုင်းရင်းသားကလည်းကောင်း၊ ဒုတိယဆုကို လှိုင်ဝင်းဆွေ၏ပလ္လင်တံကဲက လည်းကောင်း၊ တတိယဆုကို ဦးရဲဒွေး (အမြင့်သဘင်) ၏ မြန်မာ့ရိုးရာသဘင်အနုပညာရပ်များကလည်းကောင်း ရရှိကြသည်။

ကလေးစာပေဆုတွင် ပထမဆုကို ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၏ ပန်းစုံရွှေပြည်ကလေးကဗျာများကလည်းကောင်း၊ ဒုတိယဆုကို ရွှေရင်နှစ်၏ ရင်သွေးရတနာနှင့် ရိုးရာပွဲတော်များက လည်းကောင်း၊ တတိယဆုကို ကန့်ဘလူခင်မောင်ဆွေ၏ လေပြည်ချိုသွေးရနံ့မွှေး ကလေးကဗျာများက လည်းကောင်း ရရှိကြသည်။

လူငယ်စာပေဆုတွင် ဒုတိယဆုကို ကျွန်းစဉ်မြေစောခက်၏ဘဝကျောင်းက ခေါင်းလောင်းသံနှင့်အခြားလူငယ်ဝတ္ထုတိုများကလည်းကောင်းရရှိကြသည်။

ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို ဇင်မင်း(သမိန်ထော)၏ တီးလိုက်ပါတဲ့ပုံးကြီးသံက လည်းကောင်း၊ တတိယဆုကို မောင်စိုးထိုက်(သုံးဆယ်)၏ တစ်ဝက်မက အားလုံးပြီးမြောက်သည်က လည်းကောင်း ရရှိကြသည်။

ဘာသာပြန်စာပေဆုတွင် ပထမဆုကို တင်အောင်ချစ်၏အုပ်ချုပ်မှုစနစ်ကို အနက်ဖွင့်ဆိုခြင်းက လည်းကောင်း ရရှိကြသည်။

စာပေဗိမာန်စာမူဆုတွင် ဘာသာရပ် ၁၃ မျိုး သတ်မှတ်ထားသည့်အနက် နိုင်ငံရေးတွင် ပြိုင်ပွဲဝင်စာမူမှာ တင်သွင်းလာမှုမရှိကြောင်းနှင့်အင်္ဂလိပ်ဘာသာစာအုပ်ဆုမှာ ဆုရွေးချယ်ချီးမြှင့်နိုင်မှုမရှိကြောင်း သိရှိရသည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူ စသည့်ပုဂ္ဂိုလ် ၃၆ ဦးပါဝင်သော အဖွဲ့ဖြင့် ၂၀၁၂ ခုနှစ်အတွက် ပြိုင်ပွဲဝင်တင်သွင်းလာသော စာမူ ၁၆၅ အုပ်မှ သက်ဆိုင်ရာဘာသာရပ်အလိုက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့် စသည့် အဆင့်(၃)ဆင့်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆုရရှိသူများသည် ရန်ကုန်မြို့အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ စာပေဆုများချီးမြှင့်ရေးအတွက် အုပ်ချုပ်ထောက်ပံ့မှုကော်မတီတယ်လီဖုန်းအမှတ် ၀၁-၃၇၆၅၆၉၊ စီမံရေးရာဌာန ဖုန်းအမှတ် ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅×၇) လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့်ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ(တစ်ပတ်အတွင်း)ပေးပို့ရန်နှိုးဆော်ထားကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃ ရက် (အင်္ဂါနေ့)၊ ၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၀ ကျောဖုံးမှ

ဘယ်ရီဂိတ်များဖယ်ရှားပေးရေးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးရေး လာရောက်အော်ဟစ်တောင်းဆိုခဲ့ကြကြောင်း၊ မိမိတို့အနေဖြင့် ယာခင်းများသို့သွားရောက်မည့်လှည်းများ၊ နွားများ၊ ဆိတ်/သိုးများနှင့် နွားစာရိတ်သိမ်းသူများအား ဖြတ်သန်း ဝင်ထွက်သွားလာခွင့်ပြုထားကြောင်း ပြောကြားခဲ့သဖြင့် ညနေ ၃ နာရီ ၅၅ မိနစ်တွင် အဖွဲ့လိုက်လူစုခွဲ၍ ကျေးရွာအတွင်းသို့ ပြန်လည်ဝင်ရောက်လူစုကွဲသွားခဲ့ကြောင်း။

နိုဝင်ဘာ ၁၄ ရက်တွင် မိုးကြိုးပြင်တောင်ရွာမှ ရွာသူ ရွာသား ၆၅ ဦးခန့် မိုးကြိုးပြင်အလယ်ရွာမှ ရွာသူရွာသား ၄၀ ခန့်နှင့်တုံကျေးရွာမှ ရွာသူ ရွာသား ၃၀ ခန့်မှာ အကြိမ်ကြိမ်လာရောက်၍ နှစ်ထပ်ဘန်ကာနှင့် သံဆူးကြိုးများ၊ ဘယ်ရီဂိတ်များ ဖယ်ရှားပေးရေးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးရေး အော်ဟစ်တောင်းဆိုခဲ့ကြသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးဦးဆောင်သည့် အဖွဲ့မှ ရွာသူရွာသားများအား မိမိတို့၏ နစ်နာဆုံးရှုံးမှုများကို ဆက်ဆံရေးရုံးသို့ လာရောက် တင်ပြနိုင်ကြောင်း (သို့မဟုတ်) ဥပဒေနှင့်အညီတင်ပြခွင့်ပြုချက်ရယူ၍ တရားဝင်ဆန္ဒ ဖော်ထုတ်သင့်ကြောင်း၊ တရားဥပဒေ စိုးမိုးရေး၊ ဒေသတည်ငြိမ်ရေးအတွက် သွေးထိုးလှုံ့ဆော်မှုများကြောင့် မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေလိုကြောင်း၊ အေးချမ်းစွာ လူစုခွဲရန်နှင့် မိမိတို့နစ်နာဆုံးရှုံးမှုများကို ဥပဒေဘောင်အတွင်းမှ နည်းလမ်းတကျ ဖြေရှင်းသင့်ကြောင်း၊ တောင်ယာလုပ်ငန်းခွင်သို့ ဝင်ထွက်သွားလာမှု၊ ဆိတ်ကျောင်း၊ နွားကျောင်းသွားလာမှုနှင့် ရိုးသားစွာ ဖြတ်သန်းသွားလာမှုများကို ခွင့်ပြုပေးလျက် ရှိကြောင်း၊ သို့သော် ပြဿနာ ဖန်တီးလိုသဖြင့် ဥပဒေနှင့်ဆန့်ကျင်သော လူစုလူဝေးဖြင့် အနိုင်အထက်ပြုကာ မရိုးမဖြောင့်သော သဘောဖြင့် ဝင်ရောက်ခြင်းကိုသာ တားမြစ်ခြင်း ဖြစ်ကြောင်း၊ နှစ်ထပ်ဘန်ကာ တည်ဆောက်သည့် နေရာမှာလည်း ပုသိမ်-မုံရွာ ကားလမ်း၏ လမ်းနယ်နိမိတ်အတွင်းတွင် ဖြစ်ကြောင်း၊ မည်သည့်စိုက်ခင်းကိုမျှ ထိခိုက်ပျက်စီးအောင် ပြုလုပ်ခြင်းမရှိကြောင်း ရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း၊ သို့သော်လည်း ဒေသခံများက နားလည်သဘောပေါက်ခြင်း၊ လက်ခံခြင်းလုံးဝမရှိဘဲ ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် နေရာအား ကျောက်ခဲများ၊ လေးခွများဖြင့် လာရောက်ပစ်ခတ်ခဲ့ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ် ရှေ့လေကာမှန်ကွဲကြေနေသည်ကို တွေ့ရစဉ်။

၎င်းဖြစ်စဉ်အရ အခင်းဖြစ်သည့်နေရာသို့ အင်အားဖြည့်ဆည်းကြပ်မတ်ကွပ်ကဲရန်အတွက် ထွက်ခွာလာသော ရဲတပ်ဖွဲ့ယာဉ်နှစ်စီးအား ပုသိမ်- မုံရွာကားလမ်း၏ အနောက်ဘက်တွင် ကြိုတင်ရောက်ရှိနေရာယူထားသည့် ကျေးရွာသားအချို့က ယာဉ်များအား စတင်၍ လေးခွဖြင့် ပစ်ခတ်ချဉ်းကပ်လာသဖြင့် တပ်ရင်းမှူး ဦးစီးအဖွဲ့မှ ဒိုင်းများဖြင့်ကာ၍ အကြမ်းမဖက်ရန်နှင့် လူစုခွဲရန်သတိပေးပြောကြားခဲ့သော်လည်း လိုက်နာမှုမရှိသည့်အပြင် အကြမ်းဖက်လိုသော ရွာသားအချို့သည် အခင်းဖြစ်နေရာသို့ လာရောက်ပူးပေါင်းခဲ့ကြသဖြင့် အင်အား ၁၅၀ ကျော်ခန့် စုစည်းမိကာ ကျောက်ခဲများ၊ စက်ဘီးကုန်းသီးများ၊ နတ်ခေါင်းများ၊ ဖန်ဂေါ်လီလုံးများကို လေးခွများဖြင့် အနီးကပ်ပစ်ခတ်ခဲ့ကြောင်း၊

အကြမ်းဖက်မှုတွင် ရဲတပ်ဖွဲ့ဝင်များအား ထိခိုက်ဒဏ်ရာရရှိစေခဲ့သဖြင့် ပထမအဆင့်အနေဖြင့် ခြောက်လှန့်အသံပေးပစ်ခတ်ခဲ့သော်လည်း အကြမ်းဖက်မှုများ ပြုလုပ်သူရွာသူရွာသားများက ထိမှန်အောင်မပစ်ရဲဟုအော်ဟစ်ပြီး လုံးထွေးသတ်ပုတ်ရန် ချဉ်းကပ်လာသဖြင့် မလွဲမရှောင်သာသောကြောင့် ဥပဒေနှင့် ဆန့်ကျင်သောလူစုလူဝေးအား အဓိကရုဏ်းနှိမ်နင်းရေး လက်နက်ဖြစ်သည့် ၁၂ ဘို့ ပြောင်းချောသေနတ်ကို အသုံးပြု၍ရော်ဘာကျည်ဖြင့် ၃၈ ချက် ပစ်ခတ်ခြင်း၊ စက္ကူပြောက်အိုး ၁၈ လုံးဖောက်ခြင်း ပြုလုပ်မှသာ အကြမ်းဖက်သောလူစုလူဝေးသည် ကျေးရွာအတွင်းသို့ ပြန်လည်ဝင်ရောက်သွားပြီးလေးခွများဖြင့် အဝေးမှ ပစ်ခတ်ခြင်း၊ အော်ဟစ်ဆဲဆိုခြင်းများပြုလုပ်ခဲ့ကြကြောင်း၊ အကြမ်းဖက်မှု ဖြစ်စဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်နှစ်စီး၏ ရှေ့လေကာမှန်နှင့် နောက်ကြည့်မှန်ကွဲကြေခဲ့ကာ ရဲတပ်ဖွဲ့ဝင် ကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် မုံရွာမြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသခဲ့ရကြောင်း။

ယာမျက်လုံးအောက် ထိမှန်ဒဏ်ရာရရှိသည့် ဒုတပ်ကြပ် ထွန်းလှိုင်။

ဝဲပါးရိုးပေါက်ပြဲဒဏ်ရာရရှိသည့် ဒုတပ်ကြပ် ဂျိုးဇက်။

အကြမ်းဖက်မှုများ ပြုလုပ်သူ ရွာသူ ရွာသားများဘက်မှ ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့အား ကုသမှု ပေးရန်အတွက် ဆားလင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် စီစဉ်ထားရှိသော်လည်း လာရောက်ကုသမှုခံယူခြင်းမပြုဘဲ ၎င်းတို့အစီအစဉ်ဖြင့် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် သွားရောက်ကုသမှုခံယူခဲ့ကြောင်း။

အကြမ်းဖက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ပဋိပက္ခဖြစ်စဉ်တွင် ရဲတပ်ဖွဲ့အနေဖြင့် ပုဒ်မ-၁၄၄ ထုတ်ပြန်ထားသော စီမံကိန်းနယ်မြေဧရိယာ လုံခြုံရေးတာဝန် ထမ်းဆောင်နေစဉ်အတွင်း လူစုလူဝေးဖြင့် အကြမ်းဖက်လာခြင်းအား မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်အရလည်းကောင်း၊ မကာကွယ်မခုခံလျှင် အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေသို့ရောက်ရှိလာ၍လည်းကောင်း၊ မလွှဲမရှောင်သာဘဲ အဓိကရုဏ်းနှိမ်နင်းရေးလက်နက် ဖြစ်သည့် ပြောင်းချောသေနတ်၊ ရော်ဘာကျည်ဖြင့်သာ အသုံးပြုပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင် စာနယ်ဇင်းသတင်းမီဒီယာအချို့ကို ကြိုတင်စီစဉ်ထားရှိပြီး လူစုလူဝေးဖြင့် ညအမှောင်ချိန်တွင် အကွက်ဆင် ရန်စတိုက်ခိုက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေနှင့်ဆန့်ကျင်သော လူစုလူဝေးဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်ရောက် ကျူးလွန်မှုအတွက် နိုဝင်ဘာ ၁၄ ရက်နေ့ည ၂၃း၁၀ နာရီအချိန်တွင် ရဲအုပ်ကျော်မင်းနိုင်က တရားလိုပြုလုပ်ကာ ဆားလင်းကြီးမြို့ မြို့မရဲစခန်း (ပ)၂၈၀/၁၃၊ ပြစ်မှုပုဒ်မ ၁၄၃/၃၃၃/၃၄ ဖြင့်လည်းကောင်း၊ ရဲတပ်ဖွဲ့ပိုင်ကားများအား ပျက်စီးအောင် ဖျက်ဆီးမှုအတွက် ပြည်သူပိုင် ၆(၁) ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူ ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မကွေးတိုင်းဒေသကြီး သရက်မြို့ရှိတူရကီစစ်သင်္ချိုင်းအား ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

မကွေး နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ တူရကီစစ်သင်္ချိုင်း ပြန်လည်ပြုပြင်ရေးလုပ်ငန်းအား ကိုင်ရို ဆောက်လုပ်ရေး (Cairo Constructoion Co.,Ltd.) က စာချုပ်ချုပ်ဆိုပြီး တာဝန်ယူဆောင်ရွက်ပြုပြင်သွားမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိ တူရကီစစ်ဗိမာန်၏အနေအထားမှာ ခြံစည်းရိုးပျက်စီးနေခြင်း၊ စစ်သည် မှတ်တိုင်များ ပျက်စီးနေခြင်း၊ ရှေ့တွင်ထားရှိသော ကျောက်စာများ ပျက်စီးနေခြင်းတို့ကြောင့် နိုဝင်ဘာ ၂ ရက်က ရန်ကုန်မြို့ရှိ တူရကီသံရုံးမှ Mr.AHMET သည် ကိုင်ရို ဆောက်လုပ်ရေးတာဝန်ခံ အင်ဂျင်နီယာ ဦးဝေယံဖြိုးဝေ၊ လုပ်ငန်းဆိုက် အင်ဂျင်နီယာ ဦးဇော်မျိုးထွန်းတို့နှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူးဦးညွန့်လှိုင်နှင့်တွေ့ဆုံ၍ ခြံစည်းရိုး ကာရံခြင်း၊ အာဇာနည်ဗိမာန်တည်ဆောက် ခြင်း၊ Memorial and Guest Hourse တည်ဆောက်ခြင်း၊ မြက်ခင်း၊ အုတ်ဂူ၊ အတွင်းလမ်း၊ သဘာဝ ကျောက်ပြားခင်း၊ မြေအောက်ပိုက် ပြုလုပ်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ခြံစည်းရိုးအပြင် ရေမြောင်း ပြုလုပ်ခြင်းများ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

သရက်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နိုဝင်ဘာ ၁၂ ရက်တွင် ယင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ခွင့်ပြုပုံစံ၊ အတိုင်းအတာ၊ ပမာဏအတိုင်း တည်ဆောက်ခြင်းရှိ /မရှိအား ကြီးကြပ်ဆောင်ရွက်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့ဝင် ရှစ်ဦးပါဝင်သောအဖွဲ့အား ဖွဲ့စည်းထားကြောင်း သိရသည်။ အဆိုပါ ပြုပြင်ခြင်းလုပ်ငန်းများအား သုံးလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်မာလာ(မကွေး)**

လက်နက်ကိုင်ဆောင်ပြီး ပါလာသည့်ပစ္စည်းများအား ပိုင်ဆိုင်ကြောင်းမပြောပြနိုင်၍ အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၆

နိုဝင်ဘာ ၁၃ ရက် နံနက် ၂ နာရီက မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ညောင်ဝိုင်းရဲကင်းမှတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ လှည့်ကင်းဆောင်ရွက်နေစဉ် အုတ်ပုံရွာအနီးတွင် မသင်္ကာဖွယ် တွေ့ရှိရသည့် အောင်လံမြို့ အောင်မင်္ဂလာကွက်သစ်ရပ်နေသူများဖြစ်သော အောင်ကို (၁၈ နှစ်)၊ ငြိမ်းချမ်း (၁၇ နှစ်)၊ အောင်သူ (၂၁ နှစ်)၊ ကျော်ထိုက် (၃၃ နှစ်)၊ ဖြိုးကိုကိုလတ် (၁၈ နှစ်)နှင့် ဇော်မိုးနိုင် (၂၉ နှစ်)တို့ ခြောက်ဦးအား စစ်ဆေးခဲ့သည်။

အမှုဖွင့်အရေးယူ

ထိုသို့စစ်ဆေးရာ အောင်ကိုသည် အရိုးအသွား ကိုးလက်မခန့်ရှိ ဓားမြှောင်ကိုင်ဆောင်ထားသည်ကိုတွေ့ရှိရပြီး အောင်သူ၏ လွယ်အိတ်အတွင်းမှ ၀၉----- နံပါတ်ပါ Samsung လက်ကိုင်ဖုန်း တစ်လုံးနှင့် ၀၉-------နံပါတ်ပါ Huawei လက်ကိုင်ဖုန်းတစ်လုံးကိုလည်းကောင်း၊ ငြိမ်းချမ်း၏ခါးကြားမှ ဆင်းကတ်မပါသည့် Samsung ဟန်းဆက်တစ်လုံးကိုလည်းကောင်း တွေ့ရှိရသဖြင့် မေးမြန်းရာ ၎င်းတို့ပိုင်ဆိုင်ကြောင်း ခိုင်လုံသော အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် အောင်ကိုပါ ခြောက်ဦးကို မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။ **ကိုရဲ**

ရွှေကျင်းပြိုကျ၍ လူငါးဦးသေ၊ သုံးဦးဒဏ်ရာရ

နေပြည်တော် နိုဝင်ဘာ ၁၆

နိုဝင်ဘာ ၁၃ ရက် မွန်းတည့် ၁၂နာရီက ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာ၏ အရှေ့မြောက်ဘက်သုံးမိုင်ခန့်အကွာ တရားမဝင် ရွှေလက်တူးကျင်း၌ မြေစာပိသေဆုံးကြောင်း သတင်းအရ ဆယ်ဇင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ နံနက် ၁၁ နာရီက အနက် ၂၅ပေ၊ အလျားပေ ၅၀ရှိ ရွှေလက်တူးကျင်းတွင် ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာ ချမ်းသာအေးရပ်ကွက်နေ ဦးသန်းထွန်း (၄၃)နှစ်ပါ အမျိုးသား ငါးဦးသည်မြေစာပိသေဆုံးခဲ့ပြီး တစ်ရွာတည်းနေ ဇော်မျိုးထက် (၂၅)နှစ်ပါ သုံးဦးတွင် ရင်ဘတ်အောင့်၊ ဖူးရောင်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း တွေ့ရှိရသဖြင့် ဒဏ်ရာရရှိသူများအား တာမခန်တိုက်နယ်ဆေးရုံသို့ တင်ပို့ကုသခဲ့ကာ သေဆုံးသူငါးဦးအား တူးဖော်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့်သေမှုသေခင်းရေးဖွင့်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ကိုရဲ**

လူကုန်ကူးမှု တိုက်ဖျက်ရေး လူတိုင်းကိုယ်စီ သတင်းပေး

အမရပူရ၌ သန်းခေါင်စာရင်းကောက်ယူရေးဆွေးနွေး

အမရပူရ နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာမဇ္ဈိမာန်ဓမ္မာရုံတွင် နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ ကျင်းပသည်။ **(အောက်ယာပုံ)**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးသောင်းဇော်က အမှာစကားပြောကြားပြီး ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက် ညသန်းခေါင်ယံအချိန်တွင်ရှိသော လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းကို မတ် ၃၀ ရက် နံနက်မှစ၍ ဧပြီ ၁၀ ရက်အထိ စုစုပေါင်း ၁၂ ရက်ကို ဆရာ ဆရာမများ ကောက်ယူရာတွင် ဒေသခံပြည်သူများက အထောက်အကူပြုကော်မတီများဖွဲ့စည်း၍ ကူညီဆောင်ရွက်ပေးကြရန်နှင့် သန်းခေါင်စာရင်းကောက်ယူမည့် လူအမျိုးအစားများ၊ သန်းခေါင်စာရင်းကောက်ယူခြင်း၏ အသုံးဝင်မှုများနှင့်ပတ်သက်၍ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များနှင့်မရှင်းလင်းသည့်အချက်များကို မေးမြန်းကြရာ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုး သားမှတ်ပုံတင်ဦးစီးဌာန ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်စိန်ထွန်းက သန်းခေါင်စာရင်းကောက်ယူရာတွင် မေးမြန်းမည့် မေးခွန်း ၄၁ ချက်ပါ အကြောင်းအရာများကို ကွင်းဆင်းပြောကြားခြင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် အုပ်စုပုံစံသုံးမျိုးဖြင့် ကောက်ယူမည်ဖြစ်ကြောင်းနှင့် စာရင်းကောက်ယူခြင်းမှာ နိုင်ငံတော်၏အမှန်ရှိလူဦးရေ စာရင်းရရှိမှ နိုင်ငံတော်စီမံကိန်းရေးဆွဲရာတွင် မှန်ကန်စွာ ရေးဆွဲနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **မောင်မောင်စိုး(မြစ်ငယ်)**

မကြာမီက ဖွင့်လှစ်လိုက်သော ဘုရင့်နောင်ခုံးကျော်တံတား ဒုတိယအလွှာတံတားပေါ်၌ ယာဉ်သုံးစီးဆင့်ကဲတိုက်မှုဖြစ်

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘုရင့်နောင်မီးပွိုင့်လမ်းဆုံ ယာဉ်ကြောကျပ်တည်းမှု သက်သာစေရန် အောက်တိုဘာ ၃၁ ရက်က ဘုရင့်နောင်ခုံးကျော်တံတား ဒုတိယအလွှာကိုဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။

မကြာမီက ဖွင့်လှစ်ပေးလိုက်သော ခုံးကျော်တံတားပေါ်၌ နိုဝင်ဘာ ၁၅ ရက် ညနေ ၅ နာရီက တောင်ဒဂုံမြို့နယ် (၅၃) ရပ်ကွက် ငွေကြာယံလမ်းနေ ကိုရဲဝင်း (၃၂ နှစ်)သည် ဘုရင့်နောင်လမ်းမကြီးအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ၃ခ/---- နီဆန်းဒီဇယ်(အငှားယာဉ်)သည် ဘုရင့်နောင် ခုံးကျော်တံတား အဆင်းရှေ့၌ ရွှေပြည်သာမြို့နယ် မိကျောင်းအိုင်ရွာသစ် အောင်ချမ်းသာ (၅) လမ်း အမှတ်(၅၇)နေ ကိုသိန်းဝင်းနိုင် (၂၁နှစ်) မောင်းနှင်လာသည့် ၇က/---ဟီးနိုးဒီဇယ်ကွန်တိန်နာနောက်တွဲယာဉ်ကိုတိုက်မိသဖြင့် နောက်တိုက်ယာဉ် အရှိန်ကြောင့်

ပဲခူးတိုင်းဒေသကြီး ဘုရားကြီးရပ် အောင်မင်္ဂလာ(၁)လမ်းနေ ကိုထက်အောင် (၃၂နှစ်) မောင်းနှင်လာသော ၉က/----ဖူဆိုဟီးနိုး အငှားယာဉ်ကို ထပ်ဆင့် တိုက်မိသောကြောင့် ယာဉ်သုံးစီးစလုံး ပျက်စီးသွားပြီး အလယ်ကောင် ၇က/---ဟီးနိုး ကွန်တိန်နာ နောက်တွဲယာဉ်ပေါ်ပါ ထန်းတပင်မြို့နယ် တဘော်ချောင်းရွာနေမောင်ဖြိုးဝေ(၂၁နှစ်)တွင် ဝဲနားထင် ဖူးရောင်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိကာ ရန်ကုန်ဆေးရုံကြီး၌ ပြင်ပလူနာအဖြစ် ကုသခံနေရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ရဲဝင်းကို ဘုရင့်နောင် ရဲတပ်ဖွဲ့စခန်းက အရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **(၀၁၅)**

ဆောင်းပါး

မြန်မာပြည်သူတို့၏ မဟာစိနရဋ္ဌပဘာ ရွှေတိဂုံပုံတူစေတီကုသိုလ်တော်နှင့် တရုတ်ပြည်သူတို့၏ ပထမဆုံးသော ဗုဒ္ဓဘာသာကျောင်းတော်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လူဦးရေ သန်း ၁၃၇၀ ကျော်ရှိကြောင်း ၂၀၁၂ ခုနှစ် သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။ စီးပွားရေးအရ ကမ္ဘာတွင် ဒုတိယနေရာသို့ရောက်ရှိနေပြီဖြစ်ပြီး အမေရိကန်၏ပထမနေရာကို ကျော်တက် ရန် ကြိုးပမ်းလျက်ရှိပါသည်။ လူနေမှုဘဝအဆင့်အတန်းမြင့်မား လာသကဲ့သို့ ယဉ်ကျေးမှုစရိုက်လက္ခဏာများလည်း ပြောင်းလဲလာခဲ့ပါသည်။ ရုပ်ပစ္စည်းများခေတ်မီတိုးတက်လာသကဲ့သို့ စိတ်ပိုင်းဆိုင်ရာများ အေးချမ်း တည်ငြိမ်စေရန် တရုတ်ဗုဒ္ဓဘာသာအသင်းနှင့်ဘုန်းတော်ကြီးများ၊ သက်ကြီး မျိုးဆက်များက ဘာသာရေးအဆုံးအမများကို အလေးထားသွန်သင် ထိန်း ကျောင်း လာကြသည်။ ရှန်ဟိုင်းမြို့ ဒဿနိကတက္ကသိုလ်တွင် မြန်မာပြည်မှ ချမ်းမြေ့ဆရာတော်ကြီးများပင့်ဖိတ်၍ ကျောင်းသားများအား ဟောပြောပို့ချ မှုများ၊ အမေးအဖြေ ပြုလုပ်မှုများပြုလုပ်ခဲ့ရကြောင်း သိရှိရပါသည်။ တရုတ် ဗုဒ္ဓဘာသာအသင်းမှလည်း ဖားအောက်တောရဆရာတော်ကြီးအား ပင့်ဖိတ်၍ ပေကျင်း၊ ရှန်ဟိုင်းတို့တွင် ဟောပြောပို့ချမှုများပြုလုပ်ခဲ့ပါသည်။ ကမ္ဘာပေါ်တွင် လူဦးရေသန်းထောင်နှင့်ချီရှိသော တရုတ်ပြည်သူများ၊ မျိုးဆက်သစ်များအတွက် လုံခြုံအေးချမ်းမှုရှိသော လူနေမှုဘဝပတ်ဝန်းကျင်ကို တရုတ်အစိုးရကလည်း အလေးထား စီမံထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ပထမဆုံးဗုဒ္ဓဘာသာကျောင်းတော်

သမ္မတကျန်ဇီမင်းကိုယ်တိုင် ဟေနန်ပြည်နယ် လော့ယန်မြို့ ပိုင်မာစီ Bai Ma Si (မြင်းဖြူကျောင်းတော်)အား "ပထမဆုံးသောဗုဒ္ဓဘာသာကျောင်းတော်" ဟု ကမ္ပည်းဆိုင်းဘုတ်တပ်ပေးခဲ့သည်။ သမိုင်းမှတ်တမ်းများက စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ အေဒီ ၆၄ ခုနှစ်က ဟန်မင်းဆက် ဧကရာဇ် ဘုရင် Xiaoming သည် ရွှေရောင်အဆင်းရှိ ထူးဆန်းသော ပုဂ္ဂိုလ်တစ်ဦး အနောက်ဘက်အရပ်ကောင်းကင်မှ ၎င်း၏နန်းတော်သို့ပျံကြွလာကြောင်း အထင်အရှားအိပ်မက်အရ နောက်တစ်ရက်တွင် ဝန်ကြီးများအားရှင်းပြခဲ့ရာ ဝန်ကြီး Fuyi ဆိုသူက တရုတ်ပြည်၏ အနောက်ဘက်အရပ်ရှိ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓမြတ်စွာဘုရားပေါ်ထွန်းလာသည်ဟု သတင်းကြားသိရကြောင်း၊ ဗုဒ္ဓဘုရားရှင်၏ဘုန်းတန်ခိုးတော်ကြောင့် အိပ်မက်မက်ရခြင်းဖြစ်နိုင်ကြောင်း ပြန်လည်လျှောက်ထားခဲ့သည်ဟု သိရှိရပါသည်။ ထို့နောက် မင်းကြီးက သံတမန်နှစ်ဦးအား အိန္ဒိယနိုင်ငံသို့ စေလွှတ်ရှာဖွေစေခဲ့ရာ အေဒီ ၆၇ ခုနှစ်တွင် ဘုန်းတော်ကြီးများကိုဖူးတွေ့ရသောအခါ ကြည်ညိုသဒ္ဓါပွား၍ Xi Yong Men အရပ်တွင် ဘုရားကျောင်းကန်များ ဆောက်လုပ်လှူဒါန်းပေးခဲ့ပါသည်။ ကျောင်းတော်အမည်အား ဗုဒ္ဓရုပ်ပွားနှင့်ဓမ္မကျမ်းစာများကို မြင်းဖြူနှင့် သယ်ဆောင်လာခဲ့သည်ကိုထောက်၍ မြင်းဖြူကျောင်းတော် "Bai Ma Si"ဟု အမည်တွင်စေခဲ့ပါသည်။

မြင်းဖြူကျောင်းတော်အား အေဒီ ၆၈ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး တရုတ်မင်းအဆက်ဆက် ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့ကြသည်။ ယနေ့တွေ့မြင်ရသောလက်ရာများသည် မင်မင်းဆက်(၁၃၆၁-၁၆၄၄)၊ ချင်မင်းဆက်လက်ထက်(၁၃၄၄-၁၉၁၁)မွမ်းမံခဲ့သော လက်ရာအမွေအနှစ်များ ဖြစ်ကြပါသည်။ တရုတ်နိုင်ငံမှ တရုတ်ဘာသာဖြင့် ဗုဒ္ဓဘာသာကျမ်းစာ (Si Si Er Zhang Jing) နှင့် ဝိနည်းဗုဒ္ဓဘာသာစည်းမျဉ်း (Fo Di Jie Xin) တို့ကို ဤကျောင်းတော်မှ ဘာသာပြန်ပေးခဲ့ခြင်းဖြစ်ပါသည်။ နှစ်ပေါင်း ၂၀၀၀ ကျော်အတွင်း ဤကျောင်းတော်မှ ဆရာတော်ကြီးများနှင့် တရုတ်ဘုန်းတော်ကြီးများအဆက်ဆက်တို့ ဗုဒ္ဓဘာသာ တည်တံ့၊ ပြန့်ပွား၊ ထွန်းကားစေရန် ကြိုးပမ်းခဲ့သည့် သမိုင်းမှတ်တမ်းများ အထင်အရှားရှိခဲ့သည်။ တရုတ်ပြည်၏ဗုဒ္ဓဘာသာမြစ်ဖျားခံရာဒေသဖြစ်ပါသည်။ ဂျပန်၊ ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံများသို့လည်း ဤနေရာမှဆက်လက်၍ ဗုဒ္ဓဘာသာပျံ့နှံ့ခဲ့သည်ဟုလည်း မှတ်တမ်းများအရ လေ့လာသိရှိရပါသည်။

မြင်းဖြူကျောင်းတော်မြင်ကွင်း

မြင်းဖြူကျောင်းတော်၏ မူလဧရိယာမှာ တရုတ်မို ၁၀၀၀ ကျော် ၁၆၇ ဧကခန့်ရှိပြီး လက်ရှိဧရိယာမှာ စတုရန်းမီတာ ၃၄၀၀၀ ရှိပါသည်။ မြင်းဖြူကျောင်းတော်၏ပင်မအဆောက်အအုံတွင် အခန်းပေါင်း ၁၀၀ ကျော်ရှိသည်။ ကျောင်းတော်အတွင်း စတင်ဝင်ရောက်လာပြီးသည်နှင့် အစဉ်လိုက်အားဖြင့် လောကပါလနတ်မင်းကြီးကျောင်းဆောင်၊ ဘုရားရုပ်ပွားစံကျောင်း၊ Da Xiong နန်းဆောင်၊ Jie Yinနန်းဆောင်၊ Pi Lu Gre နန်းဆောင်တို့နှင့် ဘုံငါးဆင့်ပါ သကျဓာတ်တော်စေတီတို့ ဖြစ်ပါသည်။ ၎င်းသကျဓာတ်တော်စေတီသည် တရုတ်နိုင်ငံတွင် အစောဆုံးတည်ရှိခဲ့ကြောင်း မှတ်တမ်းရှိပါသည်။ ထို့ပြင် နတ်မင်းကြီးခြောက်ပါး ကျောင်းဆောင်၊ ကျောက်စိမ်းရုပ်ပွား စံကျောင်း၊ ပိဋကတ်ကျမ်းစာ၊ ရတနာတိုက်တို့လည်း ရှိကြပါသည်။

မြင်းဖြူကျောင်းတော်သို့ တစ်နှစ်လျှင် တရုတ်ဘုရားဖူး အနည်းဆုံး တစ်သန်းခန့် နှစ်စဉ်လာရောက်ကြသည်။ လော့ယန်မြို့၏ နှစ်စဉ် ဧပြီလ၌ ကျင်းပသော ပီအိုနီပန်းပွဲတော် အချိန်တွင် တရုတ်တစ်ပြည်လုံးမှ ဘုရားဖူးခရီးသွားများ အစည်ကားဆုံးအချိန်ဖြစ်ပါသည်။ မြင်းဖြူကျောင်းအတွင်း စိတ်အဝင်စားဆုံးနေရာ ခြောက်နေရာမှာ သကျဓာတ်တော်စေတီတော်၊ အေးချမ်းမျှော်စင်၊ Teng Lan သင်္ချိုင်း၊ ဗုဒ္ဓကျမ်းစာ မီးလောင်စင်၊ မော်ကွန်းကျောက်စာတိုင်နှင့် သန်းခေါင်ယံ ခေါင်းလောင်းများ၊ ရှုခင်းနေရာတို့ပင် ဖြစ်ပါသည်။ ဟေနန်ပြည်နယ်သည် လူဦးရေသန်း ၁၀၀ ခန့်ရှိပြီး ရာသီဥတုကောင်းမွန်၍ စိုက်ပျိုးမြေဖြစ်ထွန်းသောဒေသဖြစ်ပါသည်။ ဗုဒ္ဓဘာသာ အများဆုံးထွန်းကားသော ပြည်နယ်လည်းဖြစ်ပါသည်။ မြောက်ပိုင်း ဝေမင်းဆက်တွင် လော့ယန်မြို့ပတ်လည်ရှိ တောင်ငါးလုံးတွင် ဗုဒ္ဓဘုရားစေတီကျောင်းတော် ၁၃၆၇ ခုထိရှိခဲ့ပြီး "Land of Buddhism"ဟု ထိုခေတ်က ထင်ရှားခဲ့သည်။

အထက်ပါဘူမိနက်သန်မှန်သော မြင်းဖြူကျောင်းတော်တွင် မဟာစိနရဋ္ဌပဘာရွှေတိဂုံပုံတူစေတီတော်တည်ကောင်းမှုကုသိုလ်ပြုရန် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ၂၀၁၁ ခုနှစ်၊ မေလ ၂၈ ရက်နေ့က တရုတ်ပြည်ချစ်ကြည်ရေးခရီးစဉ်အတွင်း ပေကျင်းမြို့ စွယ်တော်မြတ်အား သွားရောက်ဖူးမြော်စဉ် စွယ်တော်တိုက်ဆရာတော်နှင့် မြင်းဖြူကျောင်းတော်ဆရာတော်တို့ မေတ္တာရပ်ခံချက်အရ ပုဗ္ဗစေတနာထက်သန်စွာနှင့် ပထမဆုံးပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

ဗုဒ္ဓစွယ်တော်တိုက်တည်ရှိရာ လင်ကွမ်းကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ Most Ven . Shi Chan Zhen က သမ္မတကြီးအား မေတ္တာရပ်ခံချက်အရ ဟေနန်ပြည်နယ်သည် လူဦးရေ သန်း ၁၀၀ ခန့်နှင့် ဗုဒ္ဓဘာသာကိုးကွယ်မှု အများဆုံးရှိသော ပြည်နယ်တစ်ခုဖြစ်ပြီး ဗုဒ္ဓအမွေအနှစ် အစောဆုံးရောက်ရှိ ထွန်းကားရာဒေသဖြစ်ကြောင်း၊ ဒေသခံပြည်သူများမှာလည်း နူးညံ့သိမ်မွေ့ကြပြီး ဘာသာတရားကိုင်းရှိုင်းကြကြောင်း၊ သမ္မတကြီးနှင့် မြန်မာအစိုးရတို့မှ ဗုဒ္ဓသာသနာအရှည်တည်တံ့ပွားများရန် သဒ္ဓါထက်သန်စွာ ကြိုးပမ်းလျက်ရှိကြသည်ကို ဆရာတော်သိရှိ၍ အလေးထား ဂုဏ်ပြုချီးကျူးပါကြောင်း၊ လော့ယန်မြို့ မြင်းဖြူကျောင်းတွင် ဗုဒ္ဓသာသနိကအဆောက်အအုံတစ်ခုပေါ်ထွန်းလာပါက သန်းပေါင်းများစွာရှိသော တရုတ်ပြည်သူများအတွက် သမိုင်းဝင်အဖိုးမဖြတ်နိုင်သော သာသနာလက်ဆောင်ကောင်းတစ်ခု ဖြစ်သလို ဗုဒ္ဓဘာသာသာသနာပြုလုပ်ငန်းကြီးတစ်ရပ်ဟု ယုံကြည်ပါကြောင်း မိန့်ကြားခဲ့ရာ သမ္မတကြီးက ပုဗ္ဗ၊ မုဉ္စ၊ ပရစေတနာ သုံးတန်ထက်သန်စွာ သာသနာပြုရန် ဆုံးဖြတ်ခဲ့ပါသည်။ သမ္မတကြီး၏ချက်ချင်းတုံ့ပြန်ခဲ့သော သဒ္ဓါတရားကို စွယ်တော်တိုက်ဆရာတော်နှင့် မြင်းဖြူကျောင်းဆရာတော်၊ တရုတ်ဗုဒ္ဓဘာသာအသင်းတို့ကလည်း ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုခဲ့ကြသည်။

မြင်းဖြူကျောင်းတော်တာဝန်ခံ ဆရာတော်မှာ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ Most Ven Yin Le ဖြစ်ပါသည်။ ဆရာတော်၏သာသနာရေးဆိုင်ရာကြိုးပမ်းစွမ်းဆောင်မှုများကြောင့် မြန်မာနိုင်ငံတော်အစိုးရက ပူဇာစ ပူဇနေယျာနံ မင်္ဂလာတရားတော်နှင့်အညီ ၂၀၁၂ ခုနှစ်က ဘွဲ့တံဆိပ် ဆက်ကပ်တော်မူခဲ့ခြင်း ဖြစ်ပါသည်။ ဆရာတော်သည် ၂၀၀၅ ခုနှစ်တွင် ကျောင်းထိုင်ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် တရုတ်ဗုဒ္ဓဘာသာအသင်းမှ လျာထားသော ဝါရင့် သံဃာရှစ်ပါးအနက် အသက်အရွယ်အားဖြင့်ငယ်ရွယ်သော်လည်း ဆန်ခါတင် ရွေးချယ်တင်မြှောက်ခံထားရသူ ဖြစ်ပါသည်။ ယခု ကျောင်းတော်တွင် တရုတ်သံဃာတော်အပါး ၁၁၀ ရှိပြီး တရားဟောပြောပို့ချမှုများ၊ စာပေသင်ကြားမှုများ၊ သာသနိကအဆောက်အအုံများ မွမ်းမံပြင်ဆင် တည်ဆောက်ထိန်းသိမ်း သာသနာပြုလျက်ရှိသော သာသနဓဇအာဇာနည်တစ်ပါး ဖြစ်ပါသည်။ သက်သတ်လွတ်ဘုန်းတော်ကြီးကျောင်းဖြစ်ပြီး ဟေနန်ပြည်နယ်တွင် လူသိထင်ရှားကျော်ကြားသော ဗုဒ္ဓဘာသာကျောင်းတော်ကြီးဖြစ်ပါသည်။

မြန်မာပြည်သူတို့၏ သဒ္ဓါတရားမြင်ကွင်း

မဟာစိနရဋ္ဌပဘာရွှေတိဂုံပုံတူစေတီတော်တည်ထားမည့် ပရိဝုဏ်မှာ အလျား ၁၀၈ မီတာ၊ အနံ ၆၅ မီတာရှိပြီး ၁ ဒသမ ၇၃ ဧကခန့် ကျယ်ဝန်း၍ စေတီတော်၏ဉာဏ်တော်မှာ ၁၀၈ ပေ ရှိပါသည်။ ပရိဝုဏ်ပတ်လည် အုတ်တံတိုင်းအား နန်းမြို့ရိုးပုံဖော်ထားပြီး မုခ်ဦးလေးခုနှင့် မြန်မာမှုဒီဇိုင်းပုံသဏ္ဌာန်များနှင့် နဂါးရုံဘုရား၊ ကျိုက်ထီးရိုးဘုရားပုံတူစေတီတို့၏အခင်းအကျင်းမှာ တင့်တယ်ပန်ရလှပေသည်။ ပရိဝုဏ်အတွင်း ဓမ္မာရုံအဆောက်အအုံတစ်ခုအား မြန်မာဗိသုကာတို့လက်ရာများ၊ မြန်မာတို့၏ ယဉ်ကျေးမှုဒီဇိုင်းများဖြင့် ခံ့ထည်လှပစွာ ဆောက်လုပ်ထားသည်။ ဘုရားပရိဝုဏ်အတွင်း ဝင်လမ်းထွက်လမ်းများနှင့် ပတ်လည်လျှောက်လမ်းများ၊ ဥယျာဉ်မြက်ခင်းပန်းမန်များ၏အခင်းအကျင်းကလည်း ဘုရားဖူးတိုင်း၏အာရုံကို ဆွဲဆောင်မှုအပြည့် ဖန်တီးပေးထားသည်။ မြန်မာပြည်သူတို့၏ သဒ္ဓါတရားအခင်းအကျင်းမြင်ကွင်းများပင် ဖြစ်ပါသည်။

ကြည်ညိုဖွယ် မဟာစိနရဋ္ဌပဘာရွှေတိဂုံပုံတူစေတီတော်

စေတီတော်၏ဉာဏ်တော်သည် ၁၀၈ ပေ အမြင့်ရှိပါသည်။ ငလျင်ဒဏ်ခံနိုင်ရည်ရှိရန် စနစ်တကျအောက်ခံမြေသားစမ်းသပ်ခြင်း၊ ဘိုးပိုင်တိုင်များ၊ အောက်ခံသံတိုင်များနှင့် ဖောင်ဒေးရှင်းအခိုင်အမာကို တရုတ်နယ်မြေခံကျွမ်းကျင်သူပညာရှင်များနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ဓာတ်ပုံမှတ်တမ်းများအရ သိရှိရပါသည်။ ဌာပနာ သုံးဆင့်ထားရှိပြီး အတွင်းလိုဏ် သုံးဆင့် ထားရှိပါသည်။ လိုဏ်အောက်ထပ်တွင် ဗုဒ္ဓဝင်ကျောက်ဆစ်ပန်းချီ၊ ပန်းပုလက်ရာများနှင့် ပုံဖော်ထားသည်။ အပေါ်ထပ်လိုဏ်တွင် ဗဟိုအလယ်၌ ဆွမ်းအုပ်ဖြင့် မြန်မာမှုလက်ရာဖန်တီးထားရှိပြီး ဗုဒ္ဓရုပ်ပွားတော်လေးဆူကိုလည်း တရုတ်ပြည်သူတို့ အထူးတန်ဖိုးထားသော ကျောက်စိမ်းရုပ်ပွားတော်အပါအဝင် စကျင်ရုပ်ပွားတော်၊ ကျွန်းသားဘုရားရုပ်ပွားတော်နှင့်ကြေးဆင်းတုရုပ်ပွားတော်တို့ကို အထူးစီမံထားရှိ၍ ဗုဒ္ဓါနုဿတိကိုနှလုံးသွင်းပွားများနိုင်ကြမည်ဖြစ်ပါသည်။ ကမ္ဘာလှည့်ခရီးသည်များနှင့် တရုတ်ပြည်သူဘုရားဖူးအများအပြား လာရောက်ကြသည့်အတွက် မြန်မာ့ရိုးရာပန်းပညာများနှင့် မြန်မာ့ယဉ်ကျေးမှုလက္ခဏာ ဒီဇိုင်းများစွာကိုလည်း တွေ့မြင်နိုင်ကြမည်ဖြစ်ပါသည်။

တည်ဆောက်ရေးကာလ

မြန်မာတို့၏ဓလေ့ထုံးစံနှင့်အညီ မဟာစိနရဋ္ဌပဘာရွှေတိဂုံပုံတူစေတီတော်ကြီး အောင်မြင်ချောမောစွာပြီးစီးနိုင်ရန် အစကနဦးလုပ်ငန်းဖြစ်သော မြေသန့်မင်္ဂလာ၊ ပန္နက်တင်သွင်းတော်ဝန်းမင်္ဂလာနှင့် ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားများကို ၂၀၁၂ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် မြန်မာနိုင်ငံမှ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်မြန်မာသံအမတ်ကြီးတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ ဦးဆောင်၍ ကျင်းပခဲ့ပါသည်။

တရုတ်ဘက်မှ လော့ယန်မြို့တော်ဝန်နှင့် အုပ်ချုပ်ရေးအာဏာပိုင်တို့ တက်ရောက်ခဲ့သည်။ မြင်းဖြူကျောင်းတော်ဆရာတော်ကြီးမှူး၍ တရုတ်ဘုန်းတော်ကြီးများနှင့်လည်း ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ အခမ်းအနားမှာ ဒေသခံပြည်သူများ၊ ဘုရားဖူးလာသူများနှင့်စည်ကားလှပါသည်။ ထိုနေ့သည် လော့ယန်မြို့၏ နှစ် ၃၀ မြောက် ပီအိုနီပန်းပွဲတော်နှင့်တိုက်ဆိုင်၍ တရုတ်တစ်နိုင်ငံလုံးမှခရီးသွားများ ပန်းပွဲတော်သို့ စည်ကားစွာ လာရောက်ကြသောကာလလည်းဖြစ်ပါသည်။ ထိုနေ့ရက်မတိုင်မီက သုံးရက်ခန့် မိုးများ ဆက်တိုက်ရွာသွန်းပြီး ချမ်းအေးလွန်းလှသော်လည်း ရတနာအုတ်မြစ်စီ မင်္ဂလာကျင်းပသည့်ရက် နံနက်ပိုင်းတွင် မိုးလေဝသကြည်လင်ကောင်းမွန်နေသည်ကို ကျောင်းထိုင်ဆရာတော်ကိုယ်တိုင်က ထူးခြားမှုတစ်ရပ်အဖြစ် မှတ်ချက်ပြုခဲ့ကြောင်း သိရှိရပါသည်။

ထို့နောက် စေတီတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် Spil Test မြေသားခံနိုင်ရည်စံနှုန်းများအတိုင်း တရုတ်ပညာရှင်များနှင့် စစ်ဆေးတိုင်းထွာခြင်း၊ ဖောင်ဒေးရှင်းလုပ်ငန်းများကို တရုတ်ရှေးဟောင်းအမွေအနှစ်များအား ထိန်းသိမ်းတည်ဆောက်ရေးအတွေ့အကြုံရှိသောကုမ္ပဏီနှင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ခြင်း၊ လိုအပ်သောပစ္စည်းများ စုဆောင်းခြင်းတို့ကို ပြင်ဆင်ပြုလုပ်ခဲ့ကြသည်။ တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၂ ခုနှစ် ဩဂုတ်လမှ စတင်ခဲ့သည်။ မူလတည်ဆောက်ရေးကာလကို နှစ်နှစ်ခန့်မှန်းခဲ့သော်လည်း ယခုအခါ ခန့်မှန်းချိန်ထက်စော၍ ၂၀၁၃ ခုနှစ်အောက်တိုဘာလတွင် ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ပါသည်။ နောက်ထပ်နှစ်လခန့်အတွင်း အချောသပ်ပြီးစီးတော့မည် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံမှ ဗုဒ္ဓစံချီပုံတူစေတီတော် (Sanchi Temple)

လော့ယန်မြို့ ပိုင်မာစီခေါ် မြင်းဖြူကျောင်းတော်သည် အိန္ဒိယနိုင်ငံမှ ဗုဒ္ဓရုပ်ပွားတော်များနှင့် ကျမ်းစာများကို ဘုန်းတော်ကြီးနှစ်ပါး မြင်းဖြူများနှင့် ပင့်ဆောင်လာရာမှအစပြု၍ ပေါ်ပေါက်လာခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ယခင်ဝန်ကြီးချုပ် ဝမ်ကျားပေါင်၊ အိန္ဒိယချစ်ကြည်ရေးခရီးစဉ်တွင် စံချီစေတီတော်ကို မြင်းဖြူကျောင်းတော်တွင် ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ဆောက်လုပ်လှူဒါန်းရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။ အိန္ဒိယနိုင်ငံမှ စံချီပုံစံတူအား အိန္ဒိယလက်ရာဗိသုကာတို့နှင့် ၂၀၀၆ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် အုတ်မြစ်ချအခမ်းအနားကျင်းပခဲ့သည်။ ၂၀၀၆ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် အိန္ဒိယဒီဇိုင်းပညာရှင်များနှင့် စတင်ဆောက်လုပ်ခဲ့ရာ ၂၀၁၀ ပြည့်နှစ် ဧပြီလ ၂၈ ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်၊ မေလ ၂၉ ရက်နေ့တွင် အိန္ဒိယသမ္မတ Madame Pratibha Sevi Singh Patil ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး တရုတ်-အိန္ဒိယချစ်ကြည်ရေး အမှတ်တရအထိမ်းအမှတ် အဆောက်အအုံများအဖြစ် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။ မြန်မာပြည်သူတို့၏ ရွှေတိဂုံပုံတူစေတီတော်အနီးတွင် တည်ရှိနေပါသည်။ စံချီစေတီသည် အိန္ဒိယနိုင်ငံ Madhya Pradesh ပြည်နယ် Sanchi ရွာတွင် အာသောကမင်းကြီး ၃ ရာစုအတွင်းက ရှေးအကျဆုံးပုံစံနှင့် ကျောက်တုံးများဖြင့် ဆောက်လုပ်ခဲ့ကြောင်း မှတ်တမ်းများအရ လေ့လာသိရှိရသည်။

မြန်မာပြည်သူတို့၏ ဆန္ဒမွန်

မဟာစိနရဋ္ဌပဘာရွှေတိဂုံပုံတူစေတီတော် တည်ဆောက်ရာတွင် တရုတ်နိုင်ငံမှ ဗုဒ္ဓစွယ်တော်မြတ် ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံသို့ ၄၈ ရက် ဒေသစာရီကြွချီခဲ့စဉ် နောက်ဆုံး သုံးရက်တွင် ပြည်သူတို့ သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့သော ရွှေ၊ ငွေ၊ ရတနာများနှင့် အလှူငွေများ ပါဝင်ခဲ့ပါသည်။ ဗုဒ္ဓစွယ်တော်တိုက်ဆရာတော်ကြီးနှင့်တကွ တရုတ်ဗုဒ္ဓဘာသာအသင်း၊ တရုတ်ပြည်သူအလှူရှင်များကလည်း သဒ္ဓါညီတူပေးလှူခဲ့ကြသည့် အလှူငွေများလည်း ပါဝင်ပါသည်။ ဗုဒ္ဓရုပ်ပွားတော်များ၊ ဌာပနာတော်များ၊ စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော်တို့ကို ဉပ္ပါတသန္တိစေတီတော်နှင့် ရွှေတိဂုံစေတီတော်တို့တွင် ရင်ငွေ့လှုံပူဇော်ပြီးမှ မြန်မာတို့၏ သဒ္ဓါအဟုန်နှင့် ပို့ဆောင်ပေးရန် စီစဉ်ထားရှိသည်။ ရွှေတိဂုံစေတီတော်ကြီးသည် မြင်းဖြူကျောင်းတော်၏စေတီတော်ထက် နှစ် ၆၀၀ မျှစော၍ တည်ရှိခဲ့ပါသည်။ ရွှေတိဂုံစေတီတော်ကြီးသည် မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပင် တည်ထားခဲ့ပြီး ဘုရားရိပ်သည် အအေးမြဆုံး၊ အချမ်းသာဆုံးဖြစ်ကြောင်း မြန်မာပြည်သူတို့ အလေးအနက် ယုံကြည်ကြပါသည်။ မြန်မာတို့၏ အထွတ်အထိပ်လည်း ဖြစ်ပါသည်။

ထို့အတူ နိုင်ငံတော်သမ္မတကြီးနှင့် မြန်မာပြည်သူတို့ သဒ္ဓါထက်သန်စွာ တည်ထားလှူဒါန်းမည့် မဟာစိနရဋ္ဌပဘာရွှေတိဂုံပုံတူစေတီတော်ကြီး မကြာမီကာလအတွင်း အောင်မြင်စွာပြီးစီးတော့မည်ဖြစ်၍ တရုတ်-မြန်မာ နှစ်ပြည်ထောင် ချစ်ကြည်ရေးအခြေခံသော ဘာသာရေး၊ သာသနာရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများထွန်းကားပါစေကြောင်း၊ အအေးမြဆုံးသောဘုရားရိပ်ကို တရုတ်ပြည်သူများ ကြည်နူးအေးချမ်းစွာ ခံစားနိုင်ပါစေကြောင်းနှင့် တရုတ်ပြည်ကြီး ဗုဒ္ဓသာသနာတည်တံ့ပြန့်ပွားတိုးတက်ပါစေကြောင်း ဆုတောင်းဆန္ဒပြုလျက် ဤဆောင်းပါးအား မုဒိတာပွားနိုင်ရန် မှတ်တမ်းတင်ပြုစုတင်ပြပါသည်။ ။

နိုင်ငံတကာသတင်း

ကမ္ဘောဒီးယား၌ H5N1 ဖြစ်သူတိုးလာ

ဖနောင်ပင် နိုဝင်ဘာ ၁၆

ကမ္ဘောဒီးယားနိုင်ငံ၌ H5N1 ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသူ အသစ်နှစ်ဦးရှိပြီး ယခုနှစ်အတွင်း စုစုပေါင်း ၂၆ ဦးရှိသွားပြီဖြစ်ကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၄ ရက်တွင် ကြေညာထားသည်။

အဆိုပါ ရောဂါဖြစ်ပွားသူနှစ်ဦး အနက်တစ်ဦးမှာ ထိုင်းနယ်စပ်အနီး ပိုင်လင်းပြည်နယ်ရွာတစ်ရွာမှအသက် ၂၉ နှစ်ရှိ အမျိုးသားတစ်ဦး ဖြစ်ကြောင်း၊ ၎င်းသည် နိုဝင်ဘာ ၆ ရက်က ဆေးရုံ၌ သေဆုံးသွားပြီ ဖြစ်ကြောင်း၊ ၎င်းသည်ယခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ ယင်းရောဂါဖြင့် သေဆုံးသူ ၁၄ ဦးမြောက် ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အခြားတစ်ဦးမှာ ကွန်ပေါင်စပန်း ပြည်နယ်ရွာတစ်ရွာမှ အသက် ၃ နှစ်အရွယ်ရှိ ယောကျ်ားလေးတစ်ဦး ဖြစ်ကြောင်း၊ ၎င်းလည်းဆေးရုံတွင် သေဆုံးသွားကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါရောဂါသည် အများ အားဖြင့် ကြက်ခြံများ၌ဖြစ်ပွား တတ်သော်လည်း တစ်ခါတစ်ရံ ကြက်ခြံများမှ လူကိုကူးစက်တတ် သည်ဟုဆိုသည်။

အမ်အင်န်အေ၊ ကျိုဒို

လစ်ဗျားမြို့တော် ထရီပိုလီ၌ အဓိကကရုဏ်းဖြစ်ပွား ပြည်သူ့စစ်များက ပစ်ခတ်၍ ဆန္ဒပြသူ ၃၁ ဦးသေဆုံး

ထရီပိုလီ နိုဝင်ဘာ ၁၆

လစ်ဗျားနိုင်ငံမြို့တော်ထရီပိုလီ၌ ပြည်သူ့စစ်က ဆန္ဒပြသူများအား ပစ်ခတ်ဖြိုခွင်းခဲ့မှုကြောင့် အနည်းဆုံး ၃၁ ဦးသေဆုံးပြီး ၂၃၅ ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆန္ဒပြသူများသည် မစ်ဆရာတာရှိ ပြည်သူ့စစ်ဌာနချုပ်သို့ ချီတက်ကာ ၎င်းရုံးချုပ်အား မြို့တော်ထရီပိုလီမြို့ အပြင်သို့ ပြောင်းရွှေ့ပေးရန် တောင်းဆိုခဲ့ကြသည်။ **(အပေါ်ပုံ)**

လက်နက်ကိုင် သေနတ်သမားများက ပြည်သူ့စစ်များနေထိုင်သော အဆိုပါ ဌာနချုပ်ဝင်းကို တိုက်ခိုက်ခဲ့ပြီးနောက် နာရီပိုင်းအကြာ အဆိုပါ ပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။

လစ်ဗျားအစိုးရသည် နိုင်ငံအတွင်း ပျံ့နှံ့လျက်ရှိသော ပြည်သူ့စစ်များအား ထိန်းချုပ်ရန်ရုန်းကန်နေရဆဲဖြစ်သည်။ ပြည်သူ့စစ်အားလုံးသည် ခြွင်းချက်မရှိ မြို့တော်ထရီပိုလီအပြင်ဘက်ထွက်ပေးရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အလီဇီဒန်က ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။

ပြည်သူ့စစ်များသည် ၂၀၁၁ တော်လှန်ရေးကာလတွင် အရပ်သားများမှ ဆင်းသက်လာခဲ့သည်ဟု ဆိုသည်။ အဆိုပါ ပြည်သူ့စစ်များအား ဖျက်သိမ်းခြင်း သို့မဟုတ် စစ်တပ်နှင့် ပူးပေါင်းခြင်းများ ပြုလုပ်သွားရန် ကြားဖြတ်အစိုးရက နှစ်ကုန်အထိ အချိန်ပေးထားသည်။

(ဘီဘီစီ)

ဖိလစ်ပိုင်မုန်တိုင်းအရေးပေါ်ကယ်ဆယ်ရေးအကူအညီ ဗြိတိန်အစိုးရက ပေါင်သန်း ၃၀ အပိုဆောင်းပေးမည်

မနီလာ နိုဝင်ဘာ ၁၆

ဗြိတိန်အစိုးရက ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီး နောက်တစ်ပတ်အကြာတွင် အရေးပေါ်အကူအညီ ပေါင်သန်း ၃၀ အပို ဆောင်းပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ကြေညာလိုက်သည်။

ဖိလစ်ပိုင်မုန်တိုင်းဒဏ်ခံရသူများဘဝ ပြန်လည်ထူထောင်ရေးအတွက် အဆိုပါပေါင်သန်း ၃၀ ပေးသွားမည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ၌ကျင်းပ သော ဓနသဟာယထိပ်သီးအစည်းအဝေး၌ ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ပြောဆိုလိုက်ခြင်းဖြစ်သည်။

ဗြိတိသျှအစိုးရက အဆိုပါမုန်တိုင်းအကူအညီအဖြစ် ပေါင်သန်း ၅၀ ပေးရန် ကတိကဝတ်ပြု ပြောဆိုထားခဲ့သည်။

ဖိလစ်ပိုင်မုန်တိုင်းကြောင့် သွားလာရန်ခက်ခဲသောဒေသများသို့ ဗြိတိန်က ရဟတ်ယာဉ်များစေလွှတ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး မည်ဖြစ်ကြောင်းလည်း မစ္စတာကင်မရွန်းကပြောသည်။

မုန်တိုင်းကြောင့် လူပေါင်း ၃၆၀၀ ခေ သဆုံးခဲ့ရပြီး လူပေါင်း ၁၂ သန်း မုန်တိုင်းဒဏ်ခံခဲ့ရသည်။

(ဘီဘီစီ)

ဆီးရီးယားဓာတုလက်နက်ဖျက်ဆီးရေးအစီအစဉ် ဓာတုလက်နက်စောင့်ကြည့်ရေးအဖွဲ့ လက်ခံ

ဒမတ်စကတ် နိုဝင်ဘာ ၁၆

ကမ္ဘာ့ဓာတုလက်နက်စောင့်ကြည့်ရေးအဖွဲ့က ၂၀၁၄ ခုနှစ် နှစ်လယ်တွင် ဆီးရီးယားဓာတုလက်နက်များဖျက်ဆီးရေးအသေးစိတ်အစီအစဉ်ကို သဘောတူ လက်ခံလိုက်ပြီဖြစ်သည်။

ဓာတုလက်နက်များတားဆီးရေးအဖွဲ့ (အိုပီစီဒဗလျူ)က အဆိုပါ လက်နက် များဖျက်ဆီးရေးနောက်ဆုံးအချိန်ဇယားကို နိုဝင်ဘာ ၁၅ ရက်က သဘောတူ လိုက်ခြင်းဖြစ်သည်။

အဆိုပါအချိန်ဇယားကို ကုလသမဂ္ဂကျောထောက်နောက်ခံပြုသော အမေရိကန်-ရုရှားတို့၏ ကြားဝင်ဖျန်ဖြေရေးအစီအစဉ်အရဆောင်ရွက်သွား မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို အယ်လ်ဘေးနီးယားနိုင်ငံက ၎င်းဓာတုလက်နက် များအိမ်ရှင်အဖြစ်လက်ခံဖျက်ဆီးပေးရန် မေတ္တာရပ်ခံတောင်းဆိုမှုအပေါ် ငြင်းဆိုခဲ့သော်လည်း သဘောတူလက်ခံခဲ့သည်။ အစီအစဉ်အရ ဓာတုလက် နက်များကို ဆီးရီးယားနိုင်ငံပြည်ပ၌ ၂၀၁၄ခုနှစ်၏ ရက် ၃၀ ထက် နောက်မ ကျဘဲ ဖျက်ဆီးသွားမည်ဟုဆိုသည်။ အစိုးရိမ်ရဆုံး ဓာတုလက်နက်များကို ဒီဇင်ဘာ ၃၁ ရက်တွင် ဖယ်ရှားပြီး ဓာတုပစ္စည်းများကို ဖေဖော်ဝါရီ ၅ ရက်တွင် ဖယ်ရှားရန်သတ်မှတ်ထားသည်။

(ဘီဘီစီ)

စုံတွဲတစ်တွဲ ကလေးတစ်ဦးနှုန်း မူဝါဒ တရုတ်နိုင်ငံ၌ဖြေလျှော့ပေးမည်

ပေကျင်း နိုဝင်ဘာ ၁၆

တရုတ်နိုင်ငံက စုံတွဲတစ်တွဲကလေးတစ်ဦးနှုန်းသာယူရမည်ဟု တင်းကျပ်ထားသောဥပဒေကို ဖြေလျှော့ပေးသွား မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်း မီဒီယာက သတင်းဖော်ပြသည်။

အနာဂတ်တွင် တရုတ်မိသားစုများသည် မိဘတစ်ဦး ကလေးတစ်ဦးနှုန်းဖြင့် ကလေးနှစ်ဦးအထိယူခွင့်ရှိမည်ဖြစ် ကြောင်း ဆင်ဟွာသတင်းအေဂျင်စီက သတင်းဖော်ပြသည်။

အဆိုပါ သဘောတူခွင့်ပြုမှုသည် ယခုသီတင်းပတ်အတွင်း ကွန်မြူနစ်ပါတီ အဓိကဆုံးဖြတ်ချက်များဆိုင်ရာ အစည်းအဝေးကျင်းပပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

စုံတွဲတစ်တွဲကလေးတစ်ဦးနှုန်းမူဝါဒကို တဖြည်းဖြည်းပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏လူဦးရေ တိုးတက်မှုကိုထိန်းညှိသွားနိုင်ရန် ရေရှည်ဆောင်ရွက်ရမည့်အစီအမံဖြစ်ကြောင်း ဆင်ဟွာကဖော်ပြသည်။

မူဝါဒချမှတ်

တရုတ်နိုင်ငံတွင် လူဦးရေလျင်မြန်စွာတိုးတက်မှုကိုထိန်းချုပ်နိုင်ရန် ၁၉၇၀ ပြည့်လွန်နှစ်များအကုန်မှစတင်ကာ စုံတွဲတစ်တွဲကလေးတစ်ဦးနှုန်းသာယူရန် မူဝါဒချမှတ်ဆောင်ရွက်ခဲ့သည်ဟုဆိုသည်။ သို့ရာတွင် ယင်းမူဝါဒမှာ တရုတ် နိုင်ငံတွင်ရေပန်းစားမှုနည်းလာပြီး အလုပ်သမားရှားပါးခြင်းနှင့် သက်ကြီးပိုင်းပြုစုစောင့်ရှောက်ရမှုများသာများလာ သည်ဟုဆိုသည်။ ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ၏လေးပုံတစ်ပုံကျော်သည် အသက် ၆၅ နှစ် အရွယ်ရှိသူများ ဖြစ်လာမည် ဟုဆိုသည်။

(ဘီဘီစီ)

မုန်တိုင်းဒဏ်ကြောင့် ဖိလစ်ပိုင်စီးပွားရေး ကျဆင်းမည်

မနီလာ နိုဝင်ဘာ ၁၆

ဖိလစ်ပိုင်နိုင်ငံတွင် ဟိုင်ယန်မုန်တိုင်းတိုက်ခတ်ခဲ့ခြင်းကြောင့် စတုတ္ထ သုံးလပတ်အတွင်း နိုင်ငံ၏စီးပွားရေးမှာ ၄ ဒသမ ၁ ရာခိုင်နှုန်းအထိ နှေးကွေးသွားနိုင်ကြောင်း အစိုးရ သတင်းအေဂျင်စီက နိုဝင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်ထား သည်။

မုန်တိုင်းကြောင့် စီးပွားရေး ထိခိုက်မှုသည် ၂၀၁၄ ခုနှစ်အထိ ရိုက်ခတ်သွားဖွယ်ရှိကြောင်း၊ ထုတ် ကုန်စွမ်းအား ကျဆင်းသွား၍ ဖြစ်ကြောင်း ဖိလစ်ပိုင်အမျိုးသား စီးပွားရေးနှင့်ဖွံ့ဖြိုးမှုအာဏာပိုင်အဖွဲ့ (အင်န်အီးဒီအေ)က နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာ တွင် ဖော်ပြသည်။

၂၀၁၃ ခုနှစ် တစ်ခုလုံး ဂျီဒီပီ သည် ၀ ဒသမ ၃ မှ ၀ ဒသမ ၈ ရာခိုင်နှုန်းအထိလျော့ကျနိုင်ကြောင်း၊ အနည်းဆုံးဖွံ့ဖြိုးတိုးတက်မှုရာခိုင်နှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိရှိနိုင်ကြောင်း အင်န် အီးဒီအေက ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံ၏စီးပွားရေးသည် ၂၀၁၃ ခုနှစ်တွင် ၇ ဒသမ ၃ ရာခိုင် နှုန်းအထိသာတိုးတက်ရန်ခန့်မှန်းထား သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှရောင်းချခဲ့သော လုံးချင်းတိုက်/တိုက်ခန်း/ လူနေဆိုင်ခန်း Shop House ဝယ်ယူခွင့်ရရှိသူများမှ ငွေအကျေပေးသွင်းရန် အသိပေးကြေညာချက်

၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှရောင်းချထားခဲ့သော အောက်ဖော်ပြပါ အိမ်ရာစီမံကိန်း များရှိ လုံးချင်းတိုက်၊ တိုက်ခန်း၊ လူနေဆိုင်ခန်း Shop House များကို ဝယ်ယူထားသူအချို့သည် ငွေပေးသွင်းရမည့် သတ်မှတ်ကာလထက်များစွာ ကျော်လွန်နေကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ

(ခ) သာကေတမြို့နယ်၊ ရတနာပုံအိမ်ရာ

(ဂ) သာကေတမြို့နယ်၊ ရတနာလမ်းသစ်အိမ်ရာ

(ဃ) လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်းအိမ်ရာ

(င) ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ

(စ) အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ ကြို့ကုန်းအိမ်ရာ

(ဆ) ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ ဣန္ဒြိတံအိမ်ရာ

(ဇ) ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံတောင်တိုးချဲ့၊ အကြီးစားစက်မှုဇုန်၊ ကရဏာလမ်းဘေးရှိ Shop House

(ဈ) ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ Rose Park(3)(4)၊ ရွှေပင်လုံအိမ်ရာ၊

(ည) ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ

၂။ သို့ဖြစ်ပါ၍ အထက်ပါအိမ်ရာစီမံကိန်းများရှိ တိုက်ခန်းတန်ဖိုးငွေအကျေပေးသွင်းရန် ကျန်ရှိသူများအနေဖြင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နောက်ဆုံးထား၍ တိုက်ခန်းတန်ဖိုးငွေ အကျေပေးသွင်းရန်နှင့် ပေးသွင်းခြင်းမရှိပါက ဝယ်ယူခွင့်အလိုအလျောက် ပယ်ဖျက်ပြီးဖြစ်ကြောင်း နှင့် ပေးသွင်းထားသောတိုက်ခန်းတန်ဖိုးငွေများကို ဌာနမှ ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်တွင်းသတင်း

ခေတ်အေးအုပ်စု ချောင်းဖျားကျေးရွာ၌ စုပေါင်းကထိန်ပွဲကျင်းပ

ဇေယျာသီရိ နိုဝင်ဘာ ၁၆

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ခေတ်အေးကျေးရွာအုပ်စု ချောင်းဖျားကျေးရွာ ရွာသူရွာသားများ၏ (၁၁)ကြိမ်မြောက် စုပေါင်းကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ တပ်ဦးကျောင်း၌ ကျင်းပသည်။

အဆိုပါ စုပေါင်းကထိန်ပွဲတွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့များ၊ကျေးရွာသူ ကျေးရွာသားများနှင့် ကျောက်ကွင်းသူ ကျောက်ကွင်းသားများက ပင့်သံဃာအပါး ၂၀ တို့ကို တပ်ဦးကျောင်း၌ကထိန်သင်္ကန်း၊ ပဒေသာပင်နှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ညှော့ခံကျွေးမွေး

ဆက်လက်ပြီး နံနက် ၁၀ နာရီတွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသည့် ဧည့်ပရိသတ်များကို ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

တင်မောင်လွင်(မြန်မာ့အလင်း)

မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ ချစ်ကြည်ရေးခရီးနှင့် အပြန်အလှန်အစည်းအဝေးကျင်းပ

တာချီလိတ် နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ရဲဗလခန်းမတွင် နိုဝင်ဘာ ၁၃ ရက်က ကျင်းပသည့် မြန်မာ-တရုတ်နှစ်နိုင်ငံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ ချစ်ကြည်ရေးခရီးနှင့် အပြန်အလှန်အစည်းအဝေး တက်ရောက်ရန် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယရဲချုပ် Mr. Yan Shangzhi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ၁၂ ဦးသည် ကျိုင်းတုံမြို့မှ တာချီလိတ်မြို့သို့ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ)မှ ဒုရဲမှူးကြီး ကျော်ထွန်းလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် နိုဝင်ဘာ ၁၂ ရက် ညနေ ၄ နာရီ ၁၀ မိနစ်က တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ ဂိုးဒင်းချယ်ရီဟိုတယ်သို့ ရောက်ရှိလာရာ မြန်မာကိုယ်စားလှယ်အဖွဲ့က လာရောက်ကြိုဆိုခဲ့ကြပြီး နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့က အပြန်အလှန်မိတ်ဆက်ကြကြောင်း သိရှိရသည်။

အဆိုပါ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီမှ ၁၀ နာရီ မိနစ် ၅၀ အထိ မြန်မာ-တရုတ်နှစ်နိုင်ငံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ ချစ်ကြည်ရေးခရီးနှင့် အပြန်အလှန်အစည်းအဝေးကျင်းပရာ မြန်မာဘက်မှ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ)မှ ဒုရဲမှူးကြီး ကျော်ထွန်းဦးဆောင်သော ကိုယ်စားလှယ် ၁၀ ဦးနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ ဒုတိယရဲချုပ် Mr.Yan Shangzhi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ၁၂ ဦးတို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဒုတိယရဲမှူးကြီး ကျော်ထွန်းက အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီးနောက် တရုတ်နိုင်ငံကိုယ်စားလှယ်ခေါင်းဆောင် Mr. Yan Shangzhi က အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီးနောက် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံဘက်မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို မူးယစ်တပ်ဖွဲ့စု (၃၀) ဒုတပ်ဖွဲ့စုမှူး ဒုရဲမှူးသန်းရွှေက ပါဝါဆလိုက်ဖြင့် ရှင်းလင်းတင်ပြခြင်း၊ တရုတ်နိုင်ငံဘက်မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များကို Mr.Yan Shangzhi က ရှင်းလင်းတင်ပြပြီးနောက် မြန်မာ-တရုတ်နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များက အပြန်အလှန်ရင်းနှီးစွာ ဆွေးနွေးခြင်း၊ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခြင်းနှင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးပြီးနောက် အစည်းအဝေး ပြီးဆုံးခဲ့သည်။

ထို့နောက် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့သည် မြန်မာ- ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတား၊ အမှတ်(၁) ချစ်ကြည်ရေးတံတားများသို့ သွားရောက်လေ့လာ ကြည့်ရှုကြပြီး တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ကို ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အဲယားဝေးလေကြောင်း ခရီးစဉ်ဖြင့် တာချီလိတ်မြို့မှ ဟဲဟိုးလေဆိပ်သို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၇၈၀၀၀-၆၃၈၂၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၇၈၅၀၀-၆၃၈၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၁-၉၇၁. ၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၉-၁၃၁၆	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၄-၇၈၄	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၀၇-၃၁. ၁၄	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၄	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၄၂၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၇၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၈၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၅၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၉၃၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၆၀၀၀-၃၀၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၀၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၀၀-၉၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၀-၁၂၂၀
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၀၀-၆၃၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၃၀၀-၂၃၅၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၆၀၀-၃၂၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၅၀-၁၁၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာအုပ်စုရှိ ဆည်နှင့်ကန်များ ထိန်းသိမ်းပြုပြင်တိုးချဲ့တည်ဆောက်ပေးရန်လိုအပ်

ရမည်းသင်း နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာအုပ်စု ဆည်တို၊ ညောင်လေးပင်နှင့် ကုက္ကိုကုန်းကျေးရွာများနေ ဒေသခံတောင်သူများ၏ လုပ်ကိုင်ခွင့်ရလယ်ယာမြေအများစုသည် မိုးရေကိုသာမျှော်ကိုးတောင့်တပြီး စိုက်ပျိုးရသောလယ်ယာမြေများဖြစ်သဖြင့် မိုးလေဝသ မမှန်ကန်ပါက စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံရသော ငွေကြေး၊ လုပ်အားနှင့် အချိန်များဆုံးရှုံးမှုနှင့်သာ နှစ်များစွာ ကြုံတွေ့နေကြရကြောင်း၊ ထိုဒေသတွင် ဆည်များ တိုးချဲ့တည်ဆောက်ပေးရန်လိုအပ်နေကြောင်း ဒေသခံများက ပြောကြားသည်။

အသက်မွေး

"ဒီဒေသမှာက မိုးလေဝသမမှန်တော့ စိုက်ပျိုးရေး မဖြစ်ထွန်းဘူး။ နှစ်စဉ်လောက် ဆုံးရှုံးမှုကြုံရတာပဲ။ ယခင်က မီးသွေးဖုတ်၊ ဝါးခုတ်နဲ့ အသက်မွေးခဲ့ရတာ သစ်တောလည်း ကုန်သလောက်ရှိပြီ။ ယခုတွင်းရေနဲ့ ဂန္ဓမာပန်းစိုက်ပြီး အသက်မွေးကြရတယ်။ အခြားသီးနှံက မရသလောက်ပဲ။ ဆည်တွေ၊ ကန်တွေကောင်းရင်တော့ ဝမ်းစာစပါးအပြင် အပိုအလျှံလေးရှိနိုင်တာပေါ့"ဟု ဒေသခံတစ်ဦးကပြောသည်။

ဂန္ဓမာပန်းများ တင်ပို့ရောင်းချရန် ရမည်းသင်းမြို့နယ် ညောင်လေးပင်ကျေးရွာအဝင် ကားဂိတ်တွင် တွေ့ရစဉ်။

မြင့်တင်

ယင်းဒေသတွင် ဆည်ငယ်၊ ကန်ငယ်အချို့ရှိသော်လည်း ရေသိုလှောင်မှုပမာဏ နည်းပါးသဖြင့် စိုက်ပျိုးရေးအတွက် ရေလုံလောက်စွာပေးဝေနိုင်မှုမရှိဘဲ မိုးကြီးလျှင် ရေများကို အလဟဿဖောက်ထုတ်ပစ်ရပြီး မိုးတစ်နှစ်ခန့်ခေါင်လျှင် ရေခန်းခြောက်သွားကြောင်း၊ ကန်နှင့်ဆည်များကို ပြန်လည်တူးဖော်ချဲ့ထွင်ခြင်း၊ ကန်ပေါင်မြှင့်တင်ခြင်းတို့ ပြုလုပ်ပေးသင့်ကြောင်း ၎င်းကပြောပြသည်။

ယင်းဒေသတွင် စပါး၊ ငရုတ်၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်းတို့ကို အများဆုံး စိုက်ပျိုးသော်လည်း ထိုဒေသ၌ မိုးလေဝသ မမှန်ကန်သည့်အပြင် ဆည်ရေ၊ ကန်ရေများကိုလည်း အားကိုးမှုမပြုနိုင်ကြသောကြောင့် ဖြစ်ထွန်းမှုမရှိသဖြင့် တွင်းရေကိုအသုံးပြုကာ ဂန္ဓမာပန်းများ စိုက်ပျိုးလျက် အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိရာ ရန်ကုန်-မန္တလေး မော်တော်ကားလမ်းဟောင်းရှိ ရမည်းသင်းမြို့နယ် ညောင်လေးပင်ကျေးရွာအဝင် ကားဂိတ်မှာ ပန်းဂိတ်ဟုပင်အမည်တွင် ကျော်ကြားနေကြောင်း သိရသည်။

(မြင့်နိုင်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၆)မှ တာဝန်ယူတည်ဆောက်နေသော စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်အတွင်းရှိ ခန္တီး-ဆင်သေ-လဟယ်လမ်း လမ်းတည်ဆောက်ရေးလုပ်ငန်းအတွက် အောက်ပါလမ်းဆောက်လုပ်ရေးပစ္စည်းများ လိုအပ်ပါသဖြင့် အိတ်ဖွင့်တင်ဒါကို ၂၈-၁၁-၂၀၁၃ရက် နောက်ဆုံးတင်သွင်းပါရန် အကြောင်းကြားပါသည်။

ပစ္စည်းအမျိုးအစား

(၁) ကျောက်ရွယ်စုံ ၂၃၅၀ ကျင်း
(၂) ချောင်းသဲ ၆၅ ကျင်း
(၃) တောင်သဲဖြန်း ၂၆၄ ကျင်း
(၄) တင်ဒါပိတ်မည့်နေ့ရက် - ၂၈-၁၁-၂၀၁၃ရက်
(၅) တင်ဒါဖွင့်မည့်နေ့ရက်/နေရာ - ၂၉-၁၁-၂၀၁၃ရက်
(၆) တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

လမ်းအထူးအဖွဲ့(၆)၊ ဆင်သေကျေးရွာ၊ ခန္တီးမြို့။
ဖုန်း-၀၁၀-၄၃၂၀၁၉၀၊ ၀၉-၄၀၂၇၆၅၄၆၉၊ ၀၉-၂၄၀၂၁၅၂
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

၂၇ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားဖျော်ဖြေရေးအဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို အမှတ်(၇)တည်းခိုရေးစခန်း(ရွာတော်)ရှိ စုပေါင်းလေ့ကျင့်ရေးကွင်း၌ နိုဝင်ဘာ ၁၄ ရက် နံနက် ၇ နာရီက ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အားပေးခဲ့သည်။

ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်က လှူဒါန်းသော အလှူငွေကျပ် သိန်း ၁၀၀၀ နှင့် City Marts Holding Co.,Ltd က လှူဒါန်းသော ခရီးဆောင်လက်ဆွဲအိတ် ၁၀၀၀၀ ကို ဖျော်ဖြေရေးအဖွဲ့ဝင် ၉၂၀၂ ဦးထံသို့ ခွဲဝေထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဆီးဂိမ်းတွင် တက်ကြွစွာပါဝင်မည်

ရန်ကုန် နိုဝင်ဘာ ၁၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဌာနချုပ်မှ ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်ကျော်ထွန်းက "နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီးမှာ လူနာတင်ယာဉ်တစ်စီးကို ကြက်ခြေနီ နှစ်ဦး၊ သူနာပြု နှစ်ဦး၊ ပေါင်းစပ်ပါဝင်ပြီး အရေးပေါ်ကုသမှုသင်တန်းတွေ ပြုလုပ်ခဲ့ပါတယ်။ ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲအတွက် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အဆင့်မြင့်အားကစားကွင်းမှာ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ ၁၅ ဦး၊ လူနာတင်ယာဉ် သုံးစီးနဲ့ ကြက်ခြေနီအင်အား ၃၀ အရန်သင့်ရှိနေပါမယ်။ ဆီးဂိမ်းကို လာရောက်ကြမယ့် ဧည့်ပရိသတ်များအတွက် ရန်ကုန်-နေပြည်တော် ၁၁၅ မိုင်နဲ့ မန္တလေး-နေပြည်တော် ၂၈၅ မိုင်မှာလည်း အရေးပေါ်ကုသဖို့ ယာယီကုသရေးစခန်းတွေ ဖွင့်ထားမှာဖြစ်ပါတယ်" ဟု ပြောသည်။

ဆီးဂိမ်းကာလအတွင်း နေပြည်တော်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ အင်အား ၃၀၀ နှင့် အရန်အင်အား ၃၀၀ တို့ကို တာဝန်ချမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်က နေပြည်တော်မှာရှိသည့်အတွက် ဆီးဂိမ်းကာလအတွင်း ကြက်ခြေနီ၊ သူနာပြုများပါဝင်သော လူနာတင်ယာဉ် သုံးစီးကို ၂၄ နာရီတာဝန်ချထားပေးမည် ဖြစ်ကြောင်း၊ ကုသရေးတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်ဆေးရုံကြီး အရိုးကုဌာနတို့မှ ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း၊ လူနာတင်ယာဉ်ပေါ်တွင် တာဝန်ကျရဲများကိုလည်း အရေးပေါ်ကုသရေးသင်တန်းများပေးရန် နေပြည်တော် အမြန်လမ်းတာဝန်ခံ ရဲမှူးကြီးများနှင့် ညှိနှိုင်းဆောင်ရွက်နေပါကြောင်း ဒေါက်တာအောင်ကျော်ထွန်းက ဆက်လက်ပြောကြားသည်။

အရေးပေါ် လူနာတင်ယာဉ်ပေါ်တွင် ထမ်းစင်များ၊ အောက်ဆီဂျင်ဘူးများ နှင့် အသက်ရှူစက်များပါရှိမည်ဖြစ်ရာ အသုံးပြုခြင်းနှင့်ပတ်သက်၍ အဆင့်မြင့်မွမ်းမံသင်တန်းများပေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အေးကို(သတင်းစဉ်)

ဆီးဂိမ်းပြိုင်ပွဲကို ယှဉ်ပြိုင်ရန်အတွက် မြန်မာယူ-၂၃ အသင်းသည် နိုဝင်ဘာ ၁၄ ရက် ညနေပိုင်းမှစ၍ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်နေပြီဖြစ်သည်။ မြန်မာယူ-၂၃ အသင်းမှာ တောင်ကိုရီးယားနှင့် ဂျပန်ခြေစမ်းခရီးစဉ်မှ ပြန်လည်ရောက်ရှိလာအပြီး သုံးရက်သာအနားယူကာ ပြန်လည်လေ့ကျင့်နေခြင်းဖြစ်သည်။ **(ယာပုံ)**

မြန်မာယူ-၂၃ အသင်းမှာ ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်ကစားသမား ၂၆ ဦးဖြင့် ဆက်လက်လေ့ကျင့်နေပြီဖြစ်သည်။ ယင်းကစားသမားများမှာ ပြည်ပခရီးစဉ် သွားရောက်ခဲ့သည့် ကစားသမားများပင်ဖြစ်သည်။ မြန်မာယူ-၂၃ အသင်းတွင် အုပ်ချုပ်သူ ဦးစိုးမိုးကျော်၊ နည်းပြချုပ် ပတ်ဆောင်ဟွာ၊ နည်းပြ ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြ ဦးဇော်ဝင်းထွန်း၊ ကြံ့ခိုင်ရေးနည်းပြ ဟာဟေဂျွန်၊ ဂိုးနည်းပြ ယန်ယောင်မင်၊ ဦးမျိုးချစ်၊ ကာယနည်းပြ မိုဟာမက်အဇာ၊ ကစားသမားများအဖြစ် ဂိုးသမား ပြည့်ဖြိုးအောင်၊ ကျော်ဇင်ဖြိုး၊ မျိုးမင်းလတ်၊ ရန်အောင်လင်း၊ နောက်တန်း-ရန်အောင်ဝင်း၊ ဖြိုးကိုကိုသိန်း၊ ဇော်မင်း

ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာယူ-၂၃အသင်း ပြန်လည်လေ့ကျင့်

ထွန်း၊ သက်နိုင်၊ သိန်းသန်းဝင်း၊ အောင်ဟိန်းကျော်၊ ဇာနည်ထက်၊ အောင်ဇော်၊ ဇမ်ဘိုထွန်း၊ အလယ်တန်း- ကျော်မင်းဦး၊ သက်ဖြိုးဝေ၊ ရဲလင်းအောင်၊ ထူးထူးအောင်၊ ကြည်လင်း၊ ဒေးဗစ်ဒန်း၊ အောင်သူ၊ နေလင်းထွန်း၊ စည်သူအောင်၊ ရှေ့တန်း- ကျော်ကိုကို၊ ကျော်ဇေယျာဝင်း၊ ကောင်းစည်သူနှင့် စိုးကျော်ကျော်တို့ ပါဝင်ကြသည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

မြန်မာယူ-၂၃အသင်းသည် နိုဝင်ဘာ ၂၀ ရက်တွင် ၂၀၁၆ အိုလံပစ်ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် ဂျပန်ယူ-၂၀ အသင်းနှင့် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာစက်ဘီးအားကစားသမားများ ဆုဆွတ်ခူးနိုင်ရန် အလားအလာကောင်း

နေပြည်တော် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပွဲ(ဆီးဂိမ်း)တွင် မြန်မာစက်ဘီးအားကစားသမားများ အနေဖြင့် ဆုဆွတ်ခူးနိုင်မည့်အလားအလာများစွာရှိနေကြောင်း မြန်မာနိုင်ငံစက်ဘီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်မင်းသန်းက ပြောကြားသည်။

"ကျွန်တော်တို့ ဒီဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာစက်ဘီးအားကစားသမား ၂၆ ဦး ဆန်ခါတင် ရွေးချယ်လေ့ကျင့်လျက်ရှိပါတယ်။ ဆီးဂိမ်းအကြိုပြိုင်ပွဲတွေမှာ ဆုဆွတ်ခူးနိုင်ခဲ့တဲ့အနေအထားအရ လာမည့်ဆီးဂိမ်းပြိုင်ပွဲမှာ ဆုအနည်းနှင့်အများ ဆွတ်ခူးနိုင်မယ်လို့ မျှော်လင့်ရပါတယ်" ဟု ဦးကျော်မင်းသန်းက ရှင်းပြသည်။

မြန်မာ စက်ဘီးစီးအားကစားသမားများအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲဝင်ရန် ၂၀၁၂ ခုနှစ်ကတည်းက စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။ မြန်မာစက်ဘီးစီးအားကစားသမားများအား ထိုင်း၊ တရုတ်နှင့် တောင်ကိုရီးယားနည်းပြများဖြင့် လေ့ကျင့်ခဲ့ပြီး တရုတ်နိုင်ငံသို့ သုံးလကြာ Joint traing အဖြစ် သွားရောက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

ဆီးဂိမ်းပြိုင်ပွဲတွင် စက်ဘီးစီးအားကစားနည်း လေးမျိုးဖြစ်သည့် တာဝေးပြိုင်ပွဲ၊ BMX ပြိုင်ပွဲ၊ Down Hill နှင့် Cross Country ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲများကို နေပြည်တော်ရှိ စက်ဘီးစီးအားကစားကွင်း၌ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာ စက်ဘီးစီးအားကစားသမားများအနေဖြင့် ယခုဆီးဂိမ်းပြိုင်ပွဲကြီးတွင် အတွေ့အကြုံကောင်းများ ရယူနိုင်မည်ဖြစ်သကဲ့သို့ ဆုများလည်း ဆွတ်ခူးနိုင်သောအခြေအနေရှိကြောင်း သိရသည်။ **မောင်ရွှေရိုး**

နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ မီးရှူးတိုင်ထွန်းညှိ၊ သယ်ဆောင်ခြင်း အစမ်းလေ့ကျင့်

ရန်ကုန် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ နိုင်ငံတော်အလံလွှင့်တင်ခြင်းနှင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ မီးရှူးတိုင်ကို စတင်ထွန်းညှိခြင်း၊ သယ်ဆောင်ခြင်း အစမ်းလေ့ကျင့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သီချင်းဖွင့်၍ အစီအစဉ်အလိုက် နိုင်ငံတော်အလံများ စတင်လွှင့်တင်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက နိုင်ငံ ၁၁ နိုင်ငံမှ အားကစားအဖွဲ့များအား လိုက်လံနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ ဆောက်လုပ်ရေးလုပ်ငန်းရှင်အသင်းရုံးမှ မီးရှူးတိုင်ကို မီးထွန်းညှိသယ်ယူမည့် ကာယဗလမောင်မယ်သယ်ယူရေးအဖွဲ့က တိုင်းဒေသကြီး ဝန်ကြီးချုပ်အားပေး၍ မီးရှူးတိုင်ကို မီးကူးဒယ်တွင် ထွန်းညှိပေးပြီး ဝန်ကြီးဦးသန်းမြင့်ထံ လွှဲပြောင်းပေးကာ နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆုရ လက်ရွေးစင်အားကစားသမားဟောင်း ၂၀ နှင့် အားကစားသမား ၆၀ တို့က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏမှ သစ္စာလမ်းဆုံအထိ အဆင့်ဆင့်သယ်ဆောင်ကြသည်။

ယင်းမှတစ်ဆင့် မော်တော်ယာဉ်ဖြင့် ကမ္ဘာအေးလမ်းဆုံ၊ ရှစ်မိုင်လမ်းဆုံ၊ ထောက်ကြန့်လမ်းဆုံမှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း နေပြည်တော်သို့ သယ်ဆောင်ကြကြောင်းသိရသည်။

တင်စိုး(မြန်မာ့အလင်း)

မွေးနေ့ဆုမွန်

မရတနာမိုးမိုး

အမှတ်(၂) ဆေးတက္ကသိုလ်၊ ရန်ကုန်

သမီးကြီး ရတနာမိုးမိုး၏ ၁၇-၁၁-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မှသည် အသက်ရာကျော်ရှည်၍ ပညာထူးချွန်ထက်မြက်ပြီး တတ်သိလိမ္မာသော သမီးကောင်းရတနာအဖြစ် နိုင်ငံအကျိုး၊ ဘာသာသာသနာအကျိုးသယ်ပိုးထမ်းရွက်ရင်း အေးချမ်းသာယာသော ဘဝလေးကို ရယူပိုင်ဆိုင်နိုင်ပါစေ-

ဖေဖေ -ဦးစိုးမိုး (ဦးစီးအရာရှိ၊သစ်တောဦးစီးဌာန၊ သီပေါမြို့)
မေမေ -ဒေါ်ဝင်းဝင်းနိုင် (ဦးစီးအရာရှိ၊ မျိုးစေ့ဌာနခွဲ)
ညီမလေး-ထက်ဝတ်ရည်မိုးမိုး (ရန်ကုန်နည်းပညာတက္ကသိုလ်)
ကျော့သဥ္ဇာစိုး(တက္ကသိုလ်ဝင်တန်း)

အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံနေ ဦးဝင်းအောင် ၁၂/ရကန(နိုင်)၀၅၃၇၂၁၊ ဒေါ်ရင်ရင်လှ ၁၂/ရကန(နိုင်)၀၅၈၄၁၁တို့မှ ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာ ၁၈၅၃၇/၂၀၁၁ကို ဦးဝင်းအောင်မှ ဦးခင်မောင်ရင် ၁၂/ပဘတ(နိုင်) ၀၁၆၅၁၇သို့လည်းကောင်း၊ လွှဲစာအမှတ် ၆၅၄၉/၂၀၁၃ကို ဦးခင်မောင်ရင်နှင့် ဦးငွေစိုး ၁၂/ ရကန(နိုင်)၀၅၂၄၃၇သို့လည်းကောင်း၊ ဒေါ်ရင်ရင်လှမှ လွှဲစာအမှတ် ၁၄၇၂၈/၂၀၁၂ကို ဦးခင်မောင်ရင်သို့လည်းကောင်း၊ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာများအား ပြန်လည်ရုပ်သိမ်းပြီးကြောင်းနှင့် ကာယကံရှင်တို့၏ ခွင့်ပြုချက်မရှိဘဲ မည်သည့်ကိစ္စကိုမှထပ်မံ မဆောင်ရွက်ကြရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးအောင်နိုင်မိုး(ကံမ)	**ဒေါ်မေဖြိုးခင်**
B.A (Law), LL.B	**LL.B, LL.M**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

Myanmar Global Law Firm
အခန်း ၁၀၃ (K)၊ တိုက် ၁၀၊ ၁၂၊
၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၄၉၀၀၁၆၃၆၊ ၀၉-၇၃၂၂၀၀၂၃

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇၊မြေကွက်အမှတ် ၁၀၃၆/ခ၊ မြေကွက်တည်နေရာအမှတ် (၁၀၃၆/ခ)၊ ၁၆လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှမြင့်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှမြင့် ကွယ်လွန်သဖြင့် ဒေါ်လှရှင်၁၂/ဥကတ(နိုင်)၁၂၄၁၀၁က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကဉ္စဏမဟီရပ်ကွက်၊ ၇၆×၇၇လမ်းကြား၊ ၃၄×၃၅လမ်းကြား၊ အိမ်အမှတ် ၂၃၃/၂၅Bနေ နန်းနွမ်းအောင် ၁၃/တယန(နိုင်)၀၃၈၅၅၄၏ ဖခင်အမည်မှန်မှာ စိုင်းဆန်လူး ၁၃/တယန(နိုင်)၀၀၅၄၁၂ ဖြစ်ပါကြောင်း။

စိုင်းဆန်လူး

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ(၉)လမ်း၊ တောင်ဘက်ခြမ်း၊ အိမ်အမှတ် ၁၀၅၀နေ ဦးယဉ်လှ၊ ဒေါ်အောင်သန်းစိန်တို့၏ သား မောင်ဝင်းရွှေ ၉/မကန(နိုင်)၀၂၃၅၅၇သည် မိဘများကို အကြိမ်ကြိမ်စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးနှိပ်စက်၍ အလွန်အမင်း ဒုက္ခပေးနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ငွေကြေးကိစ္စ၊ အပေါင်းအသင်းကိစ္စအဝဝမှန်သမျှ လုံးဝဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်- ဒေါ်အောင်သန်းစိန်

၁၁-၁၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးရဲလင်းသန့် ၁၂/ရပသ(နိုင်)၀၃၉၀၅၇ (Sanchaung Mobile) ၏ ကြေညာချက်မှာ မှန်ကန်မှုမရှိကြောင်း အများသိစေရန်နှင့် ပြန်လည်ရှင်းလင်းသတိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း(၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ တိုက် ၉၊ အခန်း ၁၀၃နေ ဦးကျော်လွင်၏သမီး မနှင်းသီတာအေး ၇/ပခန(နိုင်)၀၀၃၂၉၁၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းသတိပေး ကြေညာလိုက်သည်မှာ-

ကျွန်ုပ်၏အမှုသည်က Sanchaung Mobile တွင် လုပ်ကိုင်စဉ် စာရင်းဇယားကဏ္ဍကိုသာ တာဝန်ယူခဲ့ရသူဖြစ်ပြီး Handsets များနှင့် အပိုပစ္စည်းများကို အရောင်းတာဝန်ခံများကလည်းကောင်း၊ ငွေကိုပိုင်ရှင် ဦးရဲလင်းသန့်၏ဇနီးကလည်းကောင်း သီးခြားစီတာဝန်ယူခဲ့ကြကြောင်း ကျွန်ုပ်၏အမှုသည်က တင်ပြ၍ သိရှိရသည်ဖြစ်ရာ ၁၁-၁၁-၂၀၁၃ ရက်စွဲပါကြေညာချက်အရပင် သူမနှင့်ပတ်သက်၍ မည်သည့်ငွေကြေးကွာခြားမှုများ၊ အလွဲသုံးစားမှုများ မရှိခဲ့ကြောင်း မြင်သာပါသည်။

တာဝန်ထမ်းဆောင်စဉ် ကျွန်ုပ်၏အမှုသည်ကို ပိုင်ရှင်ဦးရဲလင်းသန့်က တာဝန်ချိန်များတွင် အကြောင်းမဲ့ အခန်းပိတ်မာန်မဲပြောဆိုမှုများကို အကြိမ်ကြိမ်ပြုခဲ့ရာ သည်းမခံနိုင်သည့်အဆုံး အလုပ်မှတရားဝင်နုတ်ထွက်စာတင်၍ ထွက်ခဲ့ခြင်းသာဖြစ်ကြောင်းနှင့် အလုပ်မှမထွက်မီ အမျိုးသမီးဝန်ထမ်းတစ်ဦးဖြစ်သူ မလင်းလင်းခိုင် ၁၂/ရကန(နိုင်)၀၆၀၉၈၉ကို ဦးရဲလင်းသန့်က အစားထိုးခန့်အပ်ရာ သူမကို ကျွန်ုပ်၏အမှုသည်က စာရင်းဇယားများကိုင်တွယ်ရေးသွင်းခြင်းများ ပြသရှင်းလင်းလွှဲပြောင်းပေးခဲ့ပြီး သူမပင်လျှင် လစာငွေများကို ယနေ့တိုင်ရယူခံစားနေခဲ့ပြီးဖြစ်ကြောင်း တင်ပြ၍သိရှိရပါသည်။

သို့ပါလျက် ဖြစ်ရပ်မှန်များကို ထိမ်ချန်ပြီး အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် ဦးရဲလင်းသန့်၏ ကြေညာချက်သည် ကျွန်ုပ်အမှုသည်၏ ကိုယ်၊ စိတ်၊ ဂုဏ်တို့ကိုထိခိုက်နစ်နာစေလျက်ရှိသဖြင့် ယင်းကြေညာချက်အား ပြန်လည်ရုပ်သိမ်းရန်နှင့် အကြောင်းမဲ့ယိုးစွပ်ကြေညာမှုများအပေါ် ကျွန်ုပ်၏အမှုသည်က တည်ဆဲအလုပ်သမားဥပဒေများအရ လည်းကောင်း၊ ရာဇသတ်ကြီး ဥပဒေပါပြဋ္ဌာန်းချက်အရလည်းကောင်း၊ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် ထိရောက်စွာ တရားစွဲဆို အရေးယူသွားလိမ့်မည်ဖြစ်ကြောင်း ရှင်းလင်းသတိပေး ကြေညာလိုက်သည်။ **ဒေါ်နှင်းသီတာအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ခနေဖြူ ဦးမြင့်အောင် B.A (Law), LL.B
Advocate & Legal Consultant (လိုင်စင်-၂၂၇၇)
အမှတ် ၅၆၊ ပထမထပ်၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်

နိုင်ငံတကာအားကစားသတင်း

ကြိုးတန်းပေါ်လျှောက်လှမ်းနေတဲ့ ပြင်သစ်နဲ့ပေါ်တူဂီ

ကမ္ဘာ့ဖလားခြေစစ်ပွဲရဲ့ ဥရောပဇုန်ခြေစစ်ပွဲ Play-off ဒုတိယကျော့ပွဲစဉ်တွေကို နိုဝင်ဘာ ၁၉ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကြမှာမို့ ပြင်သစ်နဲ့ ယူကရိန်း၊ ဆွီဒင်နဲ့ပေါ်တူဂီတို့ရဲ့ပွဲစဉ်တွေက စိတ်ဝင်စားစရာဖြစ်ပြီး အမှားလုံးဝမခံတော့တဲ့ ပွဲစဉ်တွေဖြစ်နေပါတယ်။

ပြင်သစ်နဲ့ ယူကရိန်း

နာမည်ကြီး ပြင်သစ်တို့ ဘရာဇီးကို သွားဖို့အတွက် ခက်ခဲနေတာ အမှန်ပါပဲ။ ယူကရိန်းနဲ့ ပြင်သစ်တို့ ပထမကျော့အဖြစ် နိုဝင်ဘာ ၁၆ ရက်မှာ ကစားတဲ့အခါ ယူကရိန်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ယူခဲ့တာမို့ ပြင်သစ်တို့ရဲ့ ဘရာဇီးသွားဖို့ အိပ်မက်ပျက်ပြယ်မတတ်ဖြစ်ခဲ့ရပါတယ်။ ပြင်သစ်ဟာ ဂီရော့ဒ်တစ်ဦးတည်း တိုက်စစ်မြားဦးထားပြီး နာဆရီ၊ ရီဘာရီ၊ ရီမီတို့နဲ့ စုဖွဲ့ကစားခဲ့ပေမယ့် ပွဲချိန် ၆၁ မိနစ်မှာ ဇိုဇူလာက အက်မာရဲ့ ပေးပို့မှုက တစ်ဆင့် ဂိုးသွင်းယူခဲ့လို့ ယူကရိန်းတို့ အဖွင့်ဂိုးစတင်ရရှိခဲ့တာ ဖြစ်ပါတယ်။ ပွဲချိန် ၈၂ မိနစ်မှာတော့ ပယ်နယ်တီက တစ်ဆင့်ယာမိုလန်ကိုက သွင်းယူခဲ့လို့ ယူကရိန်းတို့ ဒုတိယဂိုးရရှိခဲ့ပြီး နှစ်ဂိုးပြတ်နဲ့ ပြင်သစ်တို့ ရှုံးခဲ့တာဖြစ်ပါတယ်။ ပြင်သစ်ဟာ အိမ်ကွင်းပွဲမှာတော့ ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရမှ ဖြစ်မယ့်အနေအထား ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။

ပေါ်တူဂီနှင့် ဆွီဒင်

နိုဝင်ဘာ ၁၆ ရက်က ကစားခဲ့တဲ့ ပေါ်တူဂီဟာ အိမ်ကွင်းမှာ ဆွီဒင်ကို အနိုင်ရအောင်ခက်ခဲစွာကစားခဲ့ရပါတယ်။ နာနီ၊ စီရော်နယ်ဒိုနဲ့ မော်တင်ဟိုတို့ ထင်သလောက် ခြေစွမ်းမပြနိုင်ခဲ့လို့ ဂိုးမသွင်းနိုင်ဖြစ်နေခဲ့ပြီး ပွဲချိန် ၈၂ မိနစ်မှာ ပေါ်တူဂီအတွက် စီရော်နယ်ဒိုက ခေါင်းတိုက်ဂိုးသွင်းခဲ့လို့ အဲဒီဂိုးနဲ့ပဲ ဆွီဒင်ကို အနိုင်ရခဲ့တာ ဖြစ်ပါတယ်။ ပေါ်တူဂီအသင်းဟာ ဆွီဒင်ကွင်းမှာ နိုဝင်ဘာ ၁၉ ရက်ကျရင် သွားကစားရမှာမို့ လက်ရှိခြေစွမ်းနဲ့ သိပ်တော့မလွယ်ပါဘူး။

အိုက်စလန်နှင့် ခရိုအေးရှား

အိုက်စလန်လိုခံစစ်မာကျောတဲ့ အသင်းကို ခရိုအေးရှားတို့ ဒုတိယအကျော့ပွဲစဉ်မှာ အနိုင်ရအောင် ဘယ်လိုကစားမလဲဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။ ပထမအကျော့ နိုဝင်ဘာ ၁၆ ရက်မှာ ကစားတဲ့အခါ ဂိုးမရှိသရေဖြစ်ခဲ့တာဟာ အိုက်စလန်ခံစစ်ကြောင်းကို ခရိုအေးရှားတို့ မကျော်ဖြတ်နိုင်ခဲ့လို့ဖြစ်ပါတယ်။ ခရိုအေးရှားရဲ့ တိုက်စစ်မှာ မန်ဇူကစ်နဲ့ အဒူယာဒိုတို့ ခြေစွမ်းမပြနိုင်ရင် ခရိုအေးရှားတို့ရဲ့ ကမ္ဘာ့ဖလားအိပ်မက် ပျက်ပြယ်သွားနိုင်ပါတယ်။

ဒါပေမယ့် ခရိုအေးရှားဟာ အိမ်ကွင်းမှာ ခြေကုန်ဖွင့်ပြီး တိုက်စစ်ဆင်မှာ သေချာပါတယ်။

မိုးမြင့်လင်းလက်

ချဲလီက အင်္ဂလန်ကို ရှုံးကြွေးဆပ်

အင်္ဂလန်အသင်းနှင့် ချီလီအသင်းတို့သည် နိုဝင်ဘာ ၁၅ ရက်က ဝင်ဘလေကွင်းကြီး၌ ချစ်ကြည်ရေးယှဉ်ပြိုင်ကစားကြရာ ချီလီက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားခဲ့သည်။ ချီလီအသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို အလက်ဆစ်ဆန်ချက်ကသွင်းယူပေးခဲ့သည်။ အင်္ဂလန်အိမ်ကွင်းတွင် ယင်းကဲ့သို့ ရှုံးနိမ့်မှုအတွက် နည်းပြရွိုင်းဟော့ဆင်နှင့် အင်္ဂလန်ပရိသတ်များအတွက် စိတ်ပျက်ဖွယ်ရာ ဖြစ်ခဲ့ရသည်။ ဆန်ချက်သည် ချီလီအသင်းသမိုင်းတစ်လျှောက်တွင် ထူးထူးခြားခြားကစားပြလိုက်ခြင်းဖြစ်သည်။

ချီလီတို့ယင်းပြိုင်ပွဲ အနိုင်ရလိုက်ခြင်းဖြင့် ၁၉၉၈ ခုနှစ်က ဝင်ဘလေကွင်း၌ ရှုံးကြွေးကိုဆပ်လိုက်ခြင်းဖြစ်သည်။

မာတင်အိုနေးလ်၏ ပထမဆုံးအိုင်ယာလန်ပွဲ

ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် အိုင်ယာလန်နှင့် လတ်ဗီးယားတို့ ယှဉ်ပြိုင်သည့်ပွဲတွင် အိုင်ယာလန်က သုံးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သဖြင့် နည်းပြသစ် အိုနေးလ် အိုင်ယာလန်အသင်းကို နိုင်ပွဲနှင့်စပေးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲသည် အိုင်ယာလန်အသင်းကို အိုနေးလ်နှင့် လက်ထောက်နည်းပြ ရွိုင်ကိန်းတို့ စတင်ကိုင်တွယ်သည့်ပွဲဖြစ်သည်။ အိုင်ယာလန်အသင်းသည် ပွဲစဉ်တစ်လျှောက်လုံး လတ်ဗီးယားကို ထိန်းချုပ်ကစားနိုင်ခဲ့ပြီး လတ်ဗီးယားတို့ အနည်းငယ်သာ ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သည်။ အိုင်ယာလန်အတွက် ဝါရင့်ကစားသမားကြီး ရော်ဘီကိန်းကလည်း တစ်ဂိုးသွင်းယူပေးခဲ့သည်။

ဂရိ ကမ္ဘာ့ဖလားတက်နိုင်

ကမ္ဘာ့ဖလား Play-Offs ပြိုင်ပွဲအဖြစ် ဂရိနှင့်ရိုမေးနီးယားတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂရိက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဂရိအသင်း ကမ္ဘာ့ဖလားတက်လှမ်းနိုင်ရန် မီထရိုကလူးက ဂိုးနှစ်ဂိုးခြေစွမ်းပြသွင်းယူခဲ့သည်။ အိုလံပီယာကော့စ် တိုက်စစ်မှူး မီထရိုကလူးက မြေမကျဘောဖြင့် အဖွင့်ဂိုးသွင်းယူခဲ့သည်။

ယင်းဂိုးကို စတန်နူးက ရိုမေးနီးယားအတွက် အနီးကပ်ဂိုးဖြင့် ချေပသည်။ ယင်းနောက် ဆယ်ပင်ဂစ်ဒစ်က ဂရိအတွက် ဦးဆောင်ဂိုး ပြန်သွင်းသည်။ ပွဲချိန် ၆၆ မိနစ်တွင် မီထရိုကလူးက တတိယဂိုးသွင်းယူပေးခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

နိုဝင်ဘာ ၁၇/၁၈ ပွဲစဉ် နှင့် ဂိုးရလဒ်များ

သီဟ

၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲ အာဖရိကဇုန် ဒုတိယအကျော့

ကင်မရွန်း	-	တူနီးရှား	ည	၉း၀၀

နိုင်ငံတကာ ခြေစမ်းပွဲများ

လူဇင်ဘတ်	-	မွန်တီနီဂရိုး	နံနက်	၀၀း၃၀
မော်လ်ဒိုဗာ	-	လစ်သူရေးနီးယား	နံနက်	၂း၃၀

ကမ္ဘာ့ဖလားခြေစစ်ပွဲ ဂိုးရလဒ်

ဂရိ	၃-၁	ရိုမေးနီးယား
ယူကရိန်း	၂-၀	ပြင်သစ်
ပေါ်တူဂီ	၁-၀	ဆွီဒင်
အိုက်စလန်	၀-၀	ခရိုအေးရှား

နိုင်ငံတကာ ခြေစမ်းပွဲများ ဂိုးရလဒ်

တောင်ကိုရီးယား	၂-၁	ဆွစ်ဇာလန်
ချက်	၂-၀	ကနေဒါ
ဘီလာရုစ်	၀-၀	အယ်ဘေးနီးယား
ရုရှား	၁-၁	ဆားဘီးယား
အက်စ်တိုးနီးယား	၂-၁	အဇာဘိုင်ဂျန်
ဒိန်းမတ်	၂-၁	နော်ဝေ
ဆွာဇီလန်	၀-၃	တောင်အာဖရိက
တူရကီ	၁-၀	မြောက်အိုင်ယာလန်
အီတလီ	၁-၁	ဂျာမနီ
ပိုလန်	၀-၂	ဆလိုဗက်ကီးယား
စကော့တလန်	၀-၀	အမေရိကန်

အာရှဖလား ခြေစစ်ပွဲများ ဂိုးရလဒ်

ဆီးရီးယား	၄-၀	စင်ကာပူ
တရုတ်	၁-၀	အင်ဒိုနီးရှား
ဗီယက်နမ်	၀-၃	ဥဇဘက်ကစ္စတန်
ယီမင်	၁-၄	ကာတာ
ထိုင်း	၀-၃	အီရန်
ဘာရိန်း	၁-၀	မလေးရှား
ယူအေအီး	၄-၀	ဟောင်ကောင်
ကူဝိတ်	၀-၀	လက်ဘနွန်
ဆော်ဒီအာရေဗျ	၂-၁	အီရတ်

နေ့မောင်း လိုသည်
CNG TAXI
1.5/ AA ဖင်ကောက်
အုံနာကြေး-ညှိနှိုင်း။
ဖုန်း-၀၉-၄၃၁၁၀၈၉၀၊
၀၉-၇၃၂၁၆၄၆၀

စာအုပ်စာပေ လူ့မိတ်ဆွေ

အလက (၂) ရန်ကင်း (စိန့်ဖေးဗီးယား)
(၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေး၊ ညှိနှိုင်းအစည်းအဝေးဖိတ်ကြားခြင်း

(၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်နိုင်ရန် ကျောင်းသူ ကျောင်းသားဟောင်းများ၏ ကောင်းမွန်သောအကြံဉာဏ်များ၊ စည်းလုံးညီညွတ်မှုအားများ တန်ဖိုးထားရယူလိုပါသည်။

သို့ဖြစ်ပါ၍ ကျောင်းသူ ကျောင်းသားဟောင်း ညီအစ်ကိုမောင်နှမများ (**မည်သည့်စာသင်နှစ်မဆို**) တက်ရောက်အကြံဉာဏ်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၃-၁၁-၂၀၁၃ရက် (စနေနေ့)
အချိန် - မွန်းလွဲ ၂နာရီ
နေရာ - တေဇခန်းမ၊ အလက (၂)ရန်ကင်း။



ကားရောင်းမည်
Honda Insight
2009 Model
LS Grade
Smart Key, ပစ္စည်းစုံ
ဖုန်း-၀၉-၇၃၀၀၁၉၉၂၊၀၁-၂၅၆၆၁၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ် (၄၅/က)၊ အလျားပေ ၆၀×အနံပေ ၂၀ အကျယ်အဝန်းရှိ ဒေါ်မူလကီး အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ် ၄၅(က)ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မူလကီး S/OKA -၀၀၂၃၇၆ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါကတရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ-**

ဒေါ်နွယ်နီအောင် LL.B, LL.M, D.I.R
တရားလွှတ်တော်ရှေ့နေ
အမှတ် (၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၂၊ မြေကွက်အမှတ် ၁၁၆/၁၊ ဧရိယာ ၀ ဒသမ ၀၃၁၊ ၁၃၆၂ စတုရန်းပေအကျယ်ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ဥပစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဝင်းဝင်းရီ ၁၂/တမန(နိုင်)၀၄၉၄၄၈ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထားနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်စိန်လွင် LL.B | **ဦးနိုင်ဝင်း LL.B**
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၉၇) | **အထက်တန်းရှေ့နေ (စဉ်-၃၁၁၁၁)**
အမှတ် - ၂၇/ဘီ၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀

အများသိစေရန်ကြေညာချက်

မင်းသူအောင် B.Sc (Zoology), Dip(Agri) နှင့် ခေဇင်မောင်မောင် B.Sc (Maths) တို့၏ ၉-၁၁-၂၀၁၃ရက် (စနေနေ့) Dolphin Restaurant၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအား မင်းသူအောင်မိဘများမှ လုံးဝအသိအမှတ်မပြုပါကြောင်း အများသိစေအပ်ပါသည်။

ဒေါ်နီလာ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မင်းသူအောင် ၈/ရနခ(နိုင်)၀၈၁၇၀၂ သည် မိဘများ ခွင့်မလွှတ်နိုင်သောကိစ္စကို ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် မင်းသူအောင်နှင့်ပတ်သက်သည့်ကိစ္စများကို လုံးဝတာဝန်ယူ ဖြေရှင်းပေးသွားမည်မဟုတ်ပါကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်နီလာ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရှမ်းပြည်နယ် ဝေးလံခက်ခဲဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုများပေး

နေပြည်တော် နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်ရှိ ဝေးလံခက်ခဲဒေသများတွင် နေထိုင်သော မိခင်နှင့် ငါးနှစ်အောက်ကလေးများ၊ အထွေထွေရောဂါလူနာများအား ကျန်းမာရေး စောင့်ရှောက်မှုများပေးနိုင်ရန်အတွက် နေပြည်တော် ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဌာနခွဲမှ တာဝန်ရှိသူများ၊ လွိုင်လင်မြို့နယ်ပြည်သူ့ဆေးရုံမှ သားဖွားမီးယပ်နှင့် ကလေးအထူးကု ဆရာဝန်ကြီးများ၊ အခြေခံကျန်းမာရေး ဝန်ထမ်းများပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ လွိုင်လင်မြို့နယ် ပင်လုံမြို့နယ်ခွဲနှင့် ခေါင်းနွဲ့ကျေးရွာရှိ ကိုယ်ဝန်ဆောင်များအား စောင့်ရှောက်မှုပေးခြင်း၊ မွေးပြီးမိခင်များနှင့် အမျိုးသမီးများအား သားဆက်ခြား စောင့်ရှောက်မှုပေးခြင်း၊ မကျန်းမာသော ငါးနှစ်အောက်ကလေးများအား စောင့်ရှောက်ကုသပေးခြင်း၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား ပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ရာ အထွေထွေရောဂါပြသသူ ၇၉ ဦး၊ သားဖွားမီးယပ်ရောဂါပြသသူ ၄၅ ဦးနှင့် ငါးနှစ်အောက်ကလေး ၂၇၆ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများပေးပြီး ကိုယ်ဝန်ဆောင်များအတွက် တစ်ခါသုံးသားဖွားအိတ်များနှင့် မိခင်ကလေးကျန်းမာရေးမှတ်တမ်းစာအုပ်များ ဖြန့်ဝေခြင်း၊ ကျန်းမာရေး ပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လိုင်စင်များသက်တမ်းတိုး ကွင်းဆင်းဆောင်ရွက်

မြိုင် နိုဝင်ဘာ ၁၆

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ပခုက္ကူ)မှ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ နံသာမြိုင်ခန်းမ၌ နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီမှစ၍ မြိုင်မြို့နယ်အတွင်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ နှစ်လဲသက်တမ်းတိုးခြင်း လုပ်ငန်းများဆောင်ရွက်ပေးသည်။

ဆောင်ရွက်ပေး

အဆိုပါ နှစ်လဲသက်တမ်းတိုးခြင်းလုပ်ငန်းများကို ပခုက္ကူခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနဒုတိယဦးစီးမှူးဒေါ်ခင်မွေနှင့် ဝန်ထမ်းများ၊ မြိုင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုထိန်းသိမ်းရေးအသင်း မြို့နယ်တာဝန်ခံ ဦးတိုက်ပေါ်နှင့် အဖွဲ့ဝင်များက မြိုင်မြို့နယ်အတွင်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်များ နှစ်လဲသက်တမ်းတိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးကြောင်း သိရသည်။

စိန်မြိုင်(မြိုင်)

ဘဏ်မီးဘေးလုံခြုံရေး ဆောင်ရွက်

နောင်ချို နိုဝင်ဘာ ၁၆

နောင်ချိုမြို့နယ် မီးသတ်ဦးစီးဌာနမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက မြန်မာ့စီးပွားရေးဘဏ်၊ ကမ္ဘောဇဘဏ်များအား မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ကြသည်။

ဘဏ်များကို မီးဘေးလုံခြုံစွာဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် မီးသတ်ဆေးဘူးများထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

နောင်ချိုမြို့နယ်အတွင်း မတော်တဆမှုမှစ၍ မီးလောင်မှုများ လုံးဝမဖြစ်ပွားစေရေး၊ မီးသတိပြုရေး၊ မီးသရုပ်ပြလက်တွေ့ငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်ကြံ့ခိုင်ရေး၊ ရေသိုလှောင်ကန်များမှ မီးသတ်ယာဉ်သို့ ရေစုပ်စက်များ ကြံ့ခိုင်ရေးအတွက် လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၆၁)**

မြိတ်မြို့တွင် မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားနည်း (ဝိုင်းခြင်း) အလှခတ်သရုပ်ပြ

မြိတ် နိုဝင်ဘာ ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ကျောက်ဖြူတောင်ကျေးရွာရှိ မင်္ဂလာဇေယျုံ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ မြန်မာ့ရိုးရာခြင်းလုံးကစားနည်း(ဝိုင်းခြင်း) အလှခတ် သရုပ်ပြတင်ဆက်ပွဲကို နိုဝင်ဘာ ၁၂ ရက် ည ၆ နာရီခွဲက ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပသည်။

မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ကစားခြင်း(ဝိုင်းခြင်း) ကစားနည်းတိမ်ကော ပျောက်ပျက်မသွားစေရန်၊ မျိုးဆက်သစ်လူငယ်များက ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းသွားရန် ရည်ရွယ်ချက်ဖြင့် ကျေးရွာ စုပေါင်းမဟာဘုံကထိန်ပွဲအထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း မင်္ဂလာဇေယျုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော်အား အမှူးပြု၍ ကျေးရွာရပ်မိရပ်ဖများက ဝိုင်းခြင်းအလှခတ် တင်ဆက်ပွဲဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သရုပ်ပြတင်ဆက်

အဆိုပါ မြန်မာ့ရိုးရာခြင်းလုံးအလှခတ် တင်ဆက်ပွဲတွင် ကျွဲကူးလူငယ်များအဖွဲ့၊ အင်ကြင်းခိုင်အဖွဲ့၊ ပျိုးခင်းအဖွဲ့ (ထွိုင်အင်ဂယ်)အဖွဲ့နှင့် ရွှက်သစ်အဖွဲ့တို့က အလှည့်ကျအလှခတ် သရုပ်ပြတင်ဆက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မိုးဟိန်း(မြိတ်)

ဗုဒ္ဓဘာသာလူငယ် ယဉ်ကျေးမှု (နည်းပြ) သင်တန်းဖွင့်

လေးမျက်နှာ နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အမှတ်(၁)ရပ်ကွက် ဘုရားကြီးကျောင်းတိုက်၌ နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှု (နည်းပြ)သင်တန်း အပတ်စဉ် ၁၀၁ ဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်များထံမှ ငါးပါးသီလနှင့် ဩဝါဒခံယူပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်း၊ မြို့နယ်ပညာရေးမှူး ဦးသန်းဝင်း၊ ဓမ္မရောင်ခြည်အဖွဲ့(ရန်ကုန်)ဥက္ကဋ္ဌ ဦးလှမျိုးတို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဗုဒ္ဓဘာသာအကြောင်း သိကောင်းစရာများ ဆွေးနွေးပြောကြားကြသည်။

သီဟ(လေးမျက်နှာ)

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

တရားမဝင် သစ်များ၊ စက်လှေများ၊ ကားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၆

နိုဝင်ဘာ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တော်လတီကျေးရွာအတွင်း လှိုင်မြစ်အဆင်းလမ်း၌ တရားမဝင် ကျွန်းတံခါးပေါင်၊ တံခါးဆံ ၃၉၅ ချောင်း၊ ၀ ဒသမ ၄၃၆၂ တန် တင်ဆောင်ထားသည့် ကားတစ်စီး၊ နိုဝင်ဘာ ၈ ရက်မှ ၉ ရက်အထိ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်-တနင်္သာရီလမ်း မိုင်တိုင် (၂၆/၇) အနီး၊ သကန်တောင်ပုချောင်းနှင့် ကြေးနန်းတိုင် ချောင်းဆုံအနီး ယောကြီးဝချောင်းနှင့် ရွှေဒူးချောင်းဆုံအရပ် မထက်ချောင်းနှင့် ရွှေဒူးချောင်းဆုံကြား နေရာများမှ တရားမဝင် အခြားသား သစ်လုံး ၁၈၅ လုံး၊ ၁၁၅ ဒသမ ၅၄၃၂ တန် တင်ဆောင်ထားသည့် စက်လှေခြောက်စင်း၊ နိုဝင်ဘာ ၁၁ ရက်က ကချင်ပြည်နယ် မန်စီမြို့နယ် ရီခူးမန်ခံကျေးရွာနှင့်အနီးပတ်ဝန်းကျင်တို့မှ တရားမဝင်သစ်နှင့် သစ်တင်ထားသည့် ယာဉ်အစင်း ၂၀ နှင့် တုန်ဖုန် ယာဉ်တစ်စီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီကျော်ခန့်က ဇန်းမော်မြို့နစ်မိုင် အောင်သာလမ်း(န-တ-လ) ရုံးအနီး၌ ဆီပီပါများ တင်ဆောင်ထားသည့် ထော်လာဂျီ (ကားရုပ်) တစ်စီး အရှိန်လွန်ကာ လမ်းလယ်ကျွန်းပေါ် တက်သွားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-မင်းတံတားသား)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
ကြေညာချက်အမှတ် (၀၁၄/၂၀၁၃)
(၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပညာရေးအဖွဲ့မှကြီးမှူးကျင်းပသည့် အောက်ဖော်ပြပါသင်တန်းများ၏ မဟာဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ ဒီပလိုမာဘွဲ့နှင့် ဒီပလိုမာလက်မှတ်ရစာမေးပွဲအသီးသီးတို့ကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၏ (၁၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၁ရက်မှ နိုဝင်ဘာ ၂၈ရက်အထိ လျှောက်ထားနိုင်ကြပါသည်။

(က) ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ မဟာဝိဇ္ဇာဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများ
(ခ) ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ တတိယနှစ် (၂၀၁၀ တက္ကသိုလ်ဝင်တန်းအောင်) ဝိဇ္ဇာဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများ (နောက်ဆက်တွဲစာမေးပွဲအောင်မြင်ပြီးသူများအပါအဝင်)
(ဂ) ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ နိုင်ငံခြားဘာသာစကားဒီပလိုမာ (အချိန်ပိုင်း) ဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများ
(ဃ) ၂၀၁၂-၂၀၁၃ ပညာသင်နှစ် Diploma in English, a one year full-time course စာမေးပွဲအောင်မြင်ပြီးသူများ
(င) Postgraduate Diploma in English Course (CHRD) Advanced Level -II စာမေးပွဲအောင်မြင်ပြီးသူများ
(စ) Diploma in English Course (CHRD) Advanced Level စာမေးပွဲ အောင်မြင်ပြီးသူများ

၂။ ဒသမအကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပသည်အထိ တက်ရောက်ဘွဲ့ (သို့မဟုတ်)အဝေးရောက်ဘွဲ့ လျှောက်ထားခြင်းမပြုရသေးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်ထားသူများသည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော (၁½" × ၂")အရွယ် ရောင်စုံဓာတ်ပုံ (၄)ပုံပူးတွဲ၍ လျှောက်ထားရမည်။ ဓာတ်ပုံရိုက်ကူးရာတွင် အမျိုးသားဝတ်စုံ (သို့မဟုတ်)တိုင်းရင်းသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ ရိုက်ကူးကြရမည်ဖြစ်သည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာလာရောက်တင်သွင်းသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) ဧည့်နိုင်ငံသားလက်မှတ် (သို့မဟုတ်) နိုင်ငံသား(ပြု)လက်မှတ်မူရင်း၊ မိတ္တူတစ်စောင်နှင့် ကျောင်းသားစိစစ်ရေးကတ်တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)နှင့် အဝေးရောက်ဘွဲ့ ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်ကြေးငွေကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၇။ ရပ်ဝေးမှပေးပို့လိုသူများသည် ဘွဲ့နှင်းဘသင်လျှောက်လွှာပုံစံတွင် ပြည့်စုံမှန်ကန်စွာဖြည့်စွက်ပြီး (၁½" × ၂")အရွယ် ရောင်စုံဓာတ်ပုံ (၄)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ကျောင်းသားကတ်မိတ္တူတို့နှင့်အတူ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်းဟုဖော်ပြပြီး လ/ထ မော်ကွန်းထိန်း၊ သင်တန်းရေးရာဌာန၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ မှတ်ပုံတင်မိတ္တူနှင့်ကျောင်းသားကတ်မိတ္တူ ပူးတွဲလျက် နေရပ်လိပ်စာအပြည့်အစုံတို့ကို တိကျစွာဖော်ပြရပါမည်။(ပြည့်စုံစွာဖော်ပြခြင်းမရှိသည့် လျှောက်လွှာနှင့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၈။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(ဆွေဆွေရီ)
လ/ထမော်ကွန်းထိန်း
သင်တန်းရေးရာဌာန
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

အမည်ပြည့်စွက်

ဦးသန်းကျော်၏သား မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အထက (၂) အဋ္ဌမတန်း(B)မှ မောင်ဇော်ဖြိုးအား ယနေ့မှစ၍ မောင်ဇော်ဖြိုးနိုင်ဟု ဖြည့်စွက်ခေါ်ပါရန်။

မောင်ဇော်ဖြိုးနိုင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်ရန်အောက်ဖော်ပြပါလုပ်ငန်းများအားအိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(၁)	မြေလမ်း	(၆၄/၀)	မိုင်
(၂)	လမ်းတာချဲ့ခြင်း	(၇၄/၀)	မိုင်
(၃)	ဂျစ်ကားလမ်း	(၇/၀)	မိုင်
(၄)	ဆိုင်ကယ်လမ်း	(၇၅/၀)	မိုင်
(၅)	ဘေလီတံတား	(၁၉)	စင်း
(၆)	ကားကူးကြိုးတံတား	(၇)	စင်း
(၇)	လူကူးကြိုးတံတား	(၂၇)	စင်း
(၈)	ကားကူးသစ်သားတံတား	(၄)	စင်း
(၉)	သောက်သုံးရေသွယ်	(၁)	ရွာ
(၁၀)	ဘက်စုံမွေးမြူရေးခြံ	(၁)	ရွာ
(၁၁)	ရေသွယ်မြောင်းဖောက်	(၈)	ရွာ
(၁၂)	ရေအားလျှပ်စစ်	(၇)	ရွာ
(၁၃)	နေရောင်ခြည်စွမ်းအင်	(၁၃)	ရွာ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၁၁-၂၀၁၃ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၃-၁၂-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ချင်းပြည်နယ်၊ ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ အမှတ်(၁)ဂေါက်ကွင်းလမ်း၊ မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၅၈၅၊ ၀၉-၂၄၅၀၃၈၅၊ ၀၉-၆၅၀၀၁၄၅၊ ၀၉-၄၀၀၃၀၃၂၀၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရွှံ့လျှားစက်ရုံဖြင့် ကွန်ကရစ်တိုင်ထုတ်လုပ်

လှိုင်ကော် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံအတွင်း မြို့ပြနှင့် ကျေးလက်ဒေသများတွင် ၂၄ နာရီ မီးလင်းရေးအတွက် ဓာတ်အားလိုင်းများတိုးချဲ့တည်ဆောက်လျက်ရှိရာ ဓာတ်အားလိုင်းသွယ်တန်းချိတ်ဆက်ရန်တိုင်များကို သစ်သားတိုင်များအစား ကွန်ကရစ်တိုင်များကို တွင်ကျယ်စွာ အသုံးပြုလာကြသည်။ ကွန်ကရစ်တိုင် လိုအပ်ချက်အရ ကွန်ကရစ်တိုင်ထုတ်လုပ်ရေးလုပ်ငန်းများ ထွန်းကားလာလျက်ရှိသည်။

ကွန်ကရစ်တိုင်ထုတ်လုပ်ရာတွင်လည်း အထိုင်စက်ရုံများ တည်ဆောက်ကာ ထုတ်လုပ်ကြသကဲ့သို့ ကွန်ကရစ်တိုင်လိုအပ်ချက်ရှိသော နေရာဒေသများတွင် ရွှံ့လျှားစက်ရုံတည်ဆောက်၍ ထုတ်လုပ်ကြသည်များလည်းရှိရာ နိုဝင်ဘာ ၃ ရက်က ကယားပြည်နယ် လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအနီး၌ ရွှံ့လျှားစက်ရုံဖြင့် ကွန်ကရစ်တိုင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) ကြီးမြင့်နိုင်(လွိုင်ကော်)

မန်စီ - နန်လင်းပါတိမ်းရှောင်စခန်းရှိ မိသားစုဝင်များအား ပစ္စည်းများထောက်ပံ့ပေးအပ်

ဗန်းမော် နိုဝင်ဘာ ၁၆

ကချင်ပြည်နယ်ဗန်းမော်မြို့ဗန်းမော်ကရုဏာလူမှုကယ်ဆယ်ရေး (KMSS) အဖွဲ့သည် မန်စီမြို့နယ် နန်လင်းပါစခန်းတွင် နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသော အိမ်ထောင်စု ၂၂၉ ဦး လူဦးရေ ၁၁၂၄ ဦးတို့အတွက် ဆန် ၆၈၄ အိတ်၊ စားဆီ ဆယ်ပိသာဝင် ပုံး ၆၀၊ ဆား ခုနစ်အိတ်၊ ဆေးစိမ် ခြင်ထောင် အလုံး ၂၄၀၊ လက်ဆေးဆပ်ပြာ ၁၁၀၀၊ အဝတ်လျှော်ဆပ်ပြာ အထုပ် ၅၅၀၊ ပလတ်စတစ် ဇလုံ အလုံး ၂၂၀၊ သွားတိုက်တံ ၂၂၀၊ သွားတိုက်ဆေးဘူး ၂၂၀၊ မျက်နှာသုတ်ပဝါ ၂၂၀၊ အမျိုးသမီးအဝတ်အထည်များနှင့်အိမ်သာ ၁၀လုံးဆောက်လုပ်ပေးရန်အတွက် အိမ်သာသုံးပစ္စည်းမျိုးစုံ ပျဉ်၊ သံနှင့် ဝါးများကို ဗန်းမော်မြို့မှ မော်တော်ယာဉ်လေးစီးဖြင့် သယ်ဆောင်၍ နိုဝင်ဘာ ၁၄ ရက်နံနက် ၉ နာရီက နန်လင်းပါရွာ နန်လင်းပါစခန်းသို့ပေးပို့ကြသည်။ သွားလာရေးအဆင်ပြေစေရန်အတွက် ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်းနှင့်တာဝန်ရှိသူများက မော်တော်ယာဉ်များကူညီဆောင်ရွက်ပေးကြောင်း သိရသည်။ **ဆီမီးခုံ - နန်းရီ**

လုံခြုံရေးသတိ မိုင်းအသိပညာပေးဟောပြောပွဲများနှင့် သင်တန်းများ မွန်ပြည်နယ်တွင် ဖွင့်လှစ်ပို့ချ

မော်လမြိုင် နိုဝင်ဘာ ၁၆

မွန်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်ဆောင်ရွက်ပေးမှုဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်မှုဖြင့် မွန်ပြည်နယ် (၁၀)မြို့နယ်တွင် နယ်မြေလုံခြုံရေးသတိရှိစေရေးအတွက် မိုင်းအသိပညာပေး သင်တန်းဟောပြောပွဲနှင့် ရှင်းလင်းတင်ပြပွဲများကျင်းပသည်။

မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့ ရဲတပ်ဖွဲ့မှူး ဦးဆောင်ကျင်းပသော မိုင်းသတိပြုအသိပညာပေးသင်တန်းအမှတ်(၁/၂၀၁၃)ဆင်းပွဲနှင့်အမှတ်(၂/၂၀၁၃) ဖွင့်ပွဲကို နိုဝင်ဘာ ၁၃ရက် က မော်လမြိုင်မြို့နယ်မြေရဲစခန်း အစည်းအဝေးခန်းမ၌ကျင်းပရာ မော်လမြိုင်မြို့နယ်မှူး ရဲမှူးညိုလှက အမှာစကားပြောကြားပြီး အဆိုပါ သင်တန်းဆင်းပွဲနှင့်ဖွင့်ပွဲသို့ သင်တန်းသားသင်တန်းသူ ၁၄၀ တက်ရောက်ခဲ့ကြသည်။

အောက်တိုဘာလမှ နိုဝင်ဘာ ၁၃ ရက်အထိ မိုင်းသတိပညာပေးဟောပြောပွဲများကျင်းပရာ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၁၅၀၀ခန့် တက်ရောက်ပြီး တက်ရောက်သူများ၏ မေးမြန်းချက်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်နယ်မြေရဲစခန်းမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ အလားတူ မွန်ပြည်နယ် မော်လမြိုင်ခရိုင်ခြောက်မြို့နယ်နှင့် သထုံခရိုင် လေးမြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများက မြို့နယ်များရှိ ရပ်ကွက်/ကျေးရွာ၊ဌာနဆိုင်ရာ၊ ကျောင်းများ၊ ဈေးများနှင့်လူစည်ကားရာ ကားဝင်းနေရာနှင့် ဆိုင်ကယ်ဂိတ်တို့တွင် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများကို တွေ့ဆုံ၍ မိုင်းသတိပြုစေရေးကို ရှင်းလင်းတင်ပြပြီး ထူးခြားမှုသတင်းရှိပါက ချက်ချင်းသက်ဆိုင်ရာနှင့် နယ်မြေရဲစခန်းများသို့ အကြောင်းကြားဆောင်ရွက်ရန် ရှင်းလင်းတင်ပြခဲ့သည်။ **ကျော်သန်း(မော်လမြိုင်)**

နယ်မြေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိ

ပုလဲ နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများပါဝင်သည့် နယ်မြေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးအဖွဲ့သည် တောင်ပေါ်ကျေးရွာများသို့ ပြည်သူဗဟိုပြု ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက သစ်ကြီးတိုင်းကျေးရွာသို့ ရောက်ရှိရာ အခြေခံပညာအလယ်တန်း ကျောင်း (ခွဲ)သို့ သွားရောက်ပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေမြဲရေး၊ ကျောင်းနေပျော်၍ စာတော်ရေး၊ စာသင်ခုံပရိဘောဂပြည့်စုံစွာရရှိရေးအတွက် ကျောင်းအုပ်ဆရာကြီး ဦးဝင်းကြည်နှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ည ၇ နာရီတွင် ရတနာသစ်စာကြည့်တိုက်ဝင်းအတွင်းရှိ ကွင်းပြင်၌ နယ်မြေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့နှင့် တောင်ပေါ်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌဦးစန်းအောင်က ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြည်သူလူထုဗဟိုပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန်၊ ချပြဆွေးနွေးရန် ရည်ရွယ်ချက်များဖြင့် နယ်မြေကွင်းဆင်းခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ထွေ/အုပ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပညာရေးဌာန၊ သစ်တောဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ကျန်းမာရေးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ချပြဆွေးနွေးကြရာ တက်ရောက်လာကြသော တောင်ပေါ်ကျေးရွာများမှ ဒေသခံပြည်သူ ၂၀၀ ကျော်က သိလိုသည့် လုပ်ငန်းများကို ပြန်လည်ဆွေးနွေးရာ လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်သည့် ဌာနတာဝန်ရှိသူများက ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရှိရသည်။

မင်းခန့်စိုး(ဇေယျာမြေ)

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခေတ်သစ်ကျေးကျွန်ပုံစံဖြင့် လူကုန်ကူးမှုပြဿနာ ရင်ဆိုင်နေရ

ရန်ကုန် နိုဝင်ဘာ ၁၆

ကမ္ဘာ့နိုင်ငံအသီးသီးတွင်ယနေ့အခါခေတ်သစ်ကျေးကျွန်ပုံစံဖြစ်သည့် လူကုန်ကူးမှုပြဿနာကို အနည်းနှင့်အများ ရင်ဆိုင်နေရကြောင်း၊ လူကုန်ကူးခြင်းသည် အကြောင်းရင်းခံ တစ်ခုတည်းကြောင့် ဖြစ်ခြင်းမဟုတ်ဘဲ အကြောင်းရင်းများစွာအပေါ် အခြေခံပြီးပြဿနာဖြစ်သည့်အလျောက် ကိုင်တွယ်ဖြေရှင်းသည့်နေရာမှာ ကဏ္ဍပေါင်းစုံမှ ဦးတည်ဆောင်ရွက်သော စီမံကိန်းများနှင့် တုံ့ပြန်ကြရမှာဖြစ်ကြောင်း၊ လူကုန်ကူးမှုသည် နိုင်ငံဖြတ်ကျော် ဖြစ်ပွားတတ်သော သဘောသဘာဝရှိသည့်အတွက်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးတွင်လည်း အလွန်ပင်အရေးကြီးကြောင်း၊ လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် နိုင်ငံအချင်းချင်းကြားမှာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ယမန်နေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ရန်ကုန်ဟိုတယ်၌ကျင်းပသည့် မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ သဘောတူထားရှိသည့် ပူးတွဲလုပ်ငန်းစီမံချက်ရေးဆွဲရေးနှင့် ထိရောက်စွာ အကောင်အထည်ဖော်ရေး အစည်းအဝေးတွင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က ပြောကြားသည်။

လူကုန်ကူးခံရသူများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး အကူအညီလိုအပ်ပါက ဆက်သွယ်နိုင်ရန်အတွက် သတင်းအချက်အလက်ဖြန့်ဖြူးပေးရာဌာနကို ဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါဌာနသည် လူကုန်ကူးခံရသူများအတွက် လိုအပ်သော သတင်းအချက်အလက်များ ဖြန့်ဖြူးပေးခြင်း၊ စိတ်လူမှုရေးဆိုင်ရာ အထောက်အပံ့များပေးခြင်း၊ လူကုန်ကူးခံရသူများအတွက် ထောက်ပံ့မှုပေးနေသည့် အဖွဲ့အစည်းနှင့် ချိတ်ဆက်ပေးခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေပေးခြင်းများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ထိုင်းနှစ်နိုင်ငံသည် ၂၀၀၉ ခုနှစ် ဧပြီလတွင် နားလည်မှု စာချွန်လွှာရေးထိုးကာ လူကုန်ကူးမှု တိုက်ဖျက်ရေးကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေပြီး ဒုတိယလုပ်ငန်း အစီအစဉ်ကို ၂၀၁၂-၂၀၁၄ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

(သတင်းစဉ်)

လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

ကြော်ငြာစာသား

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သံရုံးနှင့် ပြင်သစ်နိုင်ငံမှ Quatuor Des Equilibres အဖွဲ့တို့ပူးပေါင်းတင်ဆက်သည့် Dream Event 2013 တေးဂီတဖျော်ဖြေပွဲကို ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Odile PERCEAU မှ Handel and Bach တို့ရဲ့ ကျော်ကြားလှတဲ့ ဂီတအပိုင်းအစများနဲ့ သူမကိုယ်တိုင်ဖွဲ့သီထားတဲ့ ဂီတသံစဉ်များကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံမှာ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၁ ရက် ညနေ ၆:၃၀ နာရီတွင်လည်းကောင်း၊ မန္တလေးမြို့ အမျိုးသားကဇာတ်ရုံမှာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက် ညနေ ၆:၃၀ နာရီတွင်လည်းကောင်း ဖျော်ဖြေတင်ဆက်ပေးမှာဖြစ်ပါတယ်။ ဒီလိုထူးခြားတဲ့ ဂန္ထဝင်ဂီတဆည်းဆာ ညနေခင်းလေးကို မည်သူမဆို အခမဲ့ လာရောက်နားသောတဆင်ကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

အသေးစိတ်ကို (French Institute)၊ ဖုန်း- ၅၃၅၄၂၈၊ ၅၃၆၉၀၀ နှင့် ၅၃၇၁၂၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှူးရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခုတင်(၁၀၀)ဆံ့ ဆေးရုံများ၊ ခုတင်(၅၀)ဆံ့ ဆေးရုံများနှင့် (၂၅)ခုတင်ဆံ့ဆေးရုံတို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများ ကုသပေးရန်လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ထုတ်ယူရမည့်နေ့ရက်** - ၁၈-၁၁-၂၀၁၃ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၇-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှူးရုံး၊
နေပြည်တော်ကောင်စီရုံး
ဇီဇဝါပန်းအဝိုင်းအနီး၊ ပျဉ်းမနား-တောင်ညိုလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်ကောင်စီနယ်မြေ၊ ဖုန်း-၀၆၇-၅၅၀၁၈၄၊ ၀၆၇-၅၅၀၁၈၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)

ဆောက်လုပ်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)တွင် ဆရာဆရာမအဆောင် ပေ(၁၃၂×၄၅×၁၂)ခြောက်ခန်းတွဲ တစ်ထပ်တစ်လုံး RC ဆောက်လုပ်ခြင်း၊ စတုရန်းပေ ၅၉၄၀ အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)၊ ပခုက္ကူမြို့တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၂-၁၂-၂၀၁၃ရက် ညနေ ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ဥက္ကဋ္ဌ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)၊ ပခုက္ကူမြို့ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ) ဖုန်း-၀၆၂-၂၂၁၅၅၊ ၀၆၂-၂၂၁၅၆၊ ၀၉-၂၃၀၀၉၄၇၊ ၀၉-၃၃၁၇၅၄၉၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့၊ ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)

အထက(၃) သာကေတ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

သာကေတမြို့နယ်၊ အထက(၃) ကျောင်းသား ကျောင်းသူဟောင်းများက (၁၅) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၁၂-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သီရိရတနာခန်းမကြီး၌ ကျင်းပပူဇော်မည်ဖြစ်ပါ၍ အပူဇော်ခံဆရာကြီး ဆရာမကြီးများကြွရောက် အပူဇော်ခံပါရန်နှင့် သူငယ်ချင်းများကလည်းတက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဖိတ်ခေါ်စာစီစာကုံးပြိုင်ပွဲဝင်စာမူများကို ၁၄-၁၂-၂၀၁၃ ရက်နောက်ဆုံးထားပြီး အချိန်မီပေးပို့ကြပါရန်နှင့် အပူဇော်ခံဆရာကြီး ဆရာမကြီးများအတွက် အလှူငွေနှင့်ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုပါက ဦးတင်မြင့် ဖုန်း-၀၉-၇၃၀၀၅၂၅၉၊ ဦးလှဝင်း ဖုန်း-၀၉-၄၄၈၀၀၃၅၁၉၊ ဦးငွေမြင့် ဖုန်း-၀၉-၇၃၀၀၁၉၈၆၊ ဒေါ်ခင်သိန်းဝင်း ဖုန်း-၀၉-၅၄၀၆၈၄၊ ဦးကျော်သိုက် ဖုန်း-၀၉-၅၀၇၆၅၉၅၊ ဦးကျော်ကျော်လင်း ဖုန်း-၀၉-၅၀၂၀၂၀၉၊ ဒေါ်ခင်စန်းယုကြည် ဖုန်း-၀၉-၄၂၀၁၄၃၅၇၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၁၁၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လမ်းလုပ်ငန်းအတွက် လိုအပ်သည့်ကတ္တရာအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ကတ္တရာ	၃၀ တန်

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၄-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၇-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၃၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့(၁၁)၊ ဒုတိယအင်ဂျင်နီယာမှူးကြီးရုံးတွင် ၁၄-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
ဖုန်း-၀၇၀-၄၀၁၄၃၊ ၀၇၀-၄၀၄၀၇

ပညာဝတ်မှုံစာကြည့်တိုက်ဖွင့်

ပင်းတယ နိုဝင်ဘာ ၁၆

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျေးရွာပြည်သူများ စာပေဗဟုသုတများ အစဉ်လေ့လာဖတ်ရှုနိုင်စေရန်ရည်ရွယ်၍ ပင်းတယမြို့ အင်းငယ်ကျေးရွာအုပ်စု ပြင်သာကျေးရွာ ပညာဝတ်မှုံစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးကိုကို၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်မှူး ဦးစိုင်းဆမ်တစ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဉာဏ်ပွတို့က ပညာဝတ်မှုံစာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံကို မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက မတည်ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၂၀ ဖြစ်ပြီး စာကြည့်တိုက်မှာ အလျား ပေ၃၀၊ အနံ ၁၈ပေနှင့်အမြင့် ၁၀ပေခွဲရှိကြောင်း သိရသည်။

မိုးမိုးထွေး(ပင်းတယ)

လယ်ယာမြေနစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးငွေများပေးအပ်

ကျောက်တံခါး နိုဝင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမြင့်၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြတ်မျိုး၊ ကျောက်တံခါးမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးထက်အောင်ဖြိုးနှင့်အဖွဲ့ဝင်များ၊ ကြာအင်းကုန်းအုပ်စု၊ တူမောင်အုပ်စု၊ တောကျွဲအင်းအုပ်စု၊ ဆင်ဇလုပ်အုပ်စုတို့မှ ရပ်/ကျေးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ကျောက်တံခါးမြို့နယ် ကွန်းချောင်းဆည်ရေသောက်စီမံကိန်းတွင် ရေပေးမြောင်းဖောက်လုပ်ရာမှ တောင်သူလယ်သမားများ၏ လယ်မြေများပါဝင်ခဲ့၍ နစ်နာဆုံးရှုံးခဲ့သည့် တောင်သူများကို ပထမအကြိမ်လျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ကျောက်တံခါးမြို့နယ် ကြာအင်းကုန်းကျေးရွာအုပ်စုမှ တောင်သူ ၆၀၏ လယ်မြေ ၈၆ ဒသမ ၆၂ ဧကအတွက် လျော်ကြေးငွေ တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်း ၈၆၆ ဒသမ ၂ သိန်းအား ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမြင့်က ကြာအင်းကုန်းကျေးရွာအုပ်စုရှိ တောင်သူများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

မလင်ပါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

တရားမဝင်မီးသွေးရောင်းဝယ်မှုများကို စနစ်တကျစီစဉ်ဆောင်ရွက်ရန်လို

အင်းတော် နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း နဘား၊ ပင်ဝဲ၊ မော်လူး၊ နန့်စီးအောင်ကျေးရွာများတွင် တရားမဝင်မီးသွေးရောင်းဝယ်မှု များပြားနေကြောင်း သိရသည်။

အဆိုပါကျေးရွာများတွင် သစ်တောဌာန၏ ခွင့်ပြုမိန့်မျှော်စာဖြင့် လုပ်ကိုင်နေကြသူ အနည်းငယ်သာရှိပြီး တရားမဝင်လုပ်ကိုင်သူများပြားလာရာ နိုင်ငံတော်၏ဘဏ္ဍာငွေများ ဆုံးရှုံးရသည့်အပြင် သစ်တောများ ပြုန်းတီးလာကာ သဘာဝပတ်ဝန်းကျင်ကိုဆိုးဆိုးရွားရွားထိခိုက်လာနိုင်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ မီးသွေးအဖြစ်ထုတ်လုပ်ရာတွင် ယခင်ကသစ်မာများဖြစ်သော သစ်အယ်၊ ထောက်ကြံ့၊ တမလန်း၊ ကြို့၊ ပိတောက်စသည့်သစ်မာများကိုအသုံးပြုခဲ့ကြရာမှ ယခုအခါ လွယ်ကူသည့်သစ်တောကြိုးဝိုင်းများအတွင်းရှိ ပျဉ်းကတိုးပင်များကို အဓိကထား၍အသုံးပြုနေကြကြောင်း၊ ယခင်ကမီးသွေးတစ်အိတ်လျှင် ကျပ် ၁၅၀၀ သာရှိခဲ့ရာမှ ယခုအခါ ၂၅၀၀ အထိရှိလာပြီး ဝယ်ယူကြသူများကလည်း အပြိုင်အဆိုင်ဝယ်ယူကြကာ ရွှေဘို၊ အမရပူရ၊ မန္တလေးနှင့်အထက်မြန်မာပြည် မိုးညှင်း၊ ဟိုပင်၊ မိုးကောင်း၊ ဖားကန့်၊ မြစ်ကြီးနားစသည့်မြို့များသို့ မီးရထားဖြင့်လည်းကောင်း၊ မော်တော်ကားများဖြင့်လည်းကောင်း ပို့ဆောင်နေကြကြောင်း၊ ဖားကန့်ကဲ့သို့ ကျောက်စိမ်းရတနာထွက်ရှိရာမြို့တွင် မီးသွေးတစ်အိတ်လျှင် ငွေကျပ် ၇၀၀၀ ရှိကြောင်း၊ ယခုကဲ့သို့တရားမဝင်မီးသွေးရောင်းဝယ်မှုများ များပြားလာသည့်အတွက် တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်ရန်လိုအပ်ကြောင်း သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူ ဒေသခံတစ်ဦးထံမှ သိရသည်။

(၁၄၉)

အရန်သားဖွားသင်တန်းဆင်း

ရှောင် နိုဝင်ဘာ ၁၆

လူထုအခြေပြုအခြေခံကျန်းမာရေးဆိုင်ရာ ၆/၂၀၁၃ အရန်သားဖွားသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ရှောင်မြို့နယ်ပြည်သူ့ဆေးရုံအဆောက်အအုံသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မိုးလှိုင်၊ စခ့်ကူးမြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးလွင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဆုရရှိသောသင်တန်းသူများကို ဆုချီးမြှင့်ပြီး၊ အရန်သားဖွားလက်စွဲ Kit ပုံးပေးနှင့် သင်တန်းဆင်း လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်သည်။ အဆိုပါသင်တန်းကို သင်တန်းသူ ၄၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ကိုးလကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(၆၇၁)

နတ်တလင်းမြို့ မြတ်စွယ်တော်ဖွင့်ပွဲကျင်းပ

နတ်တလင်း နိုဝင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ သကျမဟာမြတ်မုနိဘုရားကြီးအတွင်း စံကျောင်းတော်တွင် တစ်နှစ်တာကိန်းဝပ်စံပယ်တော်မူသော မြတ်စွယ်တော်ကို နိုဝင်ဘာ ၁၄ ရက် နံနက် ၈ နာရီက နတ်တလင်းမြို့နယ် မြို့စိုးကျောင်းနာယကဆရာတော် ဘဒ္ဒန္တပညာဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက မြတ်စွယ်တော်ကို ဖွင့်လှစ်ပေးသည်။ အခမ်းအနားတွင် ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြပြီး အလှူရှင်များက ဗုဒ္ဓမြတ်စွယ်တော်အတွက် ရတနာပစ္စည်းများလှူဒါန်းကြကြောင်း သိရသည်။

တင်မြင့်

မြို့နယ်လုံးကျွတ်လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေး

ပေါင် နိုဝင်ဘာ ၁၆

ပေါင်မြို့နယ်လုံးကျွတ် လယ်ယာမြေပိုင်ဆိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ထုတ်ပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ပေါင်မြို့ အထက ရွှေရတုခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စုရှိ ကွင်းပေါင်း ၃၄၀၊ ဦးပိုင်ပေါင်း ၃၀၇၃၂ တို့မှ တောင်သူလယ်သမားများအတွက် နယ်မြေအလိုက်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) များကို မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိန်လင်း၊ သထုံခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်း၊ အဖွဲ့အတွင်းရေးမှူး ဦးတင်အောင်ကြည်၊ ပေါင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးဌေးဝင်းတို့က သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌများမှတစ်ဆင့် မြို့နယ်လုံးကျွတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

(၁၂၃)

ကွမ်းတံတွေး ထွေးခြင်းရှောင်ကြဉ်သင့်

ကွမ်းစားခြင်းသည် ရှေးယခင်ကတည်းက မြန်မာ့ရိုးရာယဉ်ကျေးမှုသဖွယ် ဧည့်ဝတ်ပြုသည့်ဓလေ့ ဖြစ်ခဲ့သည်။ သို့သော်ယနေ့အခါတွင်မူ အများပြည်သူများကျန်းမာရေးအသိ၊ သတိရှိရန် ကျန်းမာရေးဦးစီးဌာနက အသိပညာပေးလျက်ရှိသည်။ တချို့သော လူများကား ကွမ်းစားခြင်းကို နေ့စဉ်နေ့တိုင်း သုံးစွဲမြဲတိုင်း ရှိကြသည်ကိုတွေ့နေရသည်။

ကွမ်းရွက်ထဲတွင် ထုံး၊ ကွမ်းသီးထည့်၍ စားသုံးရုံတင်မဟုတ်ဘဲ အချို့ဆိုလျှင် ဆေးရွက်ကြီးကိုပါထည့်၍စားသုံးခြင်းကြောင့် ရေရှည်တွင်သွားနှင့်ခံတွင်း၊လည်ချောင်းစသည့် ကျန်းမာရေးကို ထိခိုက်နိုင်သည့် ဘေးထွက်ဆိုးကျိုးကိုရရှိနိုင်သည်။ ထိုမျှမက မိမိထွေးလိုက်သော ကွမ်းတံတွေးသည် တစ်ဖက်လူကိုစင်သွားပါက ညစ်ညမ်းမှုဖြစ်စေခြင်း၊ စားသုံးသောသူတွင် ရောဂါပိုးရှိပါက ကူးစက်သွားနိုင်သည့်သဘောရှိသည်။

ကွမ်းစားသုံးခြင်းသည် မိမိကျန်းမာရေးအတွက်သော်လည်းကောင်း၊ တစ်ဖက်လူနှင့်လမ်းများ၌ ညစ်ညမ်းမှုဖြစ်ပေါ်နိုင်သည့် အတွက်လည်းကောင်း၊ ကွမ်းစားခြင်းကိုရှောင်ကြဉ်သင့်ကြောင်းနှင့်မကြာမီကာလတွင် (၂၇)ကြိမ်မြောက် အားကစားပွဲတော်လည်း ကျင်းပတော့မည်ဖြစ်သဖြင့် ပြည်ပအားကစားသမားများ၊ ဧည့်သည်များ မိမိနိုင်ငံအတွင်းသို့ အများအပြား ဝင်လာပေတော့မည်။ နိုင်ငံ့ဂုဏ်ကို မြှင့်တင်သည့်အနေဖြင့် ကွမ်းစားရင်း ကွမ်းတံတွေးကို နေရာတကာ ထွေးပစ်ခြင်းကို ဂရုစိုက်ကြရန်လိုကြောင်း တိုက်တွန်းသတိပေး ရေးသားလိုက်ရပါသည်။

ခင်ချိုဝင်း(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ ငါးထပ်အဆောက်အအုံ ဝဒသမ ၁၁ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့်ဆက်စပ်သော လုပ်ငန်းများအား ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ

တင်ဒါစိစစ်မည့်နေရာ - ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်

တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ၂၁-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၁-၂၅၂၅၇၃၊ ၀၁-၂၅၂၅၇၄

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်အပိုင်း(၂)ရပ်ကွက်၊ န၅/၁၇နေ ဦးတင်ဌေ ၅/ရဘန(နိုင်)၀၁၁၉၄၃ ၏သမီး မဝင့်ရည်မွန် ၉/မဟမ(နိုင်)၀၂၃၂၁၄ သည် မိဘကိုအကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးတင်ဌေ

အင်္ဂလိပ်၏သြဇာအာဏာကို ပထမဦးဆုံးတော်လှန်ပုန်ကန်ခြင်း မြို့မကျောင်း၏ ပထမဦးဆုံးသောကျောင်းအုပ် ကိုလိုနီသမိုင်းပညာရှင်များ၏ Divide and Rule ဝါဒ

၁၉၂၀ ကောလိပ်သပိတ်ခေါင်းဆောင်
ရှေးဟောင်းသုတေသီ မြန်မာစကားပညာရှင်

ဦးဖိုးလတ်

(၃ ဒီဇင်ဘာ ၁၈၉၆-၃၀ဩဂုတ် ၁၉၆၅)

မောင်မောင်ဟန် (အေးရှာ)

ထွက်ပြီ

ဖြန့်ချိရေး
ထွန်းဦးစာပေ၊ အမှတ် (၁၀၁)၊ ၈၄လမ်း၊ (၂၉/၃၀လမ်းကြား)၊
မန္တလေး ဖုန်း-၀၂-၃၉၈၀၁၊ ၃၉၈၉၁၊ ၇၂၅၁၈၊ ၇၃၅၀၂
၁၆၇၊ မြေညီထပ်၊ ၃၅လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ပဋ္ဌာန်းစာအုပ်တိုက် ဖုန်း-၀၁-၃၇၇၀၆၁

ပင်ရင်း။ မိုးတားစာပေ၊ အခန်း 6B,တိုက် ၃၅၊ ရှင်စောပုဘုရားလမ်း၊ စမ်းချောင်း၊ ရန်ကုန်၊ ဖုန်း-၀၉-၃၁၀၅၉၈၆၁

Five 'O' Two (Sale & Service)

လူကြီးမင်းတို့၏ အိမ်သုံး Hotel, Motel, Inn နှင့် စက်ရုံသုံး Air Con အမျိုးမျိုးတို့ကို ပြုပြင်၊ တပ်ဆင်၊ ဆေးကြော၊ ရောင်းဝယ်ခြင်းများကို အထူးညှိနှိုင်းဈေးနှုန်းဖြင့်ဝန်ဆောင်မှု ပြည့်ဝစွာပေးပါမည်။ Five 'O' Two Engineering Group မှ Air Con Brand အမျိုးမျိုးများကို Dailer ဈေးနှုန်းမှန်ကန်စွာ ရောင်းချပေးနေပြီး ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ရောင်းဝယ်ခြင်းများကိုလည်း ဆောင်ရွက်ပေးပါသည်။

ဖုန်း-၀၉-၄၃၀၅၂၃၅၇၊ ၀၉-၄၂၀၁၄၀၂၃၁

အောက်ဆီဂျင်ဇီဝိတဒါနကုသိုလ်ပြုအဖွဲ့များတွေ့ဆုံပွဲ

မြန်မာပြည်အရပ်ရပ်ရှိ အောက်ဆီဂျင်လှူဒါန်းမှုပြုနေသော အသင်းများ အောက်ဆီဂျင်ပိုမိုလှူဒါန်းနိုင်ရေးအတွက် အသင်းများနီးနှောဖလှယ်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်နိုင်ရန်အတွက် အောက်ပါဖုန်းနံပါတ်များသို့ ၃၀-၁၁-၂၀၁၃ ရက် နောက်ဆုံးထားဆက်သွယ်အကြောင်းကြားပါရန် လေးစားစွာအသိပေးအပ်ပါသည်။

ဦးတင့်လွင် (O_2အဖွဲ့)	ဖုန်း-၀၉-၄၂၁၀၈၇၄၀၉
ဦးကြည်လွင် (O_2အဖွဲ့)	ဖုန်း-၀၉-၄၉၃၄၅၅၈၄
ဦးသန်းဇော် (O_2အဖွဲ့)	ဖုန်း-၀၉-၄၂၁၀၉၃၃၉၀
ဦးသိန်းဦး (မာဃအဖွဲ့)	ဖုန်း-၀၉-၅၀၅၈၇၇၁
ဦးဉာဏ်မင်းထွန်း (မာဃအဖွဲ့)	ဖုန်း-၀၉-၅၁၈၈၉၃၆
လေပြေညှင်းအဖွဲ့	ဖုန်း-၀၉-၄၄၈၀၁၁၇၂၄

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၈၃-၈၆)
မြို့ပြအင်ဂျင်နီယာကျောင်းသားကျောင်းသူများ
ဒသမအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဘာသာရပ်အား ၁၉၈၃ခုနှစ်တွင် တက်ရောက်ခဲ့ပြီး မည်သည့်နှစ်တွင် ဘွဲ့ရခဲ့သည်ဖြစ်စေနှင့် ၁၉၈၆ခုနှစ်တွင် ဘွဲ့ရခဲ့သူများ မည့်သည့်နှစ်တွင် စတင်ဝင်ရောက်ခဲ့သည်ဖြစ်စေတို့၏ ဒသမအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ဂါရဝပြုကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်/အချိန် - ၇-၁၂-၂၀၁၃ရက် (စနေနေ့)၊ ညနေ ၅း၃၀ နာရီ

ကျင်းပမည့်နေရာ - ပန်ဒါဟိုတယ်၊ ပုလဲခန်းမ၊ မင်းရဲကျော်စွာလမ်း

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

17-11 (17).pmd 1 11/16/2013, 10:28 AM

မှုခင်းသတင်းနှင့်ဆောင်းပါး

စိတ်ကြွရူးသွပ်ဆေးပြားသိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၆

အမှတ် (၁၀၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (နေပြည်တော်)နှင့် အမှတ်(၂၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မူဆယ်)မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီက ရှမ်းပြည်နယ် နမ့်ခမ်းမြို့ ရပ်ကွက်(၁၄)နေ အားရန် (၂၂နှစ်)အား ၎င်း၏ အိမ်ရှေ့တွင် ဆိုင်ကယ်နှင့်အတူတွေ့ရှိ၍ ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ ရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ WY စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀ တန်ဖိုးငွေကျပ် ၃၉ ဒသမ ၆ သိန်းကို သိမ်းဆည်းရမိခဲ့သဖြင့် အားရန်အား နမ့်ခမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(အပေါ်ပုံ)**

ရဲပြန်ကြား

မူးယစ်ဆေးဝါးရောင်းသူ အမျိုးသမီးအားဖမ်းဆီး

ဗန်းမော် နိုဝင်ဘာ ၁၆

နိုဝင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီခန့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၁) ဗန်းမော်မှ ရဲအုပ်အောင်ဆန်းမိုးနှင့်အဖွဲ့သည် မူးယစ်မှုတရားခံပြေး ဂျန်မာလဂျာသည် ဗန်းမော်မြို့နယ် သာစည်ကျေးရွာတောင်ဘက် စစ်မှုထမ်းဟောင်း ကျွန်းစိုက်ခင်းအတွင်း ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ရှာဖွေခဲ့ရာ ဂျန်မာလဂျာအား ချုံတောစပ်တွင်တွေ့ရှိပြီး ၎င်းလွယ်ထားသော ခါးပတ်အိတ်အတွင်းရှိ မှတ်စုစာအုပ်ထဲမှ ပလတ်စတစ်အိတ်အကြည်ဖြင့် ထည့်လျက် WY စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား ကိုးပြား အလေးချိန် ဝ ဒသမ ၉ ဂရမ်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ တစ်ထုပ်ကို မကိန်နန်ထံ ရောင်းချခဲ့ပြီး ယခုလက်ဝယ်တွေ့ရှိ ဆေးပြားများမှာ မိမိသုံးစွဲရန်အတွက် မကိန်နန်ထံမှ ၁၄ ပြား ပြန်လည်ဝယ်ယူသုံးစွဲပြီး ကျန်ရှိပစ္စည်းဖြစ်ကြောင်း သိရသည်။

ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ဖမ်းဆီးရေးအဖွဲ့သည် အမှုကွင်းဆက်ဖြစ်သည့် မကိန်နန်၏ အိမ်အမှတ် (ခလ/၄၄) သို့ ဝင်ရောက်ရှာဖွေရာ မကိန်နန်၏ အိပ်ရာနံဘေးရှိ အဝတ်ခြင်းထဲမှ အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်း၌ ပလတ်စတစ်အိတ်အကြည်ဖြင့်ထည့်လျက် WYစာတန်းပါ အနီရောင်စိတ်ကြွရူးသွပ် ဆေးပြား ခြောက်ပြားပါ ငါးထုပ်နှင့် စိတ်ကြွရူးသွပ်ဆေးပြားကိုးပြားပါ သုံးထုပ် စုစုပေါင်း ၅၇ ပြား၊ အလေးချိန် ၅ ဒသမ ၇ ဂရမ်ထပ်မံတွေ့ရှိရသဖြင့် ဗန်းမော်မြို့နယ် ခူးလီကျေးရွာနေ ဂျန်မာလဂျာ (၃၂ နှစ်)နှင့် မကိန်နန် (၃၃နှစ်) တို့အား ဗန်းမော်မြို့မ ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မင်းတံတားသား**

တိုက်ကြီးမြို့နယ်တွင် အကြွေးတောင်းသည့်ကိစ္စကို မကျေမနပ်ဖြစ်ကာ လူသတ်မှုဖြစ်ပွား

တိုက်ကြီး နိုဝင်ဘာ ၁၆

တိုက်ကြီးမြို့နယ် ကတိုင်စိန်ကျေးရွာအုပ်စု ဆောက်ဝိုင်းကြီးကျေးရွာနေ ကိုလှမ်းမိုးအောင်သည် တော်လတီကျေးရွာတွင် ရေတုံကင်တူးသည့်လုပ်ငန်းကို ညအိပ်သွားရောက်လုပ်ကိုင်နေရာမှ ၎င်း၏ ဇနီးဖြစ်သူ မတင်တင်ဝင်းသည် နေအိမ်တွင် ဒဏ်ရာများဖြင့် လဲကျနေကြောင်း နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီခန့်တွင် ကြားသိရ၍ သွားရောက်ကြည့်ရှုခဲ့ရာ နေအိမ်တွင်ဇနီးဖြစ်သူမှာ ဦးခေါင်းနောက်စေ့၊ မျက်နှာဝဲ/ယာ၊ လက်တို့တွင် ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ခဲ့ရသည်။

ဖြစ်စဉ်မှာ မတင်တင်ဝင်းက အိမ်နီးချင်းနေ ကိုတင်အုန်းလေးထံ ငါးဖမ်းပိုက်ဖိုးငွေ အကြွေးတောင်းသည့်ကိစ္စကို မကျေမနပ်ဖြစ်ကာ တင်အုန်းလေးက မတင်တင်ဝင်းကို ထင်းခုတ်ဓားမဖြင့် ခုတ်သောကြောင့် ဒဏ်ရာရ သေဆုံးခြင်းဖြစ်ကြောင်း သိရ၍ တင်အုန်းလေးကို အရေးယူပေးရန် ကိုလှမ်းမိုးအောင်က တိုင်တန်းသဖြင့် ကတိုင်စိန်နယ်မြေ ရဲစခန်းက အမှုဖွင့်ပြီး တင်အုန်းလေးကို ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း (SP)

ဝိုင်းမော်မြို့နယ်တွင် ဘိန်းဆီခဲများသိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၆

ကချင်ပြည်နယ် အမှတ် (၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မြစ်ကြီးနား)မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီက ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၊ နန့်ဝါရွာထိပ် ဝိုင်းမော်-ဝါရှောင်လမ်း၊ ဝါရှောင်ရွာဘက်မှ ဝိုင်းမော်မြို့နယ် ဆဒုံးမြို့နယ်ခွဲ ရပ်ကွက်(၅)နေ ဝေါ်ဆာ(၄၁နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ ဆိုင်ကယ်ဒူးကာ၊ ဘေးကာ၊ တူးဘောက်နှင့် ဆီတိုင်ကီများအတွင်းမှ ဘိန်းဆီခဲအလေးချိန် ၂ ဒသမ ၁၄၄ ကီလို၊ တန်ဖိုးငွေကျပ် ၃၂ ဒသမ ၁၆သိန်း ငွေကျပ် ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ဝေါ်ဆာအား ဝိုင်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရဲပြန်ကြား

စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

မြိတ် နိုဝင်ဘာ ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၄)နယ်မြေ ရဲကင်းမှတပ်ဖွဲ့ဝင်များ၊ မြိတ်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီက မြိတ်မြို့ ကြောင်ငယ်ရပ်ကွက် မင်္ဂလာလမ်းနေ ဟန်လင်းအောင် (ခ)ဟန်လင်းသည် မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲနေကြောင်းသတင်းအရ ဝင်ရောက်ရှာဖွေရာ အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်အတွင်း ထည့်လျက် WY စာတန်းပါပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၉၉၇ ပြား စုစုပေါင်းအလေးချိန် ၉၉.၇ ဂရမ်၊ ဒေသပေါက် ဈေးတစ်ပြားလျှင် ၅၀၀၀ နှုန်းဖြင့် ကာလတန်ဖိုးကျပ် ၄၉၈၅၀၀၀ခန့်ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် မြိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

ကော့သောင်းမြို့တွင် ဘိန်းစာမှုန့်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၆

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ဂျလန်းကျွန်းရွာသို့ မသင်္ကာဖွယ်လှေတစ်စင်း ရောက်ရှိလာကြောင်း သတင်းအရ နိုဝင်ဘာ ၁၃ ရက် ညနေ ၅ နာရီခွဲက နယ်မြေခံတပ်မှ တပ်မတော်သားများ သွားရောက် ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေစဉ် လှေပေါ်ရှိလှေသားများမှာ ရွာအတွင်းသို့ ထွက်ပြေးလွတ်မြောက်သွားပြီး လှေပေါ်ရှိ ဆာလာအိတ်လေးအိတ်အတွင်းမှ တစ်ထုပ်လျှင် ၈၀ ဂရမ်စီပါ ဘိန်းစာမှုန့် ၉၄၀ ထုပ်၊ အလေးချိန် ၇၅ ဒသမ ၂ ကီလို တန်ဖိုးငွေကျပ် ၁၁၂ ဒသမ ၈ သိန်းကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး အမှတ်(၃၄)မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကော့သောင်း)သို့ လာရောက်အပ်နှံခဲ့သောကြောင့် ကော့သောင်းမြို့မ ရဲစခန်းက အမှုဖွင့်ကာ ထွက်ပြေးသူများအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ရဲပြန်ကြား



ဦးလေးဖြစ်သူနှင့် စကားများရာမှ ဓားဖြင့်ထိုး

နေပြည်တော် နိုဝင်ဘာ ၁၆

ရေစကြိုမြို့နယ် ပခန်းကြီးအုပ်စု ရွာသာကျေးရွာနေ ရင်ဝင်း (၃၀နှစ်) သည် နိုဝင်ဘာ ၁၀ ရက် ည ၈ နာရီခွဲခန့်က တစ်ရွာတည်းနေ ဦးလေးတော်သူ စိန်ဝင်း (၅၈ နှစ်)နှင့် ရွာလယ်လမ်းမပေါ်တွင် တစ်ယောက်တစ်ခွန်းစကားများကြရာမှ ဓားဖြင့်ထိုးသောကြောင့် ရင်ဝင်း၏ ယာဘက်လည်ပင်းထိုးသွင်းဒဏ်ရာတစ်ချက်ရရှိခဲ့သဖြင့် စေတုတ္တရာရဲစခန်းသို့ တိုင်ကြားခဲ့ရာ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

Government High School နှင့် အထက(၁)၊ စစ်တွေ

အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲဖိတ်ကြားလွှာ ၂၇-၁၁-၂၀၁၃ ရက် (အမျိုးသားနေ့)

အသက် (၆၀)ပြည့်ပြီး ဆရာ ဆရာမကြီးများအား ပူဇော်ပွဲနှင့် သက်ကြီးကျောင်းသားကျောင်းသူများအား ဂါရဝပြုတွေ့ဆုံပွဲကို အောက်ပါအတိုင်း စီစဉ်ကျင်းပပါမည်။ သို့ဖြစ်ပါ၍ အထက(၁)တွင် ပညာသင်ဖူးသူတိုင်း ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(၄၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ (စစ်တွေ)

ဝေသာလီခန်းမ၊ အထက(၁)စစ်တွေ
နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ ၂၇-၁၁-၂၀၁၃ရက် (အမျိုးသားနေ့)

(၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ (ရန်ကုန်)

ဓမ္မဝတီသာသနာပြုကျောင်းတိုက်၊ ဦးထောင်ဗိုလ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ၂၇-၁၁-၂၀၁၃ရက် (အမျိုးသားနေ့)

ဆက်သွယ်ရန် -

စစ်တွေတွင် - ဦးစိန်ဝင်း ဖုန်း-၀၄၃-၂၁၉၂၀၊ ဦးထွန်းစံအောင် ဖုန်း-၀၄၃-၂၁၉၅၄၊ ဒေါ်စောစောဝင်း ဖုန်း-၀၄၃-၂၁၄၄၃

ရန်ကုန်တွင် - ဒေါ်မာလာကြည် ဖုန်း-၀၉-၇၃၁၅၄၃၁၃၊ ဦးဘသိန်းခိုင် ဖုန်း-၀၉-၇၃၀၇၅၂၆၁၊ ဒေါ်မြသိန်း ဖုန်း-၀၉-၅၁၉၂၄၂၆၊ ဦးစောမြင့်(စောစော) ဖုန်း-၀၉-၅၁၈၈၉၇၉၊ ဦးစံသာအောင် ဖုန်း-၀၉-၅၁၅၀၀၉၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)

ချမ်းမြသာစည်မြို့နယ်တရားရုံး နယ်တရားမရုံး၌

၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၆၃

ဦးဝင်းမောင်	**နှင့်**	ဦးသီဟန်ထွန်း
တရားလို		**တရားပြိုင်**

မင်းခံမြို့၊ ရပ်ကွက်(၂)၊အမှတ် ၁၅၀နေ တရားပြိုင် ဦးသီဟန်ထွန်း သိစေရမည်။

သင့်အပေါ်၌ အကွက် ဖဖ-၇၊ ဦးပိုင် ၃၀ ဂရန်မြေ၏ လက်ရှိပိုင် တရားလိုဖြစ်သူ ဦးဝင်းမောင်က ဆိုင်သူဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးနီထွန်းဦး
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့

ဖြူးမြို့၊ အထက(၁)၊ (အမျိုးသားကျောင်း-၁၉၂၀)၏

မြတ်ဆရာပူဇော်ပွဲ

ဖြူးမြို့၊ အထက(၁)၊ (အမျိုးသားကျောင်း-၁၉၂၀)၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက် နံနက် ၈း၃၀ နာရီတွင် ယင်းကျောင်း၏ အမျိုးသားကျောင်းဆောင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ယင်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၃၁-၁၂-၂၀၁၃ ရက်တွင် အသက်(၆၂)နှစ်ပြည့်ပြီးသော ဆရာကြီး ဆရာမကြီး ဦးရေ ၁၃၅ ဦးကျော်အား အသက်(၇၁)နှစ်နှင့် (၇၁)နှစ်အထက် ဆရာကြီး ဆရာမကြီးတစ်ဦးလျှင် ၁၀၀၀၀ဝိ/-(ကျပ်တစ်သိန်းတိတိ)စီ၊ အသက် (၇၀)နှင့် (၇၀)အောက် ဆရာကြီး ဆရာမကြီးတစ်ဦးလျှင် ၇၀၀၀ဝိ/- (ကျပ်ခုနစ်သောင်း)စီ ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံပါရန်နှင့်ဆက်သွယ်လှူဒါန်းလိုပါက အောက်အမည်ပါ ကျောင်းသားဟောင်းများထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည့်အပြင် ဖြူးမြို့ မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းအမှတ် SF 718၊ ဖြူးမြို့ AGD ဘဏ် ငွေစာရင်းအမှတ် 3061220004943၊ ဖြူးမြို့ MLFD ဘဏ် ငွေစာရင်းအမှတ် 0531220001347 သို့ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။ ရန်ကုန်မြို့မှ ဖြူးမြို့သို့ အသွားအပြန် သီးသန့်မော်တော်ယာဉ် စီစဉ်ထားပါသဖြင့် လိုက်ပါလိုသူများသည် ဖုန်း-၀၁-၆၆၀၁၃၁၊ ၀၉-၇၃၀၁၂၇၈၉၊ ၀၉-၅၁၇၈၂၅၄ တို့သို့ ၉-၁-၂၀၁၄ ရက်ထက်နောက်မကျစေဘဲ စာရင်းပေးသွင်းကြပါရန်နှင့် ရပ်ဝေးမှ ဆရာကြီး ဆရာမကြီးများအနေဖြင့် ဖုန်း-၀၉-၄၉၂၈၁၂၂၀ သို့ ဆက်သွယ်ကြပါရန်လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

ဦးအင်းရှောက် ဖုန်း-၀၉-၄၄၈၀၁၂၂၄၉၊ ဦးမောင်မောင်ဌေး ဖုန်း-၀၉-၄၉၂၈၁၂၂၀၊ ဦးညွန့်ဝေ ဖုန်း-၀၉-၄၉၃၀၅၇၃၃၊ ဦးသက်ထွန်း ဖုန်း-၀၉-၆၃၀၇၁၃၂၊ ဦးသက်နိုင် ဖုန်း-၀၉-၈၆၆၆၀၈၉၊ ဦးထွန်းအေး ဖုန်း-၀၉-၆၃၀၇၀၅၅၊ ဦးအောင်အောင် ဖုန်း-၀၉-၅၃၉၀၃၈၃၊ ဒေါ်ဌေးဌေးမြင့် ဖုန်း-၀၉-၄၂၃၆၉၇၉၇၊ ဒေါ်စန္ဒာထွန်း ဖုန်း- ၀၉-၂၀၃၃၂၂၉

အများသိစေရန် ကြေညာအပ်ပါသည်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၇လမ်း၊ တိုက်အမှတ်(၅)၊ မြေညီထပ်နှင့်ပထမထပ်အား အမည်ပေါက်ဦးယော်ဟိုဟိုက် LTA-၀၈၂၅၉ မှ ဒေါ်ဖြူဖြူခိုင် ၁၂/လသန(နိုင်)၀၀၁၄၁၅ အား ၁၆-၆-၂၀၁၃ရက်တွင် ၎င်းမြေညီထပ်နှင့်ပထမထပ်အား မေတ္တာဖြင့် ဒေါ်ဖြူဖြူခိုင်အား အမည်ပေါက် လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ပါသည်။

ယင်းတိုက်ခန်းကိစ္စနှင့် ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မေတ္တာဖြင့် လွှဲပြောင်းပေးအပ်ခြင်းခံရသူ ဒေါ်ဖြူဖြူခိုင်မှ တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးယော်ဟိုဟိုက်
LTA-၀၈၂၅၉

နယ်သတင်းနှင့်ဆောင်းပါး

ရေစကြိုမြို့နယ် ငါးမြှားကြီးကျေးရွာ မြစ်ကမ်းပါးပြိုကျ၍ လူနေအိမ်များ ဖျက်သိမ်းထားရှိ

ရေစကြို နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ငါးမြှားကြီးကျေးရွာသည် မြစ်ကမ်းပါးများ ပြိုကျမှုများကြောင့် လူနေအိမ်များဖျက်သိမ်းထားရှိနေရသည်။

ယင်းကျေးရွာသည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ ကျွန်းတစ်ခုပေါ်တွင် နှစ်ပေါင်းများစွာ ရွာတည်လာခဲ့ပြီး အောက်တိုဘာလအတွင်း ချင်းတွင်းမြစ်ရေ ကြီးမြင့်မှုများကြောင့် ကမ်းပါးများပြိုကျလာရာ လူနေအိမ်များဖျက်သိမ်း၍ လွတ်ကင်းရာနေရာများတွင် စုပုံထားရှိရကြောင်း၊ ကျေးရွာရှိ အိမ်ခြေ ၁၇၉ အိမ်မှ ၆၂ အိမ်အား ဖျက်သိမ်းထားပြီးဖြစ်ကြောင်း၊ ကျေးရွာ၏ မြောက်ဘက်အစွန်တွင်ရှိသော ဘုန်းတော်ကြီးကျောင်းသည် မြစ်ကမ်းပါးနှင့် ပေ ၁၀၀ ခန့်သာ နီးကပ်နေကြောင်း ဒေသခံပြည်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

မကွေးတိုင်းဒေသကြီး အစိုးရဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၂ ရက်က အဆိုပါကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ ပြည်သူလူထုနှင့်တွေ့ဆုံကာ ကျေးရွာ ပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် မြေနေရာဝယ်ယူရန် နိုင်ငံတော်မှ ထောက်ပံ့လှူဒါန်းငွေ ကျပ် သိန်း ၁၅၀ အား မတည်ကာ ကျေးရွာလူထု ထည့်ဝင်ငွေများဖြင့် မြေဧက ၁၂ ဧက ဝယ်ယူရေးညှိနှိုင်းဆွေးနွေးခဲ့သည်။ ကျေးရွာသစ်တည်ပြီးပါက တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများနှင့် ကျေးရွာသမဝါယမအသင်းစုအဖွဲ့များ ဖွဲ့စည်းကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ တိုင်းဒေသကြီး မြစ်ချောင်းဖွံ့ဖြိုးဦးစီးဌာနမှလည်း ယခုကျန်ရှိသည့်မြေနေရာများ ကမ်းပါးပြိုကျမှုမရှိစေရေးအတွက် ငါးမြှားကြီးကျေးရွာ၏ အထက်ဘက်ရှိ ငါးလန်တာကျေးရွာအနီးမှစ၍ ယာယီ ရေကာတာများ တည်ဆောက်ပေးမည်ဖြစ်ကြောင်း၊ ရေကာတာများတည်ဆောက်ထားရှိပါက ဆင်ခြေလျှောသဲခုံများ ပေါ်ထွန်းလာပြီး ကမ်းပါးပြိုကျမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်းရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

တင်ထွန်းဦး

တိရစ္ဆာန်အတွက် အာဟာရသင်တန်း ညောင်လေးပင်၌ဖွင့်

ညောင်လေးပင် နိုဝင်ဘာ ၁၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညောင်လေးပင်မြို့နယ်ရုံးမှ ကြီးမှူးကျင်းပသော မြို့နယ်အတွင်းရှိ မွေး/ကု ကျေးလက်လူငယ်များအား တိရစ္ဆာန်အတွက် အာဟာရသင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီက မြို့နယ်တိမွေးကု ရုံး၌ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ညောင်လေးပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ် ဦးစီးအရာရှိ ဒေါက်တာဆန်းဝေဖြိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းတွင် တိရစ္ဆာန်များကို ကျွေးမွေးရမည့် အာဟာရအကြောင်းများနှင့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ၊ ကာကွယ်ထိန်းချုပ်နည်းများကို အဓိက သင်ကြားပို့ချမည် ဖြစ်သည်။ **(အပေါ်ပုံ)**

သင်တန်းသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိ မွေး/ရေ ကျေးလက်လူငယ်၄၉ဦး တက်ရောက်ကြပြီးသင်တန်းကာလမှာ ရက်သတ္တပတ်တစ်ပတ်ကြာမြင့်မည် ဖြစ်သည်။ယခုသင်တန်း ဖွင့်လှစ်ရခြင်းကြောင့် ကျေးလက်ဒေသရှိ တောင်သူများ အနေဖြင့် နွေရာသီ တိရစ္ဆာန်များအတွက် အာဟာရ ရှားပါးချိန်တွင် အာဟာရဖြစ်စေနိုင်သော မြက်ချဉ်ဖတ်၊ကောက်ပိုးချဉ်ဖတ်များပြုလုပ်၍ အာဟာရဖြည့်တင်းရရှိနိုင်မည်ဖြစ်သည့်အပြင် အာဟာရအတွက် ကုန်ကျစရိတ် သက်သာ၍ ဝင်ငွေတိုးပွားရရှိကာ တိရစ္ဆာန်များ ရောဂါကာကွယ်ရေးအတွက်ပါ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

(၁၃၈)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ကျေးရွာချင်းဆက်မြေသားလမ်း ပြုပြင်မွမ်းမံ

လယ်ဝေး နိုဝင်ဘာ ၁၆

ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကျေးရွာနေပြည်သူများ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကာ နေပြည်တော်ကောင်စီဝင်၊ လယ်ဝေးမြို့နယ်တာဝန်ခံ ဦးမြင့်ဆွေ ဦးဆောင်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက လယ်ဝေးမြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု၊ ပင်သောင်ကျေးရွာအုပ်စုနှင့် သာဝတ္တိကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်မြေသားလမ်းကို ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(ဝဲပုံ)**

အဆိုပါလမ်းသည် အရှည်ပေ ၁၀၀၀၀၊ အကျယ် ၂၄ ပေရှိပြီး ယခင်လမ်းဟောင်းကိုထပ်မံ၍ပြုပြင်ကာ မြေဖို့ခြင်းဖြင့် မော်တော်ယာဉ်များပါသွားလာနိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။ ယခုကဲ့သို့ ကျေးရွာချင်းဆက်လမ်း ပိုမိုကောင်းမွန်လာခြင်းဖြင့် သွားလာရေးခက်ခဲသည့်အလယ်ကျွန်း ကျေးရွာအုပ်စုအတွင်းမှ ဆီဆုံကုန်း၊တံတားကြီး၊ သစ်ခေါက်ခွ၊ ကြို့တန်း၊ လက်ပန်တန်းရွာများနှင့် ပင်သောင်ကျေးရွာအုပ်စုအတွင်းမှ သစ်ကိုးပင်၊ သရက်ချောင်းစသည့်ရွာများမှ ကျေးလက်နေပြည်သူများအနေဖြင့် အဆိုပါ လမ်းမကြီးမှတစ်ဆင့် သာဝတ္တိကျေးရွာအုပ်စု(ရန်ကုန်-မန္တလေး)လမ်းမကြီးပေါ်သို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

ကလေးမြို့ အမှတ်(၁၅) အမကကျောင်းတွင် အာဟာရနို့ချိုတိုက်ကျွေး

ကလေး နိုဝင်ဘာ ၁၆

ကလေးသူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံတော်၏ အကျိုးစီးပွားများကို သယ်ပိုးဆောင်ရွက်ကြမည့် အနာဂတ်၏ မျိုးဆက်သစ်ကြယ်ပွင့်ကလေးများ ဖြစ်ကြသည်နှင့် အညီ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကျန်းမာသန်စွမ်းမှုရှိကြရန် မိဘပြည်သူများနှင့် ဆရာ ဆရာမများက အနီးကပ်ပြုစုပျိုးထောင်ရန် တာဝန်ရှိကြသည်။

ယင်းသို့ ကလေးမြို့ ညောင်ပင်သာရပ်ကွက် အင်းယားကုန်းနယ်မြေရှိ အမှတ်(၁၅)အမက ကျောင်းတွင် နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀နာရီက ကျောင်းသား ကျောင်းသူကလေးငယ်များအား အာဟာရ နို့ချို(နွားနို့)နှင့် ကြက်ဥကို အလှူရှင်မိသားစုနှင့် ဆရာ ဆရာမများက တိုက်ကျွေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အာဟာရနို့ချို (နွားနို့) တိုက်ကျွေးခြင်းသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ပညာရေးဌာနနှင့် ပြည်သူ့ဆေးရုံမှ ဖိတ်ကြားထားသူ ဌာနဆိုင်ရာအကြီးအကဲများ ရပ်ကွက်အထောက်အကူပြု ကော်မတီနှင့် ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ တက်ရောက် အားပေးကြသည်။

ယင်းအာဟာရနို့ချို (နွားနို့) တိုက်ကျွေးခြင်းကို ခြောက်လအထိ ဗုဒ္ဓဟူးနေ့တိုင်း တိုက်ကျွေးမည်ဖြစ်ကြောင်း ကျောင်းအုပ် ဆရာကြီးထံမှ သိရသည်။

(ဂျူနိုင်း)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက် ၁၂၆၊ မြေကွက်အမှတ် ၅၆၊ မြေချပါမစ်၊ ပေ(၄၀×၆၀)ရှိမြေကို အမည်ပေါက် ဦးမြင့်သိန်း ၁၂/သကတ(နိုင်)၁၀၈၆၁၂ ပိုင်ရေးဆိုင်ခွင့်ရှိသူ ဦးစိုးမြင့်လွင် ၉/တသန(နိုင်) ၁၅၀၃၉၁က ရောင်းချရန် စကားကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မှာလည်း ဝယ်ယူလိုပါသဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူ မရှိပါက တည်ဆဲဥပဒေအရ အရောင်းအဝယ်ဆက်လက် ဆောင်ရွက်သွားပါမည်။

ဦးဇော်မြင့် ၁၂/ဥကတ(နိုင်)၀၀၅၂၀၆
ဖုန်း-၀၁-၅၇၈၂၈၄

၄-၁၀-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၁ တွင် သွာနုတ္တသားသမီးများအဖြစ် အများသိစေရန်ကြေညာခြင်းခေါင်းစဉ်ဖြင့် ဦးထွန်းရွှေ ၁၀/ခဆန(နိုင်)၀၀၂၀၅၅ ၏ ကြေညာချက်အား

ပြန်လည်ရှင်းလင်းကြေညာခြင်း

ဦးထွန်းရွှေ၏သားသမီးများဖြစ်ကြသော ဒေါ်တင်တင်လှ CZN-၁၁၇၃၇၈၊ ဦးစံသောင်း CZN-၁၃၀၂၂၇၊ ဦးစံလှ CZN-၁၃၄၂၅၉နှင့် ဦးသိန်းထွန်းတင်(ခ)မောင်မောင် CZN-၁၄၆၁၄၆ မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့တွင်နေထိုင်သူတို့ကအောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

အထက်ပါဦးထွန်းရွှေ၏ကြေညာချက်မှာ မှန်ကန်ခြင်းမရှိဘဲ ဖခင်ဦးထွန်းရွှေနှင့် အနီးကပ်နေထိုင်သူ သားဦးငွေအေး၏ သွေးဆောင်ဖြားယောင်းမှုကြောင့် အသက်(၈၅)နှစ်ခန့်ရှိပြီးဖြစ်သူ ဦးထွန်းရွှေက မဟုတ်မမှန်ကြေညာခြင်းသာဖြစ်ပါသည်။ ဦးငွေအေးက ညီအစ်ကိုမောင်နှမများအပေါ် အမြဲတစေ ရန်လိုမုန်းထားစိတ်ဖြင့် ဖခင်အနားသို့ပင် ကြေညာစာပါ သားသမီးများက သွားလာခွင့်မရခဲ့သည့်အနေအထားတွင် မိဘများခွင့်မလွှတ်နိုင်သောလုပ်ဆောင်မှုများကို ကျူးလွန်ခဲ့ကြသည်ဟု ကြေညာခြင်းမှာလုံးဝမှန်ကန်ခြင်းမရှိဘဲ ကြေညာစာပါ သားသမီးများအနေဖြင့် ဖခင်ဦးထွန်းရွှေအပေါ် မည်သည့်ကျူးလွန်မှုမျိုးကိုမှ ကျူးလွန်ခဲ့ကြခြင်းမရှိပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

သမီး-ဒေါ်တင်တင်လှ
သား-ဦးသိန်းထွန်းတင်(ခ)မောင်မောင်

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၇၂-၁၉၇၈)ကျောင်းသား ကျောင်းသူဟောင်းများ၏ ဘွဲ့ရ(၃၅)နှစ်မြောက် ဧကာဒသမအကြိမ်

မိတ်ဆုံညစာစားပွဲ

ရန်ကုန်စက်မှုတက္ကသိုလ်တွင် ၁၉၇၂ မှ ၁၉၇၈ ခုနှစ်အတွင်း(၁၉၇၂ ခုနှစ်တွင် ကျောင်းဝင်၍ မည်သည့်နှစ်တွင်ကျောင်းပြီးသည်ဖြစ်စေ၊ မည်သည့်နှစ်တွင်မဆို ကျောင်းဝင်၍ ၁၉၇၈ ခုနှစ်တွင် ကျောင်းပြီးသည်ဖြစ်စေ)ပညာဆည်းပူးခဲ့ကြသော ဗိသုကာနှင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဘွဲ့ရ(၃၅)နှစ်မြောက် ဧကာဒသမအကြိမ် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ (၁၉၇၂-၁၉၇၈) ကျောင်းသား ကျောင်းသူဟောင်းများအား မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါကျောင်းသား ကျောင်းသူဟောင်းများထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျော်ဝင်း ဖုန်း-၀၉-၅၁၅၃၃၉၉၊ မြင့်ဆွေ ဖုန်း-၀၉-၅၁၈၆၅၄၅၊ မြတ်ငြိမ်း ဖုန်း-၀၉-၅၁၁၁၂၃၃၊ လှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ သန်းညွန့် ဖုန်း-၀၁-၇၀၁၇၇၃၊ အောင်လှချစ် ဖုန်း-၀၉-၅၀၀၅၀၅၈၊ လှလှမြင့် ဖုန်း-၀၁-၅၃၇၈၉၆၊ မကြည်ငွေ ဖုန်း-၀၁-၅၃၈၈၆၁၊ ခင်အုန်းမြင့် ဖုန်း-၀၉-၈၆၂၆၁၇၆

ကျင်းပမည့်နေ့ရက် - ၃၀-၁၁-၂၀၁၃ ရက်(စနေနေ့)
ကျင်းပမည့်အချိန် - ၁၈း၀၀ နာရီ
ကျင်းပမည့်နေရာ - Lion City Restaurant
ရေကြောင်းသိပ္ပံရှေ့၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်မြို့

အများသိစေရန်

ဦးခင်မောင်လွင် E/RGN-၀၂၁၁၉၆သည် မိသားစုဝင်တို့ သည်းမခံနိုင်လောက်အောင် စိတ်ဒုက္ခပေးနေ၍ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများနှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

မောင်နှမများကိုယ်စား ကြေညာသူ
ဦးခင်မောင်ချစ် ၁၂/ကတတ(နိုင်)၀၂၁၆၆၉
အမှတ် (၁၆၀)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်

လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာများအား ရုပ်သိမ်းကြောင်း

အများသိစေရန် ကြေညာခြင်း

